# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဖပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 15 May 2020 ၁၀၀၁၃


**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူသို့ အသိပေးပန်ကြားချက်
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)

၁။ Coronavirus Disease 2019(COVID–19) ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ(Pandemic)အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(World Health Organization–WHO)က ၁၁-၃-၂၀၂၀ ရက်နေ့တွင် သတ်မှတ်ကြေညာပြီးနောက် မြန်မာနိုင်ငံအတွင်း Coronavirus Disease 2019(COVID–19) ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးက ပြည်သူသို့ပန်ကြားချက်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးချက်များ အသီးသီးထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## COVID-19 ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအား မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့် ဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)

Coronavirus Disease 2019(COVID–19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထောက်အကူပြုဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုများပြုလုပ်ရန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာယူခြင်းလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မေ ၁၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ စည်ပင်ဧည့်ရိပ်သာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အထောက်အကူပြုဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုများပြုလုပ်ရန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုသည်။(ဓါတ်ပုံ)

**အသိပညာပေး**

ထိုသို့သွားရောက်စဉ်တွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ကျဝန်ထမ်းများကိုတွေ့ဆုံ၍ ဓာတ်ခွဲနမူနာရယူခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားကူးစက်မှုမရှိစေရေး လိုက်နာကျင့်သုံးရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာစစ်ဆေးခံမည့်သူများအား ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသော်လည်း ရောဂါပိုးကူးစက်ခံရမှု ရှိနေနိုင်သည်ကို အသိပညာပေးပြောကြားရမည် ဖြစ်ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○


C B BANK
Best Digital Bank 2020
By ASIAMONEY

အိမ်အပြင်ထွက်စရာမလိုဘဲ
CB Bank ၏ iBanking နှင့်
CB Pay တို့မှတဆင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို
ဆောင်ရွက်နိုင်ပါပြီ။

www.cbbank.com.mm
Contact Center : 01-231 777 0

ကြေးမုံ

# လွတ်လပ်မှုနှင့်အတူ တာဝန်ယူမှု၊ တာဝန်ခံမှု

ဒီမိုကရေစီခေတ်ကာလတွင် လွတ်လပ်မှုနှင့်အတူ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်သည်။ ယင်းအချက်သည် နယ်ပယ်အားလုံးနှင့် အကျုံးဝင်ပြီး ဒီမိုကရေစီခေတ်ကာလတွင်သာမက မည်သည့်ခေတ်ကာလတွင်မဆို အထူးလိုအပ်သောအချက် ဖြစ်ပါသည်။ လူတို့သည် လွတ်လပ်မှုကို အလိုရှိသူများ ဖြစ်ကြသည်နှင့်အညီ ထိုလွတ်လပ်မှုနှင့် ထိုက်တန်သော လျော်ကန်သင့်မြတ်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်သည်။

လွတ်လပ်ပြီဆိုပြီး မိမိတို့ထင်ရာမြင်ရာ လုပ်ချင်ရာလုပ်၍ ရမည်မဟုတ်ပေ။ ထင်ရာမြင်ရာ လုပ်ချင်ရာလုပ်လျှင် အကွပ်မရှိသည့်တောင်းကဲ့သို့ ပရမ်းပတာဖြစ်ပေလိမ့်မည်။ လွတ်လပ်ခြင်းသည် သူတစ်ပါး၊ အများပြည်သူ၊ နိုင်ငံတော်ကို မထိခိုက်ဖို့လိုသည်။ သို့ဆိုလျှင် စည်းကမ်းလိုက်နာသော လွတ်လပ်ခြင်းသာဖြစ်သင့်သည်။ ဥပဒေ၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များသည် အများပြည်သူ လုံခြုံချမ်းမြေ့စေရေးအတွက် ဘေးအန္တရာယ်ကင်းဝေးစေရန် စနစ်တကျ ထုတ်ပြန်ပေးထားသောအချက်များ ဖြစ်သည်။

ထုတ်ပြန်ထားသည့်အချက်များကို တိကျစွာလိုက်နာ၍ လွတ်လပ်စွာနေထိုင်ရခြင်းသည်သာ အားလုံးဘေးအန္တရာယ်ကင်းရှင်း၊ စိတ်ချမ်းမြေ့ခြင်းကို ဖြစ်စေနိုင်သဖြင့် မှတ်သားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသဖြင့် နိုင်ငံအလိုက် သင့်လျော်သလို ဆီလျော်လိုက်ဖက်မည့် ကန့်သတ်ထိန်းချုပ်မှုအမျိုးမျိုးကို ပြုလုပ်နေကြသလို ပြည်သူများကျပ်တည်းခက်ခဲမှုကို ပြန်လည်ကုစားပေးသောအားဖြင့် ဖြေလျှော့ပေးမှုတို့ကိုလည်း ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ယခုနှစ် မေလ ၁၅ ရက်နေ့အထိ အကျုံးဝင်သည့် ညွှန်ကြားချက်များကို ကနဦးထုတ်ပြန်ထားခဲ့ပြီး ယခုအခါ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို မေလ ၃၁ ရက်အထိ ရက်တိုးမြှင့်ခြင်းဖြင့် အခြေအနေနှင့် အချိန်အခါ ဆီလျော်အောင် စီစဉ်လိုက်ခြင်းဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ တစ်လကျော် နှစ်လနီးပါးကာလအတွင်း ပြည်သူများရောဂါကင်းဝေးအောင် လမ်းညွှန်ချက်များကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ထိုကာလတွင် ပြည်သူများ လူမှုစီးပွား ထိခိုက်နစ်နာမှု၊ နှောင့်နှေးကြန့်ကြာမှု၊ စိတ်ကျဉ်းကျပ်မှု၊ မလွတ်လပ်မှုများ ဖြစ်ခဲ့ကြသည်။ တစ်လ၊ နှစ်လ၊ သုံးလ မလွတ်လပ်မှု၊ စိတ်ကျဉ်းကျပ်မှု၊ အခက်အခဲဖြစ်မှုများကို အောင့်အည်းသည်းခံလိုက်ကြခြင်းဖြင့် ဒုက္ခဆင်းရဲအပေါင်းမှလွတ်မြောက်ကာ ပြန်လည် လွတ်လပ်ပြီး ပျော်ရွှင်ချမ်းမြေ့မှုတို့ကို ရရှိနိုင်မည်ဖြစ်သည်။ မလွတ်လပ်မှု၊ ကျပ်တည်းမှုတို့ကို သည်းမခံနိုင်၍ စည်းကမ်းမလိုက်နာဘဲ နေထိုင်ကြမည် ဆိုပါက ယခုလက်ရှိဆင်းရဲမှုအပေါင်းတို့ထက် ပိုမိုကြီးမားသော ဒုက္ခဆင်းရဲတို့နှင့် ကြုံတွေ့နိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် လုပ်ကိုင်ဆောင်ရွက်မှု၊ လွတ်လပ်မှုတို့ကို မည်သို့ပင် ဖြေလျှော့ဆောင်ရွက်ပေးသည်ဆိုသော်လည်း ရောဂါကာလ လုံးဝပြီးမြောက်သွားသည်အထိ မတတ်သာမှ ပြင်ပသို့ထွက်ခြင်း၊ ပြင်ပသို့ထွက်လျှင်လည်း လူစုလူဝေးရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေထိုင်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ နှာခေါင်း၊ ပါးစပ်တို့အား အအုပ်အဆိုင်းတပ်ဆင်ခြင်းတို့ကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများရောဂါဘေးကင်းရေး ဆောင်ရွက်ပေးနေသလို ပြည်သူများအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် တာဝန်ကျေပွန်သော နိုင်ငံသားကောင်းများ ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၃,၉၆၃ | ၄၁,၆၁၁,၅၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၇,၅၄၀ | ၂၇,၃၆၉,၅၅၀ |
| MCB | ၈,၃၀၀ | ၈,၂၀၀ | ၃ | ၂၄,၈၀၀ |
| FPB | ၂၃,၀၀၀ | ၂၄,၀၀၀ | ၁၆၆ | ၃,၉၀၂,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၈၆ | ၅၁၃,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၄

ရန်ကုန်(ရွှေဈေး) ၁၂၀၃၅၀၀ မန္တလေး(ရွှေဈေး) ၁၂၀၂၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၂၀/၄၈၅ ကျပ် | ၄၆၀/၄၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၆၅/၅၀၀ ကျပ် | ၅၂၅/၅၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၃၀/၃၆၀ ကျပ် | ၃၉၀/၄၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၀/၄၉၅ ကျပ် | ၄၇၅/၄၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၀၀/၄၁၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၁၀/၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၃၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၁.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၉၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၄၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၉၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၂.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၁.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

၂။ ထိုသို့ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူလူထုပူးပေါင်းအားဖြင့် Coronavirus Disease 2019(COVID–19) ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများအား တက်ညီလက်ညီ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် အတိုင်းအတာတစ်ရပ်အထိ ထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်(၅)ခုအား ဖြေလျှော့ခြင်းအပါအဝင် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တစ်ဆင့်ချင်း ဖြေလျှော့ပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် မြန်မာနိုင်ငံအတွင်း Coronavirus Disease 2019(COVID–19) ရောဂါကူးစက်ပျံ့နှံ့မှုများအား လုံးဝ ထိန်းချုပ်နိုင်ပြီဟု သတ်မှတ်၍ မရနိုင်သေးသဖြင့် ပြည်သူများမှ ဖြေလျှော့မှုအပေါ် ပေါ့ဆမှုမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ သတိပေးညွှန်ကြားချက်များကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် တိကျစွာ လိုက်နာဆောင်ရွက်သွားရန် အသိပေးပန်ကြားအပ်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်



# ဇဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၄**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးကြသည်။

**စိစစ်ဆောင်ရွက်**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေအပေါ် အခြားနည်း အသုံးပြုခွင့်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခွင့်ပြုပေးရမည် ဖြစ်သော်လည်း မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်မှုမဖြစ်ပေါ် စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်ငန်း လျော့ကျမှုမဖြစ်ပေါ်စေရေး တို့အတွက် မဖြစ်မနေခွင့်ပြုရမည့်ကိစ္စရပ်များတွင် အနည်းဆုံးလိုအပ်ချက်ကိုသာ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း လယ်ယာမြေများ လျော့နည်းလာမှုကို အစားထိုးပြင်ဆင်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၌ စိုက်ပျိုးမှုတည်ငြိမ်လာပါက စိုက်ပျိုးမြေအဖြစ် ပြောင်းလဲခြင်းအားဖြင့် အဆိုပါ ပျောက်ဆုံးသွားသည့် လယ်ယာမြေများကို အစားထိုးဆောင်ရွက်ပေးနိုင်သည့် သဘောရှိပါကြောင်း၊ ထို့အပြင် လယ်ယာမြေအပေါ် အခြားနည်းအသုံးပြုခွင့်မရရှိဘဲ ဆောင်ရွက်နေမှုများအား ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊

လယ်ယာမြေလုပ်ကိုင်မှု အငြင်းပွားမှု လုပ်ငန်းဆောင်ရွက်ချက်များ နှင့်ပတ်သက်၍ လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များတွင် ကြန့်ကြာမှုကိစ္စအပေါ် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်သူများထံ ပေးအပ်ထားသည့်အခွင့်အရေးနှင့် ရပိုင်ခွင့်များ လိုက်နာဆောင်ရွက်ဖွယ်ရာများကို ပြည်သူများသိရှိနိုင်ရန်အတွက် သတင်းစာ၊ မီဒီယာများမှတစ်ဆင့် ပြည်သူများထံ ပွင့်လင်းမြင်သာစွာကြေညာပြီး လယ်ယာမြေဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများအလိုက်တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံကိန်းလုပ်ငန်းများ၌ ပါဝင်သွားသည့် လယ်ယာမြေများအတွက် လျော်ကြေး၊ နစ်နာကြေး ပေးချေနိုင်ရေး ဆိုင်ရာ ကိစ္စ၊ တိုင်းဒေသကြီး ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက စိစစ်ထောက်ခံတင်ပြလာသည့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲများနှင့် စပ်လျဉ်းသည့်ကိစ္စ၊ စိုက်ပျိုးမှုတည်ငြိမ်လာသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား လယ်မြေအဖြစ် ပြောင်းလဲ သတ်မှတ်ပေးနိုင်ရေးကိစ္စ၊ လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၂၀ ပြည့်နှစ်)အရ ဆောင်ရွက်ရန်လုပ်ငန်းများနှင့် ထိုပြင်ဆင်သည့် ဥပဒေနှင့်အညီ ညွှန်ကြားချက်ထုတ်ပြန်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

○ **ပြည်သူ့လွှတ်တော်မှ**

ရောဂါကူးစက်မှုခံရပါက ကူးစက်မှုခံရပြီး ငါးရက်မှ ခုနစ်ရက်အတွင်းတွင် ရောဂါပိုး တွေ့ရှိနိုင်ခြေ အများဆုံးဖြစ်ပါကြောင်း၊ ဓာတ်ခွဲစစ်ဆေးရာတွင် ရောဂါပိုးမတွေ့ရှိရသော်လည်း ပေါ့ဆခြင်းမပြုဘဲ ရောဂါကူးစက်ခံရမှု မရှိစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆက်လက်လိုက်နာရန်မှာ အထူးအရေးကြီးသည်ကို မှာကြားစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်နှင့် မိမိ၏မိသားစု၊ မိတ်ဆွေများထံသို့ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများသည် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာရယူခြင်း လုပ်ငန်းများကို စနစ်ကျစွာ စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာရယူခြင်းများကို မေ ၁၃ ရက်တွင် လွှတ်တော်အထောက်အကူပြု ဝန်ထမ်းများအားလည်းကောင်း၊ မေ ၁၄ ရက်နှင့် ၁၅ ရက်တွင် လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

»» **ကျောဖုံးမှ**

ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

၃။ လက်ရှိအခြေအနေတွင် ရောဂါကူးစက်ပြန့်ပွားမှုနှင့် ကပ်ရောဂါဗေဒဆိုင်ရာ အချက်အလက်များကို သုံးသပ်ကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များသည် အပိုဒ် ၂ ပါ အချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရသဖြင့် ၁၅-၅-၂၀၂၀ ရက်နေ့ ၀၄:၀၀ နာရီအချိန်မှစတင်၍ ယင်းမြို့နယ်တွင် နေထိုင်သည့် ပြည်သူများ အနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည် –

(က) ရွှေပြည်သာမြို့နယ်၊
(ခ) လှိုင်သာယာမြို့နယ်၊
(ဂ) မင်္ဂလာဒုံမြို့နယ်၊
(ဃ) ဗိုလ်တထောင်မြို့နယ်၊
(င) ကလေးမြို့နယ်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

# COVID-19 ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြေညာစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
**အမိန့်အမှတ်(၅၁/၂၀၂၀)**
၁၃၈၂ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်
၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ** Coronavirus Disease 2019 (COVID-19)
**ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြေညာစာ**

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အများပြည်သူများအနေဖြင့် လူစုလူဝေးဖြင့် ကျင်းပပြုလုပ်ရမည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ရန်၊ ရုပ်ရှင်ရုံများ၊ ဘော်ဒါဆောင်များ၊ မူကြိုကျောင်းများ ဖွင့်လှစ်ခြင်းမပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီ၏ (၂၆-၄-၂၀၂၀) ရက်စွဲပါ အမိန့်အမှတ်(၄၀/၂၀၂၀)ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြေညာစာသည် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁၅) ရက်နေ့အထိ အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ဤအမိန့်ကြေညာချက်အား ထုတ်ပြန်သည့်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ (၃၁) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ



# အလုပ်သမားနှင့် အလုပ်အကိုင်အပေါ် COVID-19 ရောဂါ သက်ရောက်မှုများတုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၄**

အလုပ်သမားနှင့် အလုပ်အကိုင်အပေါ် Coronavirus Disease 2019 (COVID-19) ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနမှ video conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အလုပ်သမားဝန်ကြီးများ၊ အဆင့်မြင့်အလုပ်သမားအရာရှိကြီးများနှင့်အတူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့ ပါဝင်တက်ရောက်ပြီး ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder ကလည်း ညနေပိုင်းအစီအစဉ်တွင် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်က ကိုဗစ်-၁၉ ကပ်ရောဂါသက်ရောက်မှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အများပြည်သူကျန်းမာရေး၊ စီးပွားရေး၊ အထူးသဖြင့် ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ၌ ဆိုးရွားစွာခံစားကြရကြောင်း၊ လူအများ ကျန်းမာရေးနှင့် အသက်မွေးနေထိုင်မှုကို ထိန်းထားနိုင်ရန်နှင့် စီးပွားရေးပြန်လည်နာလန်ထူရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများက လက်တွဲတုံ့ပြန်ခဲ့ကြကြောင်း၊ ကိုဗစ်-၁၉ ကို တိုက်ထုတ်ရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကောင်းမွန်သောကျင့်သုံးမှုများ၊ အတွေ့အကြုံများနှင့်ရရှိသော သင်ခန်းစာများအပေါ် အခြေခံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ILO မှ COVID-19 Pandemic ကို တုံ့ပြန်ရေးအကဲဖြတ်ဆန်းစစ်ချက်ကိုကူပြီး ဆောင်ရွက်ပေးခြင်းအတွက် မိမိတို့ အာဆီယံနိုင်ငံများတွင် များစွာ အထောက်အကူရှိပါကြောင်း၊ မိမိတို့ အာဆီယံအနေဖြင့် ILO မှ ကူညီဆောင်ရွက်ပေးမည့် Post Pandemic recovery Plan ကပ်ရောဂါ ကာလလွန်မြောက်ပြီးနောက် ပြန်လည်ထူမတ်ရေးအစီအစဉ်ကို ရရှိနိုင်ရန် စောင့်မျှော်လျက်ရှိကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်သမားများအပေါ် ကိုဗစ်-၁၉ သက်ရောက်မှုများကိုတုံ့ပြန်မည့် သက်ဆိုင်ရာမူဝါဒများ၊ အစီအစဉ်များ၊ လူမှုအထောက်အပံ့များ အထူးသဖြင့် လုပ်ခလစာ/ဝင်ငွေ၊ အလုပ်အကိုင်၊ လုံခြုံရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများ အထူးသဖြင့် ဝင်ငွေနည်းပါးပြီး ပုံမှန်မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ထိခိုက်လွယ်သော ကဏ္ဍများတွင် လုပ်ကိုင်နေသည့် အလုပ်သမားများ၏ အခွင့်အရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ကူညီဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် အလုပ်ရပ်စဲခံနေရသည့် အလုပ်သမားများကို အလုပ်ရှင်မှ ထောက်ပံ့ကူညီပေးခြင်းနှင့် လူမှုဖူလုံရေးအထောက်အပံ့နှင့် အလုပ်လက်မဲ့ခံစားခွင့်များ ထောက်ပံ့ကူညီပေးနေသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အများပြည်သူသွားလာသည့်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လာသော ပြည်သူများအား quarantine centers အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၊ အားကစားရုံများ၊ သင်တန်းကျောင်းများနှင့် စာသင်ကျောင်းများ၊ အဖွဲ့အစည်းစင်တာများနှင့် တရားစခန်းများတွင် ဖွင့်လှစ်ထားရှိစေခြင်းတို့အပြင် ဧပြီလအတွင်း ပြည်သူများ၏ အိမ်သုံးလျှပ်စစ်ခတ်အားခနှုန်းထားကို လျှော့ချပေးခြင်းနှင့် ပုံမှန်ဝင်ငွေမရှိသော ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အခြားသောဖြေလျှော့ပေးထားမှု အခြေအနေများနှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံအလုပ်သမားဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများနှင့် အလုပ်အကိုင်များအပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ နိုင်ငံအလိုက်အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder က အာဆီယံ အလုပ်သမားဝန်ကြီးများ၏ အထူးအစည်းအဝေးကိုကျင်းပ၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် အလုပ်သမားနှင့်အလုပ်အကိုင်တို့အပေါ် ထိခိုက်မှုကို စုပေါင်းအဖြေရှာမှုအတွက် အားရပါကြောင်း၊ ILO အနေဖြင့် ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ အရေးကြီးသော သုတေသနနှင့်လေ့လာမှုများပြုလုပ်၍ အလုပ်အကိုင်လောကအတွက် အရေးကြီးသော လမ်းညွှန်ချက်များကို အာဆီယံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအားလုံးကို မျှဝေပေးခဲ့ကြောင်း၊ ကပ်ရောဂါကြောင့် ပုံမှန်လူနေမှုဘဝပျောက်ဆုံးနေပြီး အဆိုပါအခြေအနေ၌ပင် ပုံမှန် လူနေမှုဘဝတစ်ခုကိုကြုံတွေ့နိုင်ကာ အဆိုပါအခြေအနေအရ ပိုမိုကောင်းမွန်သော အခြေအနေကို လူသားဗဟိုပြုပြန်လည်နာလန်ထူရေးအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဓိကထား ဆောင်ရွက်ရမည့်လုပ်ငန်း (၄) ရပ်မှာ စီးပွားရေးပြန်လည်အသက်ဝင်ရန်နှင့် အလုပ်အကိုင်များကို ကာကွယ်ပေးရန် တုံ့ပြန်မှုရှိသော ငွေကြေးမူဝါဒချမှတ်ဆောင်ရွက်ရန်၊ အလုပ်အကိုင်ဌာနများ၊ အလုပ်အကိုင်ရရှိရေးနှင့် ပုံမှန်ဝင်ငွေပြန်လည်ရရှိရေး ထောက်ပံ့ပေးရန်၊ လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများကို ကပ်ရောဂါ ပြန့်ပွားကူးစက်မှုမှ ကာကွယ်ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မဖြစ်မနေပေးရမည့် ဝန်ဆောင်မှုအစီအမံများ ဆောင်ရွက်ပေးရန်၊ ကပ်ရောဂါတားဆီးကာကွယ်ရေး အဖြေရှာရာတွင် ထိရောက်သောမူဝါဒ အစီအမံများ ချမှတ်နိုင်ရန်အတွက် သုံးပွင့်ဆိုင် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုမှတစ်ဆင့်ဆောင်ရွက်ရန်၊ ဆက်လက်၍ ILO အနေဖြင့် ကပ်ရောဂါကာလအတွင်းနှင့် ကပ်ရောဂါကာလအလွန်တွင်လည်း လိုအပ်သလို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အန္တရာယ်ရှိသည့် ကဏ္ဍတွင် လုပ်ကိုင်နေသူများအပါအဝင် အလုပ်သမားအားလုံး၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ရပိုင်ခွင့်များရရှိရေး၊ ရောဂါကူးစက်ခံရသော အလုပ်သမားများအား ခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့ရောက်ရှိနေသောနိုင်ငံများက ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ နေရပ်ပြန် အကူအညီပေးရေးအပါအဝင် အလုပ်သမားများအပေါ် ကပ်ရောဂါကြောင့် ထိခိုက်မှုကို အကာအကွယ်ပေးရေး၊ ထိရောက်ပြီး တုံ့ပြန်မှုရှိသော နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ လုပ်သားဈေးကွက်မူဝါဒချမှတ်ရေး အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ လူမှုရေးအဖွဲ့အစည်းများ နိုင်ငံတကာ အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူအားလုံးနှင့် ကပ်ရောဂါတုံ့ပြန်ရေးနှင့် ကပ်ရောဂါ ကာလအလွန် ပြန်လည်ထူမတ်ရေး အစီအစဉ်အတွက် အသိပညာ သုတေသနရလဒ်နှင့် နည်းပညာအကူအညီများမျှဝေရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒစ်ဂျစ်တယ်ပုံစံတစ်မျိုးမျိုးဖြင့်ရှိနေသည့် ငွေကြေးများအား သုံးစွဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကြောင့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ်၊ ၉ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက် )

၁။ နိုင်ငံတော်အတွင်း၌ ပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်ပုံစံတစ်မျိုးမျိုးဖြင့်ရှိနေသည့် ငွေကြေး(Digital Currency) များအား သုံးစွဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကြောင့် ပေါ်ပေါက်လာမည့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၀ (င) နှင့် ပုဒ်မ ၆၂ တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေသူနှင့် စီမံခန့်ခွဲသူဖြစ်ပါသည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် နိုင်ငံခြားငွေနှင့် နိုင်ငံခြားသုံးငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လည်းကောင်း၊ ပုဒ်မ ၃၈ တွင် မည်သူမျှ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရဟု လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၁၅၉ တွင် မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Digital Currency များအား တရားဝင်ငွေကြေးအဖြစ် သတ်မှတ်ထားခြင်းမရှိသကဲ့သို့ ယင်းကို ရောင်းဝယ်လဲလှယ်ခြင်းများဆောင်ရွက်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ခွင့်ပြုထားခြင်းမရှိပါ။ သို့ရာတွင် အချို့ပုဂ္ဂိုလ်များသည် Digital Currency များဖြစ်သော Cryptocurrency: Bitcoin (BTC)၊ Litecoin (LTC)၊ Ethereum (ETH) နှင့် Perfect Money (PM) အစရှိသည်တို့အား personal Facebook account များ၊ web page များမှတစ်ဆင့် ရောင်း/ဝယ်၊ လဲလှယ်မှုများအား မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ ဝန်ဆောင်မှုပေးသည့်ပုံစံဖြင့် သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ယင်းသို့ဆောင်ရွက်ပါက သုံးစွဲဆောင်ရွက်သူများတွင် ဆုံးရှုံးနိုင်ခြေရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က (၃-၅-၂၀၁၉) ရက်နေ့ သတင်းစာများတွင် အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၄။ ယခုထပ်မံ၍ အထက်အပိုဒ် ၃ ပါအတိုင်း ဥပဒေပြဋ္ဌာန်းချက်ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ယင်းသို့ဖောက်ဖျက်ကျူးလွန်သူအား တရားစွဲဆိုမည်ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၇၁ တို့အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ ( ကိုယ်စား )
( ဘိုဘိုငယ်၊ ဒုတိယဥက္ကဋ္ဌ )

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ လှူဒါန်း



**ရန်ကုန် မေ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်သည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာက ဂုဏ်ပြုအမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက Hyundai Motor နှင့် Shwe Daehan Motors မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄၄၀၀၀ တန်ဖိုးရှိကိုရီးယားနိုင်ငံထုတ်တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး**

## ပြည်ထောင်စုသားချင်းများ



**တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်စွာ နေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။**

*[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၣ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မတီက စတင်စစ်ဆေး

**နေပြည်တော် မေ ၁၄**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ရာမောင်တံတား အနီး၌ ဧပြီ ၂၀ ရက်ညနေပိုင်းတွင် WHO အဖွဲ့ပိုင် မော်တော်ယာဉ်တစ်စီးကို AA အကြမ်းဖက် သောင်းကျန်းသူများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်ဘက်ဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး တစ်ဦး သေဆုံးခဲ့ကြောင်းကို ဧပြီ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ စစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/၂၀၂၀ ဖြင့် စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ယနေ့တွင် စုံစမ်းစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ ဦးစောဦး ဦးဆောင်သော ကော်မတီဝင်များ၊ ရုံးအဖွဲ့များက စစ်တွေမြို့မှ မင်းပြားမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာ အနီးတစ်ဝိုက်နှင့် ရာမောင်တံတား လုံခြုံရေးစခန်းတို့တွင် တာဝန်ရှိသူများ၊ မျက်မြင်သက်သေများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

ထို့နောက် စုံစမ်းစစ်ဆေးရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့မရဲစခန်း၌ သိမ်းဆည်းထားသော ဖြစ်စဉ်တွင် ပစ်ခတ်တိုက်ခိုက်ခြင်းခံရသော မော်တော်ယာဉ်နှင့် သေဆုံးသူခန္ဓာကိုယ်အတွင်းမှ တွေ့ရှိရသည့် ကျည်ဆန်ထိပ်ဖူးတို့အား စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ ၍ သိရှိလိုသည်များကို စစ်ဆေးမေးမြန်း ဆောင်ရွက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်မည်

**နေပြည်တော် မေ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်၌ ပုံမှန် ကာကွယ်ဆေးထိုး/ဆေးတိုက်အစီအစဉ်ကို ဧပြီ ၁ ရက်မှ စတင်ရပ်ဆိုင်းခဲ့ရာမှ မေ ၁၃ ရက်အထိ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေအပေါ်မူတည်၍ ပုံမှန် ကာကွယ်ဆေးထိုး/ ဆေးတိုက် အစီအစဉ်ကို ပြန်လည်စတင်သွားမည် ဖြစ်သည်။

**မေလ ၁၈ ရက်တွင် စတင်၍ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဆေးရုံများတွင်လည်းကောင်း၊ ဇွန်လ ၁ ရက်မှစတင်၍ မြို့နယ်အဆင့်အောက် တိုက်နယ်/ မိခင်ကလေး/ ဒေသန္တရ/ မြို့မ/ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ/ ရပ်ကွက်/ ကျေးရွာများတွင်** ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧပြီလနှင့်မေလတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့် ကလေးများကိုပါ ပြန်လည်ထိုးနှံ၊ တိုက်ကျွေးပေးမည်ဖြစ်ရာ ပုံမှန်ကာကွယ်ဆေးထိုးသည့် အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရန် စတင်ထိုးနှံသည့်အချိန်တွင် ပြည်သူ့ဆေးရုံများနှင့် မိခင်ကလေး/ ဒေသန္တရ/ မြို့မကျန်းမာရေးဌာနများတွင် ရက်သတ္တ တစ်ပတ်လျှင် ၅ ရက်ဖြင့် ရက်သတ္တပတ် နှစ်ပတ်ဆက်တိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ရက်သတ္တပတ် တစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ဖြင့် ဆက်လက်ထိုးနှံ၊ တိုက်ကျွေးသွားမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးနှံပေးခြင်းအပြင် မိခင်နှင့် ကလေး ကျန်းမာရေးအသိပညာပေးခြင်း၊ ကလေးအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘ/ အုပ်ထိန်းသူများအနေဖြင့် ကာကွယ်ဆေးလာရောက်ထိုးနှံချိန်တွင် ရည်မှန်းကလေးငယ်များအားလုံး တစ်ယောက်မကျန် မရရှိခဲ့သေးသော ကာကွယ်ဆေးများ အပြည့်အဝရရှိစေရန်နှင့် လူစုလူဝေးမဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးပေးနိုင်ရန်အတွက် ညွှန်ကြားချက်များကို တိကျစွာလိုက်နာကြ၍ ကာကွယ်ဆေးထိုးစုရပ်များသို့ လာရောက်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

### ကာကွယ်ဆေးထိုးစုရပ်သို့ လာရောက်သော ကလေးမိဘအုပ်ထိန်းသူများသည် အောက်ပါညွှန်ကြားချက်များကို ခြွင်းချက်မရှိ လိုက်နာရပါမည်။

* ရပ်ကွက်/ကျေးရွာအုပ်ချုပ်သူ/စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးရမည့်နေ့ရက်၊ အချိန်နှင့်နေရာကို ရပ်ကွက်/ လမ်း/ ကျေးရွာ/ လူအုပ်စု အလိုက် လက်ကိုင်စပီကာ/ အသံချဲ့စက်ဖြင့် ကြေညာပါမည်။ မသိရှိပါက အနီးဆုံးဆေးရုံ/ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ဖုန်း/လူကိုယ်တိုင်ဖြင့်ဆက်သွယ်၍ ရက်ချိန်းယူရပါမည်။
* တစ်ရက်တွင် ကလေး (၅၀)ခန့်သာ အများဆုံးထိုးနိုင်မည်ဖြစ်၍ ကာကွယ်ဆေးထိုးရန်လာသူ ကလေး(၅၀)ဦးထက် ပိုပါက ရက်ချိန်းယူသွားပါ။ မိမိကို ချိန်းဆိုသည့်ရက်မှသာ လာပါ။
* ကာကွယ်ဆေးထိုးစုရပ်ကိုလာစဉ် နေအိမ်မှထွက်ခွာစဉ်ကတည်းက မိဘ/ အုပ်ထိန်းသူတို့သည် ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရပါမည်။ ကလေးများကို အသက်ရှူမကျပ်စေရန် ဂရုပြု၍ ကလေးမျက်နှာကာ(သို့မဟုတ်) ပဝါ/အနီးအုပ်လာရပါမည်။ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်မထားသော မိဘ/ အုပ်ထိန်းသူ၊ ကလေးမျက်နှာကာ (သို့မဟုတ်) ပဝါ/ အနီးအုပ်မလာသောကလေး မည်သူ့ကိုမဆို ကျန်းမာရေးဌာန/ ဆေးခန်း/ ဆေးရုံသို့ ဝင်ရောက်ရန် ခွင့်ပြုမည်မဟုတ်ပါ။
* ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့ ကလေးနှင့်အတူ မိဘ/အုပ်ထိန်းသူတစ်ဦးတည်းသာ ဝင်ခွင့်ပြုပါမည်။
* ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့မဝင်ရောက်မီ ရေနှင့်ဆပ်ပြာ(သို့မဟုတ်) လက်သန့်ဆေးရည်ဖြင့် လက်ဆေးရပါမည်။
* ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းများတွင် ချိတ်ဆွဲထားသောလမ်းညွှန်များ၊ ညွှန်ကြားချက်များကို ရှာဖွေကြည့်ရှု၍ တိကျစွာလိုက်နာရပါမည်။
* ကလေး(သို့မဟုတ်) ကလေးနှင့်အတူ နေအိမ်သားတစ်ဦးဦးသည် ဖျားနေသည်ဖြစ်စေ/ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ရှိနေသည်ဖြစ်စေ ချိန်းဆိုထားသည့် ကာကွယ်ဆေးထိုးရန်ရက်တွင် မလာရောက်ဘဲ ပြန်လည်နေကောင်းလာသည့်အချိန်မှသာ ကျန်းမာရေးဌာနသို့ ဆက်သွယ်မေးမြန်း၍ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန်ရက်ချိန်းယူရပါမည်။
* အကယ်၍ ကလေး(သို့မဟုတ်)ကလေးနှင့်အတူ နေအိမ်သားတစ်ဦးဦးသည် COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သည်ဖြစ်စေ၊ home quarantine ပြုလုပ်ရန် လိုအပ်သောနေအိမ်မှဖြစ်စေ quarantine သတ်မှတ်ရက်ပြည့်ပြီးမှသာလျှင် ကျန်းမာရေးဌာနသို့ ဆက်သွယ်မေးမြန်း၍ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် ရက်ချိန်းယူရပါမည်။
* မိမိကိုယ်တိုင်ကိုလည်းကောင်း၊ မိမိကလေးကိုလည်းကောင်း၊ မိမိ မိသားစုကိုလည်းကောင်း COVID-19 ရောဂါ ကူးစက်ခြင်းမရှိစေရန်နှင့် မိမိကလေးငယ်ကိုမရရှိခဲ့သေးသော ကာကွယ်ဆေးများအားလုံး အပြည့်အဝရရှိရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များကို လိုက်နာ၍ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ပေးပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ နယ်လှည့်ဈေးကားဖြင့် ဟင်းသီးဟင်းရွက်များ လိုက်လံရောင်းချလျက်ရှိ

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အိမ်ရှင်မများ ဈေးဝယ်ယူရာတွင် အဆင်ပြေစေရန်ရည်ရွယ်၍ စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ ဟင်းသီးဟင်းရွက်များအား နယ်လှည့်ဈေးကားဖြင့် လိုက်လံရောင်းချပေးနေကြောင်း သိရသည်။

ထို့သို့ရောင်းချရာတွင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအား ထုပ်ပိုးမှုနည်းစနစ်များကို သင်ကြားပေးပြီး ထုတ်လုပ်သူနှင့် ဝယ်ယူသူ တိုက်ရိုက်ထိတွေ့နိုင်စေရန်အတွက် တောင်သူများကိုယ်တိုင် အဆိုပါဈေးကားဖြင့် လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သွားလာရောင်းချရရှိနိုင်သော မြို့နယ် ကိုးမြို့နယ်တွင် ရပ်ကွက်များအထိ သွားရောက်ကာ ပုံမှန်ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးမင်းထံမှ သိရသည်။

"ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ အိမ်ရှင်မတွေ အနေနဲ့ ဈေးဝယ်တဲ့နေရာမှာ လူစုလူဝေးကြောင့် ရောဂါကူးစက်မှုမရှိစေဘဲ အဆင်ပြေစွာ ဝယ်ယူနိုင်စေဖို့ရည်ရွယ်ပြီး ကျွန်တော်တို့ဌာနက တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သွားလာရောင်းချလို့ရတဲ့ မြို့နယ် ကိုးမြို့နယ်မှာ ရပ်ကွက်တွေ၊ ဝန်ထမ်းအိမ်ရာတွေနဲ့ အသွားအလာကန့်သတ်ထားတဲ့နေရာတွေမှာ နယ်လှည့်ဈေးကားနဲ့ လိုက်လံပြီး တောင်သူတွေ ခြံထွက်ကြက်ဥတွေနဲ့ ဟင်းသီးဟင်းရွက် သီးနှံတွေကို ရောင်းချပေးတာဖြစ်ပါတယ်။ ဒီလိုရောင်းချတဲ့အခါမှာ သန့်ရှင်းလတ်ဆတ်တဲ့ သီးနှံတွေကိုထုတ်လုပ်တဲ့တောင်သူတွေကိုယ်တိုင်စားသုံးသူတွေ လက်ထဲအရောက် ဝန်ဆောင်မှုပေးတဲ့စနစ်နဲ့ ရောင်းချပေးတာဖြစ်ပါတယ်။ ရောင်းချပေးတဲ့အချိန်မှာလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းတွေနဲ့ ကိုက်ညီအောင် ဝယ်ယူသူတွေကို လူစုလူဝေးမဖြစ်စေဖို့ စနစ်တကျတန်းစီပြီး ရောင်းချပေးတာဖြစ်ပါတယ်။ အခုလိုရောင်းချပေးတဲ့လုပ်ငန်းကို ကိုဗစ်-၁၉ ရောဂါ မပြီးမချင်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အဆိုပါ ဟင်းသီးဟင်းရွက်များ လိုက်လံရောင်းချပေးသည့် မြို့နယ် ကိုးမြို့နယ်မှာ အမရပူရ၊ ပုသိမ်ကြီးမြို့နယ်နှင့် မန္တလေးမြို့တွင်း၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်၊ ပြင်ဦးလွင်နှင့် မတ္တရာမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ တောင်သူများ ကိုယ်တိုင်လိုက်ပါလျက် နယ်လှည့်ဈေးကားဖြင့် ဟင်းသီးဟင်းရွက်များ လိုက်လံရောင်းချပေးခြင်းများအပြင် ကျေးရွာများ၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကိုလည်း ထပ်မံဖြန့်ဝေပေးခြင်း မျိုးစေ့၊ ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ပတ်ဝန်းကျင်ညစ်ညမ်းမှု မြင့်မားမှုနှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အလားအလာမှာ ပိုမိုမြင့်မားနိုင်ကြောင်း လေ့လာချက်များက ဖော်ပြ

ကောင်းမွန်

မကြာသေးမီက ထုတ်ပြန်ခဲ့သည့် လေ့လာမှုများက ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု မြင့်မားမှုနှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အန္တရာယ်ဖြစ်နိုင်မှု အလားအလာမှာ ပိုမိုမြင့်မားကြောင်း ညွှန်ပြလျက်ရှိပါသည်။ ကနဦးလေ့လာမှုများက ကိုရိုနာဗိုင်းရပ်စ်သည် ညစ်ညမ်းမှုမြင့်မားသည့် နေရာဒေသများ၌ ပိုမိုအန္တရာယ်မြင့်မားကြောင်း ဖော်ပြခဲ့သော်လည်း ယင်းအချက်ကို အခိုင်အမာသက်သေပြနိုင်ရေးအတွက် ထပ်မံလုပ်ဆောင်ရမည့်အရာများရှိနေပါသေးသည်။

ဥရောပတိုက်ရှိ ညစ်ညမ်းသည့်ဒေသများ၌ ကိုဗစ်-၁၉ ရောဂါကြောင့် အသေအပျောက်အများဆုံးဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ ဟာလဲလ်မြို့ရှိ မာတင်လူသာ တက္ကသိုလ်ရှိ မြေကမ္ဘာသိပ္ပံဆိုင်ရာဌာနမှ သုတေသနပညာရှင် ယာရွန်အိုဂင်က ဧပြီလ ၂၀ ရက်နေ့တွင် ပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံဂျာနယ်၌ ဖော်ပြခဲ့သည့် ကနဦးလေ့လာချက်အရ ဥရောပတိုက်၌ ညစ်ညမ်းမှု အဆိုးရွားဆုံးဒေသ ငါးခု၌ ကိုဗစ်-၁၉ ရောဂါကြောင့် အသေအပျောက် ၇၈ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြင်သစ်၊ အီတလီ၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့၌ ဗိုင်းရပ်စ်ကြောင့် အသေအပျောက်ဖြစ်ပွားမှုနှင့် ဒီဇယ်ဆီသုံး မော်တော်ယာဉ်များ၏ အိတ်ဇောပိုက်မှ အဓိက ထုတ်လွှတ်သည့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်တို့အကြား ဆက်စပ်မှုရှိကြောင်း သုတေသနပညာရှင် အိုဂင်က သက်သေပြနိုင်ရန် ကြိုးပမ်းခဲ့ရာ ၎င်း၏တွေ့ရှိချက်များမှာ များစွာခိုင်မာမှုရှိကြောင်း တွေ့ရှိရပါသည်။

နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် သိပ်သည်းမှုမြင့်မားသည့် အီတလီနိုင်ငံမြောက်ပိုင်း 'ပို'လွင်ပြင်နှင့် စပိန်နိုင်ငံ မက်ဒရစ်မြို့တော်ဝန်းကျင်စသည့် ဒေသနှစ်ခုလုံးမှာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အမြင့်မားဆုံးနေရာများ ဖြစ်ကြပါသည်။

**ပတ်ဝန်းကျင်ညစ်ညမ်းမှုက ကိုဗစ်-၁၉ ရောဂါကို တွန်းလှန်ရာတွင် အထောက်အကူမဖြစ်**

မော်တော်ယာဉ်အသွားအလာမြင့်မားသည့် မီလန်၊ တူရင်၊ မက်ဒရစ်စသည့် မြို့ကြီးများ၏ ဝန်းကျင်၌ တောင်တန်းများဝန်းရံနေခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေသည့် ဓာတ်ငွေ့များကို အရပ်ရှစ်မျက်နှာသို့ ပျံ့နှံ့စေခြင်းမရှိဘဲ ယင်းဒေသများ၌သာ ဆက်လက်တည်မြဲနေစေပါသည်။

နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်သည် ကျန်းမာရေးအတွက် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ ဖြစ်စေပြီး ယင်းနှင့်သက်ဆိုင်သည့် အချက်အလက်များကိုလည်း အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ခြင်းကြောင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့်ပတ်သက်၍ စိစစ်လေ့လာမှုများ ပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အိုဂင်က ပြင်သစ်-၂၄ သတင်းဌာနနှင့် တွေ့ဆုံမှုတစ်ရပ်၌ ရှင်းလင်းပြောကြားခဲ့ပါသည်။

နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် ကာလကြာရှည် ထိတွေ့မှုက ကိုရိုနာဗိုင်းရပ်စ်၏ လက္ခဏာများဖြစ်ကြသည့် အဆုတ်ထိခိုက်မှု၊ အသက်ရှူပြဿနာ၊ နှလုံးထိခိုက်မှု စသည်တို့နှင့် အသွင်သဏ္ဌာန်ဆင်တူသည့် တစ်သျှူးဒဏ်ရာများ ဖြစ်ပွားစေနိုင်ပါသည်။ လေထုညစ်ညမ်းမှုက အသက်ရှူမှုစနစ်ကို ထိပါးစေရာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တွန်းလှန်တိုက်ဖျက်ရန် အရေးပါသည့် အသက်ရှူမှုစနစ်မှာ စောစီးစွာပင် ထိခိုက်မှုဖြစ်နေကြောင်း၊ သို့ဖြစ်၍ သိသာမြင်သာသည့် လက္ခဏာများ မတွေ့ရသည့် လူနာများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တွန်းလှန်နိုင်ရန် ခက်ခဲစွာရုန်းကန်ရခြင်းဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အန္တရာယ်အရှိနိုင်ဆုံးသူများနှင့်ပတ်သက်၍ စဉ်းစားဆုံးဖြတ်ရာတွင် အဆိုပါပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ထည့်သွင်းစဉ်းစားရန် လိုမည်ဖြစ်ကြောင်း သုတေသနပညာရှင် အိုဂင်က ပြောကြားခဲ့ပါသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်နှင့်ပတ်သက်၍ သတိပေးသူမှာ အိုဂင်တစ်ဦးတည်းသာ မဟုတ်ပေ။ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်အကြား 'ဆားစ်' အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားစဉ်ကလည်း ကိုရိုနာဗိုင်းရပ်စ်၏ ရှေ့ပြေးဟုဆိုနိုင်သည့် ဆားစ်ဗိုင်းရပ်စ်ကြောင့် သေဆုံးမှုမြင့်မားခြင်းကို ပတ်ဝန်းကျင်ညစ်ညမ်းမှု အဆိုးရွားဆုံးမြို့ကြီးများ၌ တွေ့ရှိရကြောင်း တရုတ်သုတေသနပညာရှင်များက ဖော်ပြခဲ့ကြပြီးဖြစ်သည်။

ဧပြီလ ၂၁ ရက်နေ့တွင် အွန်လိုင်း၌ ထုတ်ပြန်ခဲ့သည့် ဗြိတိန်နိုင်ငံမှ လေ့လာချက်တစ်ခုကလည်း ဂျာမနီအခြေစိုက် သုတေသနပညာရှင် အိုဂင်၏ လေ့လာချက်နှင့်ဆင်တူပြီး အဆုံးသတ် ကောက်နုတ်ချက်မှာလည်း တူညီကြောင်း တွေ့ရှိရပါသည်။ ကိန်းဘရစ်ချ်တက္ကသိုလ်ရှိ သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ ဗြိတိန်နိုင်ငံရှိ လေထုညစ်ညမ်းမှု အမြင့်မားဆုံးဒေသများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း ဂါးဒီးယန်းသတင်းစာ၌ ဖော်ပြခဲ့ပါသည်။

ယင်းအချက်မှာ အမေရိကန်ပြည်ထောင်စု၌လည်း မှန်ကန်လျက်ရှိသည်။ အနုမှုန် သိပ်သည်းမှု အနည်းငယ်မျှ ပိုမိုမြင့်မားသည်နှင့် ယင်းအရပ်ဒေသများ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးမှု ၁၅ ရာခိုင်နှုန်း တိုးမြင့်ကြောင်း ဘော့စတွန်အခြေစိုက် ဟားဗတ်ကျန်းမာရေးတက္ကသိုလ် ကျောင်းမှ သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်ဟု ဧပြီလ ၇ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် လေ့လာမှု၌ ဖော်ပြခဲ့ပါသည်။

**ပတ်ဝန်းကျင်ညစ်ညမ်းမှုသည် တစ်ခုတည်းသော အကြောင်းရင်း မဟုတ်**

တစ်ချိန်တည်းတွင် ဖော်ပြပါကနဦးလေ့လာတွေ့ရှိချက်များအပေါ် အခြေခံလျက် အလျင်စလို ကောက်ချက်ချခြင်း မပြုကြရန်လည်း ယင်းသုတေသနပညာရှင်အားလုံးက သတိပေးခဲ့ကြပါသည်။ အိုဂင်က ၎င်း၏ လေ့လာတွေ့ရှိချက်သည် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုမြင့်မားခြင်းတို့အကြား ခိုင်မာသည့် ဆက်စပ်မှုကို မလွဲမသွေညွှန်ပြနေခြင်း မဟုတ်ကြောင်းလည်း သတိပေးခဲ့ပါသည်။

> **လေထုညစ်ညမ်းမှုက အသက်ရှူမှုစနစ်ကို ထိပါးစေရာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တွန်းလှန်တိုက်ဖျက်ရန် အရေးပါသည့် အသက်ရှူမှုစနစ်မှာ စောစီးစွာပင် ထိခိုက်မှုဖြစ်နေကြောင်း၊ သို့ဖြစ်၍ သိသာမြင်သာသည့် လက္ခဏာများ မတွေ့ရသည့် လူနာများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တွန်းလှန်နိုင်ရန် ခက်ခဲစွာရုန်းကန်ရခြင်းဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အန္တရာယ်အရှိနိုင်ဆုံးသူများနှင့်ပတ်သက်၍ စဉ်းစားဆုံးဖြတ်ရာတွင် အဆိုပါပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ထည့်သွင်းစဉ်းစားရန် လိုမည်ဖြစ်။**

အခြားသော အကြောင်းအရာများကလည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုးရွားသည့် ဒေသများ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် မြင့်မားရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဖော်ပြခဲ့ကြပါသည်။ ဥပမာအားဖြင့် လူနေထူထပ်မှု သိပ်သည်းလွန်းသည့်ဒေသများ၌ ပတ်ဝန်းကျင်ညစ်ညမ်းမှု ပိုမိုမြင့်မားတတ်ပြီး ယင်းကဲ့သို့ လူနေထူထပ်မှုကြောင့် လူတစ်ဦးနှင့်တစ်ဦး အလှမ်းဝေးစွာ နေထိုင်ကြရန် ခက်ခဲသဖြင့် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို အားပေးရာရောက်ကြောင်း ဗြိတိန်နိုင်ငံရှိ ဘရစ္စတိုး ဆေးပညာတက္ကသိုလ်ရှိ သုတေသနပညာရှင် ရိုစီကောနစ်ရှ်က ပြောကြားခဲ့ပါသည်။

ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု စတင်ဖြစ်ပွားသည့် ဥရောပတိုက် ဒေသများအနက် အီတလီနိုင်ငံ မြောက်ပိုင်းနှင့် စပိန်နိုင်ငံ မက်ဒရစ်မြို့တော်တို့ ပါဝင်ကြရာ ယင်းဒေသများ၌ ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ဖော်ထုတ်သိရှိနိုင်ခြင်း မတိုင်မီ အချိန်ကြာမြင့်စွာကပင် ယင်းဒေသများ၌ ဗိုင်းရပ်စ်ရောက်ရှိနေပြီးဖြစ်သဖြင့် အသေအပျောက် ပိုမိုမြင့်မားခဲ့ခြင်းလည်း ဖြစ်ပါသည်။

ယင်းကဲ့သို့ နှိုင်းယှဉ်ချက်နှင့်ပတ်သက်၍ ဒေသအလိုက် ပတ်ဝန်းကျင်ညစ်ညမ်းမှုအပေါ် စိစစ်လေ့လာမှုကလည်း ဆက်စပ်မှုအရှိဆုံးမဖြစ်နိုင်ကြောင်း၊ ဗြိတိန်နိုင်ငံ လက်စတာတက္ကသိုလ်ရှိ ပတ်ဝန်းကျင်ဆိုင်ရာ ကူးစက်ရောဂါဌာနမှ ပါမောက္ခ အင်နာဟန်ဆဲလ်က လေထုညစ်ညမ်းမှုနှင့် ထိတွေ့မှုသည် တစ်မြို့တည်းနေသူများအကြားပင် တစ်နေရာနှင့်တစ်နေရာ သိသာစွာ ကွာခြားနိုင်ကြောင်း၊ ကျေးလက်အစွန်အဖျား၌ နေထိုင်သူများနှင့်အဓိကကျသည့် ကားလမ်းမကြီးအနီး နေထိုင်သူတို့အကြား လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုမှာ တူညီနိုင်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဒေသဆိုင်ရာ လေ့လာမှုတို့ကို ပိုမိုအသေးစိတ်ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

ကနေဒါနိုင်ငံ မွန်ထရီရယ်ရှိ မက်ဂေးလ်တက္ကသိုလ်မှ ကူးစက်ရောဂါပညာရှင် မာ့ခ်ဂိုးဘာ့ဂ်က ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတို့အကြား ဆက်နွှယ်မှုရှိကြောင်း အခိုင်အမာပြသနိုင်ရေးအတွက် အသေးစိတ်လေ့လာမှု ၂၀ ကျော်ခန့် ထပ်မံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဂါးဒီးယန်းသတင်းစာသို့ ပြောကြားခဲ့ပါသည်။

သုတေသနပညာရှင် အိုဂင်ကလည်း ၎င်း၏ လေ့လာတွေ့ရှိချက်နှင့် အခြားသူများ၏ တွေ့ရှိချက်များသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတို့အကြား ဆက်နွှယ်မှုရှိနိုင်သည့် အချက်အပေါ် ပိုမိုအနီးကပ်လေ့လာကြစေရေးအတွက် သုတေသနပညာရှင်များကို တွန်းအားပေးနိုင်ရန် မျှော်လင့်ကြောင်း၊ လူအသေအပျောက်များပြားမှုနှင့် ပတ်သက်၍ အဖြေတစ်ရပ် ရှာတွေ့နိုင်မည်ဆိုပါက အနာဂတ်တွင် ကူးစက်ရောဂါများကို ဟန့်တားရာ၌ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လိမ့်မည်ဟု ပြောကြားခဲ့ပါသည်။

အနည်းဆုံးတော့ သက်ဆိုင်ရာအာဏာပိုင်များ အနေဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မြင့်မားသည့် ဒေသများ၌ နေထိုင်သူများအတွက် အထူးကာကွယ်စောင့်ရှောက်မှု အစီအမံဆောင်ရွက်သွားရန် တွန်းအားပေးလိမ့်မည်ဟုလည်း မျှော်လင့်ကြပါသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှု မြင့်မားမှုအခြေအနေက ဗိုင်းရပ်စ်ကူးစက်မှုအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း အခိုင်အမာသက်သေပြနိုင်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံစံများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တွန်းအားပေးသည့် လုပ်ဆောင်မှုများအပေါ် အလွန်အမင်း အားမထားတော့ဘဲ ပြန်လည်ပုံဖော်ရေးဆွဲကြလိမ့်မည်ဟု အိုဂင်က ယုံကြည်ထားပါသည်။ ယင်းသို့ဆိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေသည့် မူဝါဒများအား ပိုမိုအကောင်အထည်ဖော်ရမည့် အကြောင်းရင်းများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကလည်း တစ်နည်းတစ်ဖုံ ပါဝင်သည်ဟု မှတ်ယူနိုင်မည် ဖြစ်ပါသည်။

**Ref:**

**Sébastian SEIBT. "Air pollution and Covid-19: an explosive combination for our health?" French 24: 23 April 2020.**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ကုန်သည်များထံ ကွင်းဆင်းဆောင်ရွက်

**နတ်မောက် မေ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ကုန်သည်များထံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စက်မှုလက်မှုကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးစီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကိုလည်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သင်းသင်းဝေ

(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးအတွင်း သတင်းစာလပေး မှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သတင်းစာဖတ် ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဒေါ်ခင်သန်းမြင့် | ပဲခူး | ၀၉-၄၂၈၁၆၃၆၇၈ |
| ၂။ | ဦးတင်ဝင်း | ဘုရားကြီး | ၀၉-၄၀၀၄၄၈၇၉၇ |
| ၃။ | ဦးအောင်သန်းထွန်း | သနပ်ပင် | ၀၉-၅၁၆၄၃၅၄ |
| ၄။ | ဒေါ်ချစ်နှင်းသုန် | ကဝ | ၀၉-၇၉၉၁၃၉၈၁၃ |
| ၅။ | ဦးကျော်သန်းလွင် | ဝေါ | ၀၉-၇၈၃၄၅၀၃၉၇ |
| ၆။ | ဒေါ်စောမြတ်ငွေ | ညောင်လေးပင် | ၀၉-၄၂၁၁၇၁၆၄၇ |
| ၇။ | ဦးဇော်ဝင်းလှိုင် | ဖောင်တော်သီ | ၀၉-၃၁၀၇၅၆၃၉ |
| ၈။ | ဒေါ်သိန်းခင် | ပဲနွယ်ကုန်း | ၀၉-၄၉၄၄၀၀၇၃ |
| ၉။ | ဒေါ်ညိုညိုလွင် | ဒိုက်ဦး | ၀၉-၈၉၄၈၁၄၁၅၂ |
| ၁၀။ | ဦးစိုးရည် | ရွှေကျင် | ၀၉-၆၉၄၀၈၆၂၄၄ |
| ၁၁။ | ဒေါ်ဦး | ကျောက်တံခါး | ၀၉-၂၅၂၂၀၆၂၆၅ |
| ၁၂။ | ဦးသိန်းနိုင် | ပြွန်တန်ဆာ | ၀၉-၇၉၁၂၂၀၄၄၅ |
| ၁၃။ | ဦးမြရွှေ | ပြည် | ၀၉-၄၀၁၅၄၅၀၉၄ |
| ၁၄။ | ဒေါ်အေးမြစိန် | ပေါက်ခေါင်း | ၀၉-၃၁၁၃၀၅၆၀ |
| ၁၅။ | ဒေါ်လှဲ့ဝါမြင့် | နတ်တလင်း | ၀၉-၄၂၃၆၆၇၇၆၃ |
| ၁၆။ | ဒေါ်မြင့်မြင့်သန်း | ပေါင်းတည် | ၀၉-၄၂၃၀၂၅၇၅၁ |
| ၁၇။ | ဦးမျိုးဦး | ပေါင်းတလည် | ၀၉-၂၅၁၁၀၂၆၇၁ |
| ၁၈။ | ဒေါ်သင်းသင်းအေး | ပန်းတောင်း | ၀၉-၂၅၇၂၆၈၆၇၇ |
| ၁၉။ | ဦးခင်မောင်ဦး | စစ်ကွင်း | ၀၉-၂၅၀၇၁၈၅၀၀ |
| ၂၀။ | ဦးဝင်းမော် | ကြို့ပင်ကောက် | ၀၉-၄၅၅၃၅၀၉၁၉ |
| ၂၁။ | ဦးသိန်းစိုး | သာယာဝတီ | ၀၉-၇၉၅၄၂၃၅၆၃ |
| ၂၂။ | ဦးကျော်မိုးအောင် | လက်ပံတန်း | ၀၉-၅၃၇၂၂၅၂ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကောင့်ကြဗ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၆၃၃ | ၁၈၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၈၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၄၁၄၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၇၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၁ | ၆ |

- အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၄-၅-၂၀၂၀ ရက်၊ ည (၈)နာရီ


## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၄၃၂၀၈၆ | ၃၁၀၃၈၃ | ၈၅၂၆၈ |
| စပိန် | ၂၇၂၆၄၆ | ၁၈၆၄၈၀ | ၂၇၃၂၁ |
| ရုရှား | ၂၅၂၂၄၅ | ၅၃၅၃၀ | ၂၃၀၅ |
| ဗြိတိန် | ၂၃၃၁၅၁ | စိစစ်ဆဲ | ၃၃၆၁၄ |
| အီတလီ | ၂၂၂၁၀၄ | ၁၁၂၅၄၁ | ၃၁၁၀၆ |
| ဘရာဇီး | ၁၉၂၀၈၁ | ၇၈၄၂၄ | ၁၃၂၇၆ |
| ပြင်သစ် | ၁၇၈၀၆၀ | ၅၈၆၇၃ | ၂၇၀၇၄ |
| ဂျာမနီ | ၁၇၄၀၉၈ | ၁၅၀၃၀၀ | ၇၈၆၁ |
| တူရကီ | ၁၄၃၁၁၄ | ၁၀၁၇၁၅ | ၃၉၅၂ |
| အီရန် | ၁၁၄၅၃၃ | ၉၀၅၃၉ | ၆၈၅၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၆၀၉၈ | ၄၈၀၉ | ၂၁ |
| အင်ဒိုနီးရှား | ၁၆၀၀၆ | ၃၅၁၈ | ၁၀၄၃ |
| ဖိလစ်ပိုင် | ၁၁၈၇၆ | ၂၃၃၇ | ၇၉၀ |
| မလေးရှား | ၆၈၁၉ | ၅၃၅၁ | ၁၁၂ |
| ထိုင်း | ၃၀၁၈ | ၂၈၅၀ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၁ | ၈၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၁ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

facebook



# သင့်လုံခြုံမှုရှိရေးအတွက် ကျွန်ုပ်တို့ အလေးထားပါသည်

ကျွန်ုပ်တို့သည် Facebook ကို အသုံးပြုနေသူများအားလုံး၏ ကိုယ်ရေးဆိုင်ရာအချက်အလက် လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးထားပြီး ကာကွယ်ပေးပါသည်။ Facebook ကို အသုံးပြုနေသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျွန်ုပ်တို့ကဲ့သို့ သင့်အား လိုက်နာလေးစားစေလိုသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# လေဖိအားနည်းရပ်ဝန်းနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၄-၅-၂၀၂၀)နေ့ ညနေ(၄)နာရီအချိန် ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ နောက် (၂၄) နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ် (Depression) အဆင့်သို့လည်းကောင်း၊ နောက်(၄၈)နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဆင့်သို့လည်းကောင်း ရောက်ရှိနိုင်ကြောင်း၊ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဆင့်သို့ရောက်ရှိပြီးနောက် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး (၁၇-၅-၂၀၂၀)ရက်နေ့ နောက်ပိုင်းတွင် မြောက်-အရှေ့မြောက်ဘက်သို့ ကွေ့ကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနအနေဖြင့်လည်း ယခုကဲ့သို့ကာလတွင် မုန်တိုင်းဖြစ်ပေါ်မှုဆိုင်ရာ၊ မိုးရွာသွန်းမှုဆိုင်ရာ သတင်းအချက်အလက်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များနှင့် နိုင်ငံတကာမိုးလေဝသဆိုင်ရာ Website များတွင် အချိန်နှင့်တစ်ပြေးညီ လေ့လာဆန်းစစ်၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှုအခြေအနေများနှင့် ထိခိုက်နိုင်ခြေများကို လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။
- (၁၇-၅-၂၀၂၀) ရက်နေ့ နောက်ပိုင်းတွင် မြောက်-အရှေ့မြောက်ဘက်သို့ ကွေ့လာပါက မုန်တိုင်းဦးတည်ရာလမ်းကြောင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများဆီသို့ ဦးတည်လာနိုင်သည့် အလားအလာများကို မုန်တိုင်းလမ်းကြောင်းခန့်မှန်းသည့် နိုင်ငံတကာ မိုးလေဝသအေဂျင်စီများ၏ အင်တာနက်စာမျက်နှာများတွင် လေ့လာတွေ့ရှိရပါသည်။
- လတ်တလော လေ့လာဆန်းစစ်တွေ့ရှိချက်များအရ မုန်တိုင်းမှာ ခန့်မှန်းသည့်အတိုင်း မြောက်၊ အရှေ့မြောက်ဘက်သို့ ၁၇-၅-၂၀၂၀ ရက်နေ့ နောက်ပိုင်းတွင် ဆက်လက်ရွေ့လျားခဲ့မည်ဆိုပါက ခန့်မှန်း ၁၉-၅-၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းဒေသများအနီးသို့ ရောက်ရှိလာနိုင်ကာ မုန်တိုင်း၏ အမြင့်ဆုံး လေတိုက်နှုန်းမှာ ခန့်မှန်း တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့်၊ မိုးရေချိန်မှာ အမြင့်ဆုံး ၃ လက်မမှ ၇ လက်မခန့်အထိရှိနိုင်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းအန္တရာယ်များနှင့် ကမ်းရိုးတန်းအချို့နေရာများသည် မုန်တိုင်းကြောင့် မုန်တိုင်းဒီရေတက်ခြင်းကို ကြုံတွေ့ရနိုင်ပါသည်။
- ယခုဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းလမ်းကြောင်း ခန့်မှန်းချက်သည် မိုးလေဝသဖြစ်စဉ် သဘောသဘာဝများကြောင့် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နိုင်သည်လည်းဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည့် ထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် ဂရုပြုနားထောင်ရန် လိုအပ်ပါသည်။
- မြန်မာနိုင်ငံဘက်သို့ မုန်တိုင်းဝင်ရောက်မည်ဆိုပါက ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသများသည်လည်း မုန်းတိုင်းနှင့်ပတ်သက်၍ အထူးသတိပြုရန် လိုအပ်ပြီး အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

(၁) မုန်တိုင်းဖြစ်ပေါ်လာပါက လုံခြုံမှုရှိစေရေး ဘေးလွတ်ကင်းရာနေရာတွင် ခိုလှုံနေထိုင်ရန် လိုအပ်ပါသည်။ သို့ရာတွင် ယခုကာလသည် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ပြင်ဆင်ထားပါ။

(၂) လိုအပ်လာပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန် စီစဉ်ထားပြီး အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။ COVID-19 ကူးစက်ရောဂါကာကွယ်နိုင်ရန်အတွက် ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ ပါးစပ်နှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူ ဆောင်သွားပါ။

(၃) လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရံသင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(၄) မိသားစုဝင်များကွဲကွာသွားခဲ့ပါက ပြန်လည်ဆုံတွေ့နိုင်မည့် ဆုံရပ်သတ်မှတ်ထားပါ။ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်/ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။

(၅) ကမ်းခြေများအနီး နေထိုင်သူများ၊ အလုပ်လုပ်ကိုင်နေသူများ၊ ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများ မုန်တိုင်းသတင်းကို စဉ်ဆက်မပြတ် နားထောင်၊ လေ့လာ၍ အထူးသတိပြုနေထိုင်ပါ။ မုန်တိုင်းဒီရေတက်ရောက်နိုင်သည်ကိုလည်း သတိပြုပါ။

(၆) ကုန်းတွင်းပိုင်းဒေသများအနေဖြင့် မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ၊ မိုးကြိုးပစ်ခြင်းများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် အထူးသတိပြုနေထိုင်ပါ။

(၇) တောင်ကျချောင်းများတွင် ရုတ်တရက်ရေကြီးမှုများ ဖြစ်လာနိုင်သဖြင့် တောင်ကျချောင်းများအနီး နေထိုင်သူများ အထူးသတိထားနေထိုင်ပါ။ လိုအပ်ပါက လုံခြုံသည့်နေရာသို့ ကြိုတင်ရွှေ့ပြောင်းပါ။

(၈) မြစ်၊ ချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့် နေရာများမှ ခေတ္တရှောင်ရှား နေထိုင်ပါ။

(၉) မိမိတို့ရပ်ရွာအတွင်း မုန်တိုင်းဒဏ်ခံနိုင်သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အဦများသို့ ရွှေ့ပြောင်းနေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့်ဘေးလွတ်ကင်းရာနေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပါ။

- ပြည်သူများအနေဖြင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာကာ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇- ၃၄၀ ၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ ပျက်စီးမှုများဖြစ်ပွားခဲ့သည့် အဆောက်အအုံများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယမန်နေ့တွင် ကချင်ပြည်နယ် မံစီမြို့နယ်၌ နေအိမ် ခုနစ်လုံးနှင့် ဘာသာရေးအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ လူတစ်ဦး သေဆုံး၍ တစ်ဦးဒဏ်ရာရရှိခြင်း၊ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ နေအိမ်လေးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ နေအိမ်ခြောက်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးနှင့် ဒိုက်ဦးမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး ကံမ၊ ထီးလင်းနှင့် ပေါက်မြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၇ လုံးနှင့် ဘာသာရေးအဆောက်အအုံ ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ လူတစ်ဦး ဒဏ်ရာရရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ စဉ့်ကိုင်၊ မတ္တရာနှင့် မလှိုင်မြို့နယ်တို့၌ နေအိမ် ၁၀ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၅၃ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ လူတစ်ဦး သေဆုံးပြီး လူတစ်ဦး ဒဏ်ရာရရှိခြင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ်၌ နေအိမ်ကိုးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၁ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် သီပေါ၊ နမ့်ခမ်းနှင့် ကျေးသီးမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၀ လုံးနှင့် ဘာသာရေးအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံးသွားရောက်ဆောင်ရွက်ခဲ့သည်။

ဧပြီ ၉ ရက်မှ မေ ၁၄ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၇၆၇ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၅ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၀၃၃၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၉၇ လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူခုနစ်ဦး သေဆုံးပြီး လူ ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် သေဆုံး၊ ဒဏ်ရာရသူ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၅၉၆ ဒသမ ၆ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**








## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၄**

ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# မွေးမြူရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ပဋိဇီဝဆေးယဉ်ပါးမှုကို လျှော့ချနိုင်ရေးအတွက် ပဋိဇီဝဆေးများသုံးစွဲနေခြင်းကို ထိန်းချုပ်ကန့်သတ်သည့် ညွှန်ကြားချက်ထုတ်ပြန်

**နေပြည်တော် မေ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မွေးမြူရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ပဋိဇီဝဆေးယဉ်ပါးမှုကို လျှော့ချနိုင်ရေးအတွက် ပဋိဇီဝဆေးများကို တိရစ္ဆာန်အစာများတွင် ကြီးထွားဆေး (Growth Promoter) အဖြစ် သုံးစွဲနေခြင်းကို ထိန်းချုပ်ကန့်သတ်နိုင်ရန် မေ ၁၁ ရက်က ညွှန်ကြားချက်အမှတ် (၄/၂၀၂၀) ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ညွှန်ကြားချက်၌ –

ပြည်သူ့ကျန်းမာရေးအတွက် အသုံးပြုရန် သီးသန့်ထားရှိရမည့် ဆေးအုပ်စု(Watch Reserve Group)တွင် ပါဝင်နေသည့် အောက်ဖော်ပြပါ ပဋိဇီဝဆေးဝါးများနှင့် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ ဟော်မုန်းများကို တိရစ္ဆာန်အစာများ ဖော်စပ်ထုတ်လုပ်ရောင်းချရာ၌ ထည့်သွင်းအသုံးပြုခြင်းမပြုရ –

**တိရစ္ဆာန်အစာများတွင် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ သုံးစွဲရန် တားမြစ်ပိတ်ပင်မည့် မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများစာရင်း**

| စဉ် | အမည် | အကြောင်းအရာ | သုံးစွဲမှု | မှတ်ချက် |
|---|---|---|---|---|
| (က) | Colistin | ဆေးမျိုးစုံယဉ်ပါးသည့်အခါ နောက်ဆုံးအဆင့်အသုံးပြုရမည့် ဆေးဝါး (Last-resort for Multi-drug resistance ) | Bactericidal | Reserve group |
| (ခ) | 3rd & 4th gen: Cephalosporin | လူသားရောဂါအများစုကို ကုသရန် (To treat multiple human conditions) | Bactericidal | Watch group |
| (ဂ) | Fluroquinolone class | ဆဲလ်မိုနဲလားရောဂါနှင့် ဒေါင့်သန်းရောဂါကို ကုသရာတွင် အရေးကြီးသည့်ဆေးဝါး (Important for t/m of life threatening infections of Salmonella and Anthrax) | Bactericidal | Watch group |
| (ဃ) | Hormones | | Estrogen, progesterone, testosterone and their synthetic version | |

အထက်ဖော်ပြပါဆေးဝါးများမှအပ အခြားပဋိဇီဝဆေးဝါးများကို တိရစ္ဆာန်အစာများတွင် ထည့်သွင်းအသုံးပြုလိုပါက အောက်ပါအဆင့်သတ်မှတ်ချက်များအတိုင်း အသုံးပြုရမည်–

| စဉ် | တိရစ္ဆာန်အမျိုးအစား | ပဋိဇီဝဆေးထည့်သွင်းအသုံးပြုခွင့်ပေးသည့်အဆင့် | ပဋိဇီဝဆေးထည့်သွင်းအသုံးပြုခြင်းအား တားမြစ်သည့်အဆင့် |
|---|---|---|---|
| (က) | ဥစားကြက်/ဘဲ/ငုံး/ကြက်ဆင်(Poultry-Layer) | ကြက်/ဘဲ/ ငုံး/ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ ငုံး/ ကြက်ဆင်မဒန်းအစာ | ဥကြက်မအစာ (18th week onward) ဥစားငုံးမအစာ(5th week onward) ဥစားဘဲမအစာ(22nd week onward) |
| (ခ) | အသားစားကြက်/ဘဲ/ကြက်ဆင်(Poultry-Broiler) | ကြက်/ဘဲ/ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ကြက်ဆင်လတ်အစာ | အသားတိုးကြက်/ဘဲ/ကြက်ဆင်ကြီး/ Semi-broiler ကြက်ကြီးအစာ (7days before market) |
| (ဂ) | အသားတိုးဝက် (Swine) | ဝက်ငယ်အစာ (Pre-starter & Starter)၊ ဝက်လတ်အစာ (Grower) | ဝက်ကြီးအစာ (Finisher) |
| (ဃ) | နို့စားနွား (Dairy Cattle) | နွားငယ်အစာ (Calf Ration)၊ မဒန်းအစာ (Heifer Ration) | နို့ပေးနွားမအစာ (Lactating Cow Ration) နို့ခမ်းနွားမစာ (Dry Cow Ration) |
| (င) | အသားစားနွား (Beef Cattle) | နွားငယ်အစာ (Calf Ration)၊ နွားလတ်အစာ (grower ration) | နွားကြီးအစာ (Fattening Ration) |

တိရစ္ဆာန်အစာအိတ်များတွင် အညွှန်းဖော်ပြရာ၌ Conventional Feed နှင့် Medicated Feed (၂) မျိုး ခွဲခြား၍ ဖော်ပြရမည့်အပြင် အောက်ပါအချက်များပါ ထည့်သွင်းဖော်ပြရမည်–

| No. | Conventional Feed | Medicated Feed |
|---|---|---|
| 1. | Brand name | Brand name |
| 2. | Feed type (crumbles, pellets, mash, etc.) | Feed type (crumbles pellets, mash, etc.) |
| 3. | Feeding program (eg. Feed code & age, Pre-starter/ starter/grower/ finisher) | Feeding program (eg. Feed code & age, Pre-starter/ starter/grower/ finisher) |
| 4. | Net wt. | Net wt. |
| 5. | Mfg.date/Batch no. | Mfg.date/Batch no. |
| 6. | Exp. Date | Exp. date |
| 7. | Storage condition | Storage condition |
| 8. | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) |
| 9. | Ingredients (Fish meal, Vitamins, minerals, etc.) | Ingredients (Fish meal, Vitamins, minerals, etc.) |
| 10. | Growth promoter | Active principle for treatment |
| 11. | Precaution | Precaution |
| 12. | Address | Address |

မှတ်ချက်။ ။ နံပါတ် (3, 4, 5, 6, 7, 11, 12)တို့ကို မြန်မာဘာသာဖြင့် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ကျန်နံပါတ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။

ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်ရက်မှစ၍ (၆)လနောက်ပိုင်း ထုတ်လုပ်ရောင်းချသော တိရစ္ဆာန်အစာများအတွက် အကျိုးသက်ရောက်မှုရှိသည်။

ဤညွှန်ကြားချက်ကို လိုက်နာမှုရှိ၊ မရှိ ဈေးကွက်အတွင်း စစ်ဆေးခြင်း(Post Market Surveillance) ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# တောင်သူ ၁၇ သိန်းကျော်အား အတိုးငါးရာခိုင်နှုန်းဖြင့် မိုးရာသီစိုက်ပျိုးစရိတ် စတင်ထုတ်ချေးမည်

**ရန်ကုန် မေ ၁၄**

ယခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေ၏ တစ်နှစ်စာအတိုးနှုန်းကို ယခင် ရှစ်ရာခိုင်နှုန်းဖြင့် ချေးခဲ့ရာယခု ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်နေသောကြောင့် တောင်သူများ အစဉ်ပြေစေရန် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့်သာ ချေးငွေရယူသည့် တောင်သူ ၁၇ သိန်းကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**မေ ၁၅ ရက်မှ စတင်ထုတ်ချေး**

"ကျွန်တော်တို့ မိုးချေးငွေတွေကို မေ ၁၅ ရက်မှစပြီး တစ်နိုင်ငံလုံးက တောင်သူတွေကို ထုတ်ချေးသွားပါမယ်။ မိုးစပါးစိုက်ပျိုးမယ့် တောင်သူတွေ သက်သက်သာသာနဲ့ ရဖို့အတွက် စိုက်ပျိုးစရိတ်ချေးငွေကို ရှစ်ရာခိုင်နှုန်းကနေ အခု ငါးရာခိုင်နှုန်းသတ်မှတ်ပေးပြီး ထုတ်ချေးပေးသွားပါမယ်။ ဒီလို အတိုးနှုန်းသက်သက်သာသာနဲ့ ရတဲ့အတွက် ချေးငွေအပေါ်မှာ ဝန်ထုပ်၊ ဝန်ပိုးမဖြစ်တော့ဘူး။ ချေးငွေကို လယ်ယာလုပ်ငန်းမှာ ထိထိရောက်ရောက်အသုံးချမယ်ဆိုရင် လယ်ယာကုန်ထုတ်လုပ်ငန်းတွေ တိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် တကယ်လုပ်နိုင်စွမ်းရှိတဲ့ တောင်သူတွေကို လယ်ယာသုံးစက်ကိရိယာတွေ၊ ရိတ်သိမ်းခြွေလှေ့စက်တွေ၊ ထွန်စက်တွေဝယ်ဖို့ မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်နဲ့ JICA ချေးငွေရယ်၊ နောက် မြန်မာ့စီးပွားရေးဘဏ်နဲ့ ပေါင်းလုပ်နေတဲ့ အစီအစဉ်တွေမှာ တောင်သူတစ်ဦးကို ကျပ်သိန်း ၅၀၀ အထိ ထုတ်ချေးပေးပါတယ်။ သုံးနှစ်၊ ငါးနှစ်စတဲ့ နှစ်တို၊ နှစ်ရှည်ကို အတိုးငါးရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်း



အထိသာ အတိုးနှုန်းဖြင့် ထုတ်ချေးပေးပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ပြောသည်။

ယခု မိုးရာသီကာလအတွက် တစ်နိုင်ငံလုံးရှိ ချေးငွေရယူသည့် တောင်သူပေါင်း ၁၇ သိန်းကျော်အတွက် အသစ်ထပ်မံထုတ်ချေးသွားမည့် မိုးစပါးစိုက်ပျိုးစရိတ် ငွေကျပ်ဘီလီယံ ၁၄၇၀ ကျော်ကို တစ်နိုင်ငံလုံးတွင်ရှိသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးမှုဘဏ်ခွဲပေါင်း ၂၀၈ ဘဏ်မှထုတ်ချေးပေးသွားမည်ဖြစ်သည်။ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးကို မေ ၁၈ ရက်မှ စတင်ထုတ်ချေးပေးမည်ဖြစ်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများကို မေ ၁၅ ရက်တွင် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မိုးစပါးတစ်နှစ်စာ ချေးငွေထုတ်ပေးရာတွင် တောင်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ၂၀၁၉ ခုနှစ် ဘဏ်ချေးငွေဟောင်းများကို အမြန်ဆပ်ပြီးမှသာ ယခု ၂၀၂၀ ပြည့်နှစ် မိုးစပါးချေးငွေများကို ပြန်လည်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ ချေးငွေထုတ်ယူမည့် တောင်သူများတွင် လုပ်ကွက်နည်းတောင်သူများအတွက် စပါးတစ်ဧကပိုင်လျှင် ချေးငွေကျပ် ၁၅၀၀၀၀ ရရှိမည်ဖြစ်ပြီး အခြား ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ စသည်များကို တစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျေနပ်အားရဖွယ်**

"အရင်တုန်းကတော့ ချေးငွေပြန်ဆပ်ရမယ့်ရက်ကို သတ်မှတ်ပြီး ရွာထဲမှာ အသိပေးကြော်ငြာတယ်။ ဒီအပေါ်မှာ အခက်အခဲတွေရှိခဲ့ကြတယ်။ အခုကတော့ ချေးငွေပြန်ဆပ်ရမယ့်ရက်ကို နောက်သို့ရွှေ့ပြောင်းပေးပြီး ထပ်တိုးဒဏ်ကြေးကို လျှော့ချပေးတယ်။ အခု အတိုးနှုန်းလည်း လျှော့ပေးလိုက်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ တောင်သူတွေအဖို့ကတော့ ကျေနပ်အားရဖွယ်ရှိလာပါတယ်" ဟု မအူပင်မြို့နယ်မှ စပါးစိုက်တောင်သူ ဦးစိုးမြင့်က ပြောသည်။

မိုးစပါးချေးငွေထုတ်ချေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများသို့ လာရောက်ချေးငွေထုတ်ယူမည့် တောင်သူများအတွက် ဘဏ်လုပ်ငန်းများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ထားသောနည်းစနစ်များအတိုင်း နှာခေါင်းစည်းတပ်စေခြင်း၊ လက်ဆေးခြင်း၊ သုံးပေအကွာတွင် လုပ်ငန်းဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# ဟဲဟိုးမြို့၌ သီးနှံများ ဝယ်လိုအားနှင့် ဈေးကွက်ကျဆင်းနေမှုကြောင့် တောင်သူများနှင့် တွေ့ဆုံ

ဟဲဟိုး မေ ၁၄

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဂေါ်ဖီ၊ မုန်ညင်း စသည့်သီးနှံဈေးကွက်များ ဝယ်လိုအားနှင့် ဈေးကွက်ကျဆင်းနေမှုကြောင့် ဒေသခံတောင်သူများ၏ အကျပ်အတည်းဖြစ်ပေါ်နေမှုအပေါ် ကြုံတွေ့နေရသော အခက်အခဲပြဿနာများ၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့်စပ်လျဉ်း သည့် ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ဟဲဟိုးမြို့ ကော်ဖီနှင့် သီးနှံစုဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဂေါ်ဖီ၊ မုန်ညင်း စသည့်သီးနှံဈေးကွက်များ ဝယ်လိုအားနှင့် ဈေးကွက်ကျဆင်းနေမှုကြောင့် ဒေသခံတောင်သူများ၏ အကျပ်အတည်းဖြစ်ပေါ်နေမှုအပေါ် ကြုံတွေ့နေရသော အခက်အခဲပြဿနာများနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြောကြားရာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာက ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက လိုအပ်သည်များတင်ပြရာ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကလောမြို့နယ် မြင်းမထိကျေးရွာရှိ ဂေါ်ဖီ၊ မုန်ညင်း စိုက်ပျိုးသည့် တောင်သူများအား ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ သဘာဝမြေဩဇာများနှင့် စိုက်ပျိုးရေးနည်းပညာပေး လက်ကမ်းစာစောင်များအား တောင်သူစိုက်ခင်းအရောက် ကွင်းဆင်း၍ထောက်ပံ့ပေးအပ်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးမြို့ Myanmar Bell အခြောက်ခံစက်ရုံနှင့် မြင်းမထိကော်ဖီစိုက်ကွင်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

စိုးညွန့်ရွှေ(ပြန်/ဆက်)

# သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

သီပေါ မေ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အဝင်၊ အထွက် စစ်ဆေးရေးဂိတ်ထားရှိပြီး စစ်ဆေးဆောင်ရွက်လျက် ရှိရာ မေ ၁၁ ရက် နံနက် ၉ နာရီက စစ်ဆေးရေးအထွက် ဂိတ်တွင် ခရီးသွားများအား သွားရောက်မည့်ခရီးစဉ်များ မေးမြန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

လှူဒါန်း

မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်တွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသူများကို စေတနာရှင် သီပေါရွှေဩဇာရွှေရတနာရောင်းဝယ်ရေးမှ ဦးစိုင်းသာအောင်မိသားစုက ထမင်းဟင်းလျာနှင့် ဓာတ်ဆားရည်ဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

❐ မြန်မာနိုင်ငံမှ

ပြိုင်ပွဲကျင်းပရေးသည် ကစားသမားများကို သတ်မှတ်ထားသည့် အနီရောင်နှင့် နက်ပြာရောင်အင်္ကျီများကိုသာ ဝတ်ဆင်ကစားကစားခွင့်ပြုထားပြီး အင်္ကျီပေါ်တွင်လည်း စပွန်ဆာကုမ္ပဏီများကိုသာ ဖော်ပြခဲ့သော်လည်း ပရိသတ်အားပေးမှု များပြားနေသည့် ဘုန်းမြင့်ကျော်အတွက် နိုင်ငံအလံပါအင်္ကျီအား ဂုဏ်ပြုသည့်အနေဖြင့် ဝတ်ဆင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"မေ ၁၅ ရက်မှာ ပွဲတွေပြန်ကစားရတော့မှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ပွဲတွေကို မြန်မာနိုင်ငံက ပရိသတ်တွေ အားပေးနေတာကို ပြိုင်ပွဲကျင်းပတဲ့သူဌေးက သိရတဲ့အတွက် လေးစားဂုဏ်ပြုပြီး အင်္ကျီမှာ မြန်မာနိုင်ငံအလံ တပ်ဆင်ခွင့်ပြုခဲ့ပါတယ်။ မေ ၁၅ ရက်မှာ စတင်ဝတ်ဆင်ခွင့်ရမယ့် အင်္ကျီလည်း ကျွန်တော့လက်ထဲ ရောက်နေပါပြီ။ ဆက်လက်အားပေးပါလို့ ပြောချင်ပါတယ်"ဟု ဘုန်းမြင့်ကျော်က မြန်မာနိုင်ငံအလံပါ အင်္ကျီလက်ခံအပြီး ပြောသည်။

**လေးစားဂုဏ်ပြု**

ယင်းပြိုင်ပွဲကို ကျင်းပနေသည့် ခန်းရှီးစိန့်ရှစ်ကုမ္ပဏီပိုင်ရှင် မစ္စတာ စွန်းယုန်ချောင်းက "မြန်မာနိုင်ငံက ပရိသတ်တွေ ဒီပြိုင်ပွဲကို ကြည့်ရှုအားပေးနေတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ မြန်မာနိုင်ငံက ပရိသတ်တွေရဲ့ အားပေးမှုကို လေးစားဂုဏ်ပြုတဲ့အနေနဲ့ အားတီရဲ့ ပြိုင်ပွဲဝင်အင်္ကျီမှာ မြန်မာနိုင်ငံအလံ တပ်ဆင်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ အားတီလည်း ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ဆုတောင်းပေးပါတယ်"ဟု ပြောခဲ့သည်။

ဘုန်းမြင့်ကျော်သည် Chinese & Ball ပြိုင်ပွဲ ပဉ္စမပွဲစဉ်အဖြစ် မေ ၁၅ ရက် (ယနေ့) ညနေပိုင်းတွင် ရန်ဖန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲတွင် ဘုန်းမြင့်ကျော်အနေဖြင့် မြန်မာနိုင်ငံအလံပါ ပြိုင်ပွဲဝင်အင်္ကျီကို စတင်ဝတ်ဆင်ခွင့်ရမည် ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-Ko Ar Ti Facebook**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဧပြီလထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၂၆၀၆ သန်း ဆောင်ရွက်နိုင်

## ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၅၄၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဧပြီလထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၀၀ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၀၆ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၆၀၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဧပြီလထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉၇၅၀ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၁၄ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၀၆၄ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၉၅၀ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၁၅၉၂ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၄၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည် -

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဧပြီလထိ)(ယာယီ) | ၂၀၁၈-၂၀၁၉ (ဧပြီလထိ) | | နှိုင်းယှဉ်ချက် (တိုး(+)/ လျော့(-)) |
|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၈၈.၄၄၅ | ၂၀၁၇.၂၅၃ | | ၃၇၁.၁၉၂ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၆၀.၁၄၉ | ၂၈၁.၉၀၇ | (-) | ၂၂၁.၇၈၅ |
| ၃ | ရေထွက်ပစ္စည်းများ | ၅၆၉.၆၄၈ | ၄၉၆.၀၄၈ | | ၇၃.၆၀၀ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၁၆၀.၀၀၉ | ၈၅၈.၀၂၇ | | ၂၀၁.၉၈၂ |
| ၅ | သစ်တောထွက်ပစ္စည်း | ၉၅.၅၀၀ | ၁၀၃.၅၆၆ | (-) | ၈.၀၆၆ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၆၄၉.၁၀၅ | ၅၄၀၉.၅၉၃ | | ၂၃၉.၄၁၂ |
| ၇ | အခြားပစ္စည်းများ | ၇၇၇.၉၄၂ | ၅၆၃.၉၃၆ | | ၂၁၄.၀၀၆ |
| | စုစုပေါင်း | ၁၀၇၀၀.၆၉၈ | ၉၇၅၀.၃၃၀ | | ၉၅၀.၃၆၈ |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဧပြီလထိ) (ယာယီ) | ၂၀၁၈-၂၀၁၉ (ဧပြီလထိ) | နှိုင်းယှဉ်ချက် (တိုး(+)/ လျော့(-)) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၆၈၃.၅၀၂ | ၃၂၀၃.၁၀၁ | ၁၄၈၀.၄၀၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၄၃၄၅.၂၁၃ | ၄၃၄၃.၉၂၉ | ၁.၂၈၄ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၈၇၇.၂၄၉ | ၂၇၆၇.၂၃၀ | ၁၁၀.၀၁၉ |
| | စုစုပေါင်း | ၁၁၉၀၅.၉၆၄ | ၁၀၃၁၄.၂၆၀ | ၁၅၉၁.၇၀၄ |



မေ ၁၁ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာ စက်မှုဇုန်တွင်နေထိုင်သည့် စက်ရုံလုပ်သား အိမ်ထောင်စု ၂၂၆၀ အတွက် ဆန် (၆) ပြည်၊ ဆီ (၁) ပိဿာ၊ ပဲ (၁) ပိဿာစီအား စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဝင်များ၊ မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကောင်းသိန်းထွန်းနှင့် အလှူရှင်များက လှူဒါန်းစဉ်။ ကြေးမုံ



# ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့စီးပွားရေး ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိ

**ဝါရှင်တန် မေ ၁၄**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေသည် ၂၀၂၀ ပြည့်နှစ်အတွင်း ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ လျော့ကျသွားနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂအဖွဲ့က ခန့်မှန်းပြောကြားလိုက်သည်။

အဆိုပါစီးပွားရေးကျဆင်းမှုသည် ကမ္ဘာ့စီးပွားရေးပျက်ကပ်ဖြစ်ပွားခဲ့သည့် ၁၉၃၀ ပြည့်နှစ် နောက်ပိုင်း အကြီးမားဆုံးကျဆင်းမှုဖြစ်လာမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်လယ်မှစပြီး ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် အနာဂတ်အလားအလာကို ခန့်မှန်းတွက်ချက်ထားသည့် အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့ စီးပွားရေးနှင့်လူမှုရေးရာဌာနက ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့နိုင်ငံများသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိစဉ် တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို တဖြည်းဖြည်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်ဆိုသည့် ယူဆချက်ပေါ်တွင် အခြေခံကာ အဆိုပါအစီရင်ခံစာကို ရေးသားထားသည်။

၂၀၂၀ ပြည့်နှစ်အတွင်း အမေရိကန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေသည် ၄ ဒသမ ၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသည် ၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံသည် ၁ ဒသမ ၇ ရာခိုင်နှုန်းအသီးသီး လျော့ကျသွားနိုင်ဖွယ်ရှိသည်။

ထို့ပြင် ယခုနှစ်နှောင်းပိုင်း၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဒုတိယလှိုင်းရိုက်ခတ်မှုကို ကမ္ဘာ့နိုင်ငံများအနေဖြင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိသည့်အတွက် ခရီးသွားလာခွင့်ကန့်သတ်ချက်များနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ပိတ်ပင်တားမြစ်ခြင်းစသည့် စည်းမျဉ်းများကို ၂၀၂၁ ခုနှစ်အစောပိုင်းအထိ ပြန်လည်ချမှတ်နိုင်သည်။ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေသည် ၂၀၂၀ ပြည့်နှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလာခြင်းကြောင့် အဓိကအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမှုနှုန်းများ ပိုမိုမြင့်တက်လာစေနိုင်သည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပူးပေါင်းလုပ်ဆောင်ပေးရန်နှင့် ငွေကြေးကူညီထောက်ပံ့မှုများပေးရန် အဆိုပါအစီရင်ခံစာက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**



# ကိုဗစ်-၁၉ လူနာများကုသရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယာယီဆေးရုံကြီးတစ်ခု တည်ဆောက်နေ

**ဒါကာ မေ ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အရှိန်မြင့်လာသော ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို တိုက်ဖျက်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကိုဗစ်-၁၉ လူနာများ ကုသပေးရန် ယာယီဆေးရုံကြီးတစ်ခုကို သုံးပတ်အတွင်း တည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်မှု ပြုလုပ်ထားလင့်ကစား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၁၈၀၀၀ နီးပါးနှင့် သေဆုံးသူ ၂၆၉ ဦးရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကြေညာခဲ့သည်။ လုံလုံလောက်လောက် မစမ်းသပ်နိုင်ခြင်းကြောင့် အမှန်တကယ်ကူးစက်ခံရသူနှင့် သေဆုံးသူ ပိုမိုများပြားနိုင်ကြောင်း ဝေဖန်သူများက ပြောသည်။ လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အစိုးရဆေးရုံများက ကိုရိုနာဗိုင်းရပ်စ်လူနာများကို ကုသပေးနေပြီး ဒါကာမြို့တော်ရှိ တည်ဆောက်ဆဲခုတင် ၂၀၈၄ ဆံ့ ဆေးရုံသစ်သည် နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများအပေါ် ဖိအားပေးမှု လျှော့ပါးစေမည်ဟု တာဝန်ရှိသူများက မျှော်လင့်နေသည်။

"ကျွန်တော်တို့ လိုအပ်နေတဲ့ လူသားရင်းမြစ်ကို စီမံခန့်ခွဲနိုင်မယ်ဆိုရင် ဒီဆေးရုံမှာ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်ပါတယ်" ဟု ဆေးရုံမဖွင့်လှစ်မီ ကျန်းမာရေးလုပ်သား ၄၀၀၀ ကျော် လိုအပ်ကြောင်း ဆေးရုံ၏ ညွှန်ကြားရေးမှူး အဲဆန်နျူဟတ်က ပြောသည်။ ယခုတည်ဆောက်နေသည့် ဘာရှန်ဒရာ ကွန်ဗင်းရှင်းစင်တာ (BCCGH)မှာ ကွန်ဗင်းရှင်းစင်တာသုံးခုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပုဂ္ဂလိကကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘာရှန်ဒရာအုပ်စုက ငှားရမ်းခဲ့သည့် စတုရန်းပေ ၂ ဒသမ ၅ သန်းရှိ ကြီးမားသော ယာယီအဆောက်အအုံတစ်လုံးဖြင့် ဖွဲ့စည်းထားသည်။

အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းနှင့်ညီမျှသည့် တာကာ သန်း ၂၉၀ အကုန်အကျခံ၍ ဆေးရုံတည်ဆောက်ရန် အလုပ်သမား ၂၅၀ က နေ့ရောညပါ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာက ပြောသည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ကျော်ထိုက်စိုး**



# ပါလက်စတိုင်းအရေး အပြည့်အဝ ထောက်ခံကြောင်း အီရန်ကြေညာ

**တီဟီရန် မေ ၁၄**

ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ အီရန်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ကြေညာသည်။

ပါလက်စတိုင်းအပေါ် အစ္စရေး၏ ကျူးကျော်သိမ်းပိုက်မှုနှင့် ရန်လိုမှုများကို အဆုံးသတ်ရန်နှင့် ပါလက်စတိုင်းပြည်သူများ၏ အခွင့်အရေးပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးရန် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အစ္စလာမ္မစ်နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအားလုံးကို တိုက်တွန်းလိုက်ကြောင်း သိရသည်။

သောင်းနှင့်ချီသော ပါလက်စတိုင်းပြည်သူများသည် ၁၉၄၈ ခုနှစ်က ၎င်းတို့၏ အမိမြေမှ နှင်ထုတ်ခြင်းခံခဲ့ရကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် "နာကဘာနေ့" သို့မဟုတ် "ကပ်ဘေးနေ့"ကို အခြေချနေထိုင်မှု၊ ပါလက်စတိုင်းပြည်သူများအား ၎င်းတို့၏ အမိမြေမှ နှင်ထုတ်မှုနှင့် ဆီးရီးယားပိုင် ကိုလန်ကုန်းမြင့်ဒေသအား ကျူးကျော်သိမ်းပိုက်မှုအပါအဝင် မှန်ကန်သော ပါလက်စတိုင်းပိုင်ရှင်များအပေါ် အစ္စရေး၏ ရာဇဝတ်မှုစတင်သည့်နေ့အဖြစ် အဓိပ္ပာယ်ဖော်ပြထားသည်။

ပါလက်စတိုင်းပြည်သူများသည် အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးကြေညာခဲ့သည့် ၁၉၄၈ ခုနှစ် မတိုင်မီနှင့် လွတ်လပ်ရေး ကြေညာခဲ့ပြီးနောက် အိုးအိမ်စွန့်ခွာသွားသည့် ပါလက်စတိုင်းပြည်သူ သုံးပုံနှစ်ပုံတို့အား အောက်မေ့သတိရသည့်အနေဖြင့် နာကဘာနေ့ကို နှစ်စဉ် မေ ၁၅ ရက်တွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

# အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ခရီးသွားလာခွင့်ကန့်သတ်ချက်များကို ဇွန် ၈ ရက်အထိ တိုးမြှင့်သတ်မှတ်

**ဝါရှင်တန် မေ ၁၄**

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် နေအိမ်အတွင်းမှာသာ နေထိုင်ရမည့်စည်းမျဉ်းကို ဇွန် ၈ ရက်အထိ ဆက်လက်တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း ဝါရှင်တန်ဒီစီ မြို့တော်ဝန် မျူရယ်ဘော်ဆာက ယမန်နေ့က ကြေညာခဲ့သည်။

**လေးရက်ဆက်တိုက်အထိသာ ကူးစက်ခံရသူမရှိခဲ့**

စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်ဖို့နဲ့ ခရီးသွားလာမှုတွေ ဖြေလျှော့ပေးဖို့ဆိုတာ အခုအချိန်မှာတော့ မဖြစ်နိုင်သေးပါဘူးဟု မြို့တော်ဝန် မျူရယ်ဘော်ဆာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဝါရှင်တန်ဒီစီအတွင်းမှာ ၁၄ ရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူမရှိစေရန် မျှော်လင့်ထားသော်လည်း လေးရက်ဆက်တိုက်အထိသာ ကူးစက်ခံရသူမရှိခဲ့ကြောင်း မြို့တော်ဝန် မျူရယ်ဘော်ဆာက ဆိုသည်။

**ပြောင်းလဲသတ်မှတ်ခဲ့**

ခရီးသွားလာခွင့်ကန့်သတ်ချက်များကို မေ ၁၅ ရက်အထိသာ ချမှတ်မည်ဟု ယခင်ကကြေညာခဲ့သော်လည်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိသည့်အတွက် ဇွန် ၈ ရက်သို့ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဝါရှင်တန်ဒီစီတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၈၄ ဦးရှိပြီး သေဆုံးသူ ၃၅၀ ရှိကြောင်း ဒေသန္တရအစိုးရအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**



ဝါရှင်တန်ဒီစီ မြို့တော်ဝန် မျူရယ်ဘော်ဆာ

# ကိုရိုနာဗိုင်းရပ်စ် အချိန်ကြာမြင့်စွာ ဆက်ရှိနေဦးမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေးပြောကြား

**ဂျီနီဗာ မေ ၁၄**
ကိုရိုနာဗိုင်းရပ်စ်သည် အချိန်ကြာမြင့်စွာဆက်ရှိနေဦးမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၁၃ ရက်တွင် သတိပေးပြောကြားခဲ့သည်။

မေ ၁၃ ရက်က ပြုလုပ်သည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ရှင်းလင်းပွဲတစ်ခုတွင် အဆိုပါဗိုင်းရပ်စ်ပျောက်ကွယ်သွားမည့်အချိန်နှင့်စပ်လျဉ်း၍ ခန့်မှန်းရန် ကြိုးစားနေမှုများကို ဆန့်ကျင်လျက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေအစီအစဉ် ညွှန်ကြားရေးမှူး ဒေါက်တာ မိုက်ကယ်ရိုင်ယန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုး တွေ့ရှိခဲ့လျှင်တောင် ဗိုင်းရပ်စ်ထိန်းချုပ်မှုမှာ ကြီးမားများပြားသည့် ကြိုးပမ်းမှုတစ်ရပ် လိုအပ်လိမ့်မည်ဖြစ်ကြောင်းလည်း ဒေါက်တာ မိုက်ကယ်ရိုင်ယန်က ဆက်လက်ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် ကမ္ဘာတစ်ဝန်း၌ လူဦးရေသုံးသိန်းနီးပါး သေဆုံးခဲ့ပြီး လူဦးရေ ၄ ဒသမ ၃ သန်းကျော်မှာ အဆိုပါဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရသည်။

ကုလသမဂ္ဂကလည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးသည့် နိုင်ငံများ၌ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် ထိခိုက်နာကျင်စေခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေခဲ့ကြောင်း သတိပေးပြောကြားခဲ့သည်။

အိတ်ချ်အိုင်ဗွီသည် အချိန်ကြာမြင့်စွာဆက်လက်ရှိနေခြင်းကို ထောက်ပြလျက် ကာကွယ်ဆေးများထုတ်လုပ်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအစီအစဉ်ညွှန်ကြားရေးမှူး ဒေါက်တာ မိုက်ကယ်ရိုင်ယန်က အလေးထားပြောကြားခဲ့သည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်သည် ကမ္ဘာ့ဒေသအများအပြားတွင် ဆက်လက်မြင့်တက်နေဦးမည်ဖြစ်ကြောင်းလည်း ဒေါက်တာ မိုက်ကယ်ရိုင်ယန်က သတိပေးပြောကြားခဲ့သည်။




**ကိုးကား-ဘီဘီစီ၊ အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**



# ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ပြောကြား

**တီဟီရန် မေ ၁၄**
တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပထမဆုံး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် သီတင်းပတ်ငါးပတ်အတွင်း ရောဂါကူးစက်ခံရသူများ အဆက်မပြတ် ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် နိုင်ငံအတွင်း ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

တူရကီနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်ငါးပတ်က ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူများသည် ပုံမှန်ပြန်လည်ကျန်းမာလာခဲ့ရာ လက်ရှိအခြေအနေတွင် ယင်းရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ထားနိုင်ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက သိပ္ပံဆိုင်ရာ အကြံပေးဘုတ်အဖွဲ့အစည်းအဝေးအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ရောဂါကူးစက်ခံရသူ ၇၀ ရာခိုင်နှုန်းခန့်သည် ရောဂါကင်းစင်ပြီး ပြန်လည်ကျန်းမာလာကြောင်း ကိုကာက ထပ်မံပြောကြားသည်။ တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၀၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ရောဂါကူးစက်ခံရသူပေါင်း ၁၄၁၄၇၅ ဦးရှိလာကာ ၎င်းတို့အနက် လူနာ ၉၈၈၈၉ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း သိရသည်။

ထို့အတူ တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၅၃ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူဦးရေ ၃၈၉၄ ဦးရှိလာခဲ့သည်။

"တူရကီနိုင်ငံမှာ တစ်ရက်လျှင် လူ ၅၀၀၀၀ ရဲ့နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စမ်းသပ်နိုင်ခဲ့ပေမယ့် နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှု ကျဆင်းလာတာကြောင့် ဒီစစ်ဆေးမှုပမာဏကတော့ မလိုအပ်ပါဘူး"ဟု ကိုကာက ဆိုသည်။

တစ်ချိန်တည်းမှာပင် ကျန်းမာရေးဝန်ကြီးက လူဦးရေ ၆၂၃၉ ဦးပါဝင်သည့် တူရကီနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအဖွဲ့သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ရောဂါကူးစက်ခံရသူ ၇၂၂၀၀၀ ကို ထိရောက်စွာ ပြုစုကုသပေးနိုင်ခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

**ကိုးကား – အက်ဖ်အင်န်အေ
ဘာသာပြန် – ဂျေတီ**

# ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်နှစ်အတွင်းအဆင်သင့်ဖြစ်နိုင်ဟု အီးယူ ဆေးအေဂျင်စီ ပြောကြား

**သည်ဟိတ် မေ ၁၄**
လက်ရှိဆောင်ရွက်ဆဲ စမ်းသပ်မှုများမှ အချက်အလက်အပေါ် အခြေခံ၍ အကောင်းဘက်မှ ကြည့်ပါက ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ဆေးကို တစ်နှစ်ကာလအတွင်း အဆင်သင့်ရရှိနိုင်မည်ဖြစ်ကြောင်း ဥရောပဆေးအေဂျင်စီက ယနေ့ ပြောကြားသည်။

စီစဉ်ထားသည့် အတိုင်းဖြစ်လာပါက ကာကွယ်ဆေးအချို့သည် ယခုမှစ၍ တစ်နှစ်အတွင်း အတည်ပြုရန်အတွက် အဆင်သင့်ဖြစ်နိုင်ခြေကို မိမိတို့ မြင်ရကြောင်း ဥရောပဆေးအေဂျင်စီ၏ ဇီဝဗေဒဆိုင်ရာ ကျန်းမာရေးခြိမ်းခြောက်မှုနှင့် ကာကွယ်ဆေး မဟာဗျူဟာဌာနအကြီးအကဲ မာကို ကာဗာလာရီ က သတင်းစာရှင်းလင်းပွဲသို့ ပြောကြားသည်။

မိမိတို့ မြင်နေရသည့်အရာကို အခြေခံ၍ ခန့်မှန်းပြောဆိုခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ဤခန့်မှန်းပြောဆိုချက်များသည် အကောင်းဆုံးအနာဂတ် ဖြစ်နိုင်ခြေဖြစ်သည်ဟု အလေးအနက် ပြောလိုကြောင်း၊ တိုးတက်ဖွံ့ဖြိုးလာမည့် ကာကွယ်ဆေးအားလုံးသည် ခွင့်ပြုချက်ရရှိမည်မဟုတ်သကဲ့သို့ ပျောက်ကွယ်သွားမည်မဟုတ်သည်ကိုလည်း မိမိတို့ သိရှိကြောင်း ၎င်းက ပြောကြားသည်။

နှောင့်နှေးမှုများ ရှိနိုင်သည်ကိုလည်း မိမိတို့သိရှိကြောင်း ကာဗာရီက ပြောကြားသည်။ သို့သော်လည်း ၎င်းအေဂျင်စီက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးသည် စက်တင်ဘာလတွင် အဆင်သင့်ဖြစ်မည်ဆိုသည့် ထုတ်ပြန်ချက်များကို အနည်းငယ် သံသယရှိနေသည်။

ထိုအတောအတွင်း ကိုရိုနာဗိုင်းရပ်စ်သည် ဘယ်တော့မှ ပျောက်ကွယ်သွားမည်မဟုတ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စိုးရိမ်ပူပန်မှုကို အမ်စတာဒမ်မြို့ အခြေစိုက် အီးယူ ဆေးအေဂျင်စီက ယင်းကဲ့သို့ မဖြစ်နိုင်ဟု ပြောဆိုခဲ့သည်။

ထိုကဲ့သို့ပြောရန် အနည်းငယ်စောနေသေးသည်ဟု ထင်ကြောင်း၊ သို့သော်လည်း အချို့ကာကွယ်ဆေးများသည် အဆင်သင့်ဖြစ်လာမည်ဟု အပြည့်အဝယုံကြည်ရန် ခိုင်လုံသည့် အကြောင်းပြချက်များ ရှိကြောင်း ကာဗာလာရီက ပြောကြားသည်။ နောက်ဆုံးတစ်နေ့တွင် ကိုဗစ်-၁၉ ရောဂါကို ကုသရန်အတွက် မည်သည့်ကာကွယ်ဆေးမှ မရှိခဲ့ပါက မိမိအနေဖြင့် အံ့အားသင့်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – အောင်ဇော်လင်း**

# ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ဂျပန်နိုင်ငံတွင် စာသင်ကျောင်း ၈၆ ရာခိုင်နှုန်းခန့် ဆက်လက်ပိတ်ထားလျက်ရှိ

**တိုကျို မေ ၁၄**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ဂျပန်နိုင်ငံ၏ စာသင်ကျောင်း ၈၆ ရာခိုင်နှုန်းကို ဆက်လက်ပိတ်ထားလျက်ရှိသည်ဟု ဂျပန်ပညာရေးဝန်ကြီးဌာန၏ စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံပိုင်စာသင်ကျောင်း ၈၇ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပိုင်စာသင်ကျောင်း ၇၆ ရာခိုင်နှုန်းကို ဆက်လက်ပိတ်ထားကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

စာသင်ကျောင်းများ ပိတ်ထားလျက်ရှိစဉ် ကျောင်းသူကျောင်းသား ၂၇ ရာခိုင်နှုန်းသည် ရက်သတ္တပတ်လျှင် တစ်ကြိမ်နှင့် ၂၁ ရာခိုင်နှုန်းသည် ရက်သတ္တပတ်လျှင် နှစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ်ထက်ပိုပြီး ကျောင်းများသို့ လာရောက်စုဝေးကာ ဆရာ ဆရာမများ၏ ညွှန်ကြားချက်များကို နာယူမှတ်သားကြရသည်။

စာသင်ကျောင်း ၈၀ ရာခိုင်နှုန်းသည် မေ ၂၅ ရက်မှ ၃၀ ရက်အတွင်း ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိစဉ် စာသင်ကျောင်း ၁၆ ရာခိုင်နှုန်းသည် မေ ၂၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားသည်။ သို့သော် စာသင်ကျောင်းသုံးရာခိုင်နှုန်းခန့်သည် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခြင်းမရှိသေးကြောင်း အဆိုပါစစ်တမ်းအရ သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ တိုကျိုမြို့၌ ၁၂ ရက်ဆက်တိုက် ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ၁၀၀ အောက် လျော့ကျလာ

**တိုကျို မေ ၁၄**
မေ ၁၄ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀ သာ ထပ်မံတွေ့ရှိရသည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၁၂ ရက်ဆက်တိုက် ၁၀၀ အောက် လျော့ကျလာခဲ့ကြောင်း တိုကျိုမြို့ အစိုးရအဖွဲ့က ယနေ့ပြောကြားခဲ့သည်။

ယနေ့တွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀ အနက် ရှစ်ဦးသည် ယခင်ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူများနှင့် ထိတွေ့ဆက်ဆံမှုများရှိခဲ့သည်ဟု စစ်ဆေးတွေ့ရှိရသည်။ ကျန်ဗိုင်းရပ်စ်ကူးစက်ခံရသူများသည် မည်သို့ကူးစက်ခဲ့သည်ကို မသိရှိရသေးပေ။

တိုကျိုမြို့၌ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀၂၇ ဦးရှိပြီး သေဆုံးသူ ၂၁၂ ဦး ရှိကြောင်း တိုကျိုမြို့အစိုးရက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်**



# ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများကို အထူးဂရုစိုက်ရန် ကုလသမဂ္ဂအကြီးအကဲ တောင်းဆို

**ကုလသမဂ္ဂ မေ ၁၄**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကို အထူးဂရုစိုက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယနေ့တွင် တောင်းဆိုလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်ရုံသာမက စိတ်ပိုင်းဆိုင်ရာ ခံစားရမှုများလည်း မြင့်တက်လာလျက်ရှိကြောင်း၊ စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်ကြောင့်ကြမှုအပါအဝင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများသည် မိမိတို့၏ ကမ္ဘာတွင် နာကျင်မှုဝေဒနာကို ဖြစ်ပေါ်စေသည့် အဓိက အကြောင်းတရားများအနက် အချို့ဖြစ်ကြောင်း "ကိုဗစ်-၁၉နှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဆောင်ရွက်မှုအတွက် လိုအပ်ချက်" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် မူဝါဒဆိုင်ရာရှင်းလင်းပွဲသို့ ပေးပို့သည့် ဗီဒီယိုသတင်းစကားတစ်ရပ်တွင် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်မှုအောင်မြင်သို့ ရောက်ရှိအောင်လုပ်ဆောင်နိုင်ခဲ့လျှင်တောင်မှ ပူဆွေးသောကရောက်မှု၊ စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ဓာတ်ကျမှုများသည်။ လူမှုအသိုက်အဝန်းများနှင့် ပြည်သူများအား ထိခိုက်မှုများ ဆက်လက်ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်းလည်း ဂူတာရက်စ်က သတိပေးပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်သည့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဆောင်ရွက်ချက်များကို အရေးတကြီး ကိုင်တွယ်ဖြေရှင်းရေးအတွက် အတူတကွလက်တွဲဆောင်ရွက်ရန်လည်း အစိုးရများ၊ လူမှုအဖွဲ့အစည်းများ၊ ကျန်းမာရေးအာဏာပိုင်များနှင့် အခြားသောတာဝန်ရှိသူများအား ဂူတာရက်စ်က တောင်းဆိုထားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဆိုင်ရာ ရည်မှန်းထားသည့် ကတိကဝတ်များကို သီးခြားစီကြေညာချက်ထုတ်ပြန်ရန်လည်း အစိုးရများအား တောင်းဆိုထားသည်။

ကမ္ဘာ့ကျန်းမာရေးညီလာခံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆုံးဖြတ်ချက်ချရာ အစည်းအဝေးဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် (၇၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကိုလည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မေ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# တောင်ကိုရီးယားသို့ ယခုနှစ်အတွင်း လာရောက်လည်ပတ်မည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်ပြော

**ဆိုးလ် မေ ၁၄**

ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်ရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချထားဆဲဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် ဖုန်းဆွေးနွေးမှုအတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ရှီကျင့်ဖျင်၏ခရီးစဉ်က တောင်ကိုရီးယား-တရုတ်ဆက်ဆံရေးတွင် အခြားအရာထက်ပို၍ အရေးပါသည်ဟု မွန်ဂျေအင်းက ပြန်လည်ပြောဆိုခဲ့ကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ကန်မင်ဆိုးခ်က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေ တည်ငြိမ်သွားလျှင် သင့်လျော်သည့် အချိန်၌ ခရီးစဉ်ပြုလုပ်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့သည်ဟု ၎င်းက ဆိုသည်။ ယခုနှစ်ဝက်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ ခရီးစဉ်တစ်ခုသွားရောက်ရန် ရှီကျင့်ဖျင်က အစောပိုင်းတွင် သဘောတူခဲ့သလို မွန်ဂျေအင်းက မတ် သို့မဟုတ် ဧပြီလအတွင်း ခရီးစဉ်ဖြစ်စေလိုခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

အိမ်နီးချင်းနှစ်နိုင်ငံမှာ နိုင်ငံတကာ၏ ကိုဗစ်-၁၉ ရောဂါ ပူးပေါင်းဆောင်ရွက်မှုတွင် စံနမူနာတစ်ခုဖြစ်လာခဲ့ကြောင်း ရှီကျင့်ဖျင်က ပြောသည်။ အိမ်နီးချင်းကောင်းနိုင်ငံဆိုသည်မှာ ရွှေ့နှင့်ပင်မလဲနိုင်ကြောင်း ရှီကျင့်ဖျင်က ပြောကြားခဲ့ပြီး မွန်ဂျေအင်း အာဏာရရှိပြီးနောက်ပိုင်း သုံးနှစ်တာအတွင်း လုပ်ဆောင်ခဲ့ သလို ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။ ဖေဖော်ဝါရီလအတွင်း ၎င်းတို့နှစ်ဦးကြား ဖုန်းဖြင့် ဆွေးနွေးပြီးနောက် နှစ်နိုင်ငံကြား ဗိုင်းရပ်စ်တိုက်ဖျက်ရေး မိတ်ဖက်ဆောင်ရွက်မှု ဆက်လက်တိုးတက်လာခဲ့ကြောင်း မွန်ဂျေအင်းက ပြောသည်။

ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုကို ရှီကျင့်ဖျင်က ထပ်လောင်းအတည်ပြုခဲ့သလို မွန်ဂျေအင်းက ကျေးဇူးတင်ရှိသည်ဟု ပြောကြားခဲ့သည်။ တောင်ကိုရီးယားအစိုးရက ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးတွင် မြောက်ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

**ကိုးကား-ယွန်ဟပ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**





# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ရရှိနိုင်ရေး ကမ္ဘာ့ခေါင်းဆောင်များ တောင်းဆို

**ဂျီနီဗာ မေ ၁၄**

ကမ္ဘာ့ခေါင်းဆောင်များက တစ်နေ့တွင် ရရှိနိုင်မည့် မည်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ကုသဆေးကိုမဆို လူတိုင်းအတွက် အခမဲ့ရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း မေ ၁၄ ရက်က အခိုင်အမာပြောကြားခဲ့ကြသည်။

မည်သည့် ကာကွယ်ဆေးကိုမှ မူပိုင်ခွင့် မှတ်ပုံမတင်သင့်ကြောင်းနှင့် ၎င်းဆေးဖော်ထုတ်သည့် နည်းပညာကိုလည်း နိုင်ငံများအကြားမျှဝေသင့်ကြောင်း ရေးသားထားသည့်စာကို ကမ္ဘာ့ခေါင်းဆောင် ၁၄၀ ကျော်တို့က လက်မှတ်ရေးထိုးကြရာ ထိုအထဲတွင် တောင်အာဖရိက သမ္မတ စီရီလ်ရာမာဖိုဆာနှင့် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းတို့ ပါဝင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မူဝါဒချမှတ်ရေးအဖွဲ့ဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးညီလာခံသည် လာမည့်အပတ်တွင် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။ ၎င်းစာကို လက်မှတ်ရေးထိုးသည့် ကမ္ဘာ့ခေါင်းဆောင်များက လူတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ကုသဆေး အခမဲ့ရရှိရေးကိစ္စကို ထောက်ခံပေးရန် အဆိုပါညီလာခံသို့ ပန်ကြားခဲ့သည်။

ဘေးကင်းပြီး ထိရောက်သည့် ကာကွယ်ဆေးကို ဖော်ထုတ်နိုင်သည့်အခါ ၎င်းကာကွယ်ဆေးကို အလျင်အမြန် ထုတ်လုပ်၍ လူအားလုံး၊ နိုင်ငံအားလုံး အခမဲ့ရရှိနိုင်ရေး သေချာစေမည့် ကမ္ဘာလုံးဆိုင်ရာ အာမခံချက်ရရှိရေးအတွက် အစိုးရများနှင့် နိုင်ငံတကာ မိတ်ဖက်များသည် စည်းလုံးညီညွတ်ရမည်ဖြစ်ကြောင်း ၎င်းစာတွင် ရေးသားဖော်ပြသည်။

ယင်းအာမခံချက်သည် ကိုဗစ်-၁၉ ရောဂါအတွက် ကုသဆေးများအားလုံး၊ ရောဂါရှာဖွေရေးနည်းလမ်းများ နှင့် အခြားနည်းပညာများနှင့်လည်း သက်ဆိုင်ကြောင်း ၎င်းစာတွင် ဖော်ပြသည်။ ၎င်းစာကို ဆီနီဂေါသမ္မတ မက်ကီဆောနှင့် ဂါနာသမ္မတ နာနာအကူဖို-အက်ဒိုတို့က လက်မှတ်ရေးထိုးသည်။

အဆိုပါစာကို လက်မှတ်ရေးထိုးခဲ့ကြသည့် သမ္မတဟောင်းများနှင့် ဝန်ကြီးချုပ်ဟောင်းများထဲတွင် ရှောကတ်အဇစ်၊ ဂျန်ပီတာ ဘောလ်ကီနန်ဒီ၊ ဂျို့စ်မန်ညူရယ် ဘာရိုဆို၊ ဂေါ်ဒွန်ဘရောင်း၊ ဟယ်လင်ကလာ့ခ်၊ ဖိုလစ်ပီဂွန်ဇာလတ်၊ အယ်လင်ဂျွန်ဆင်ဆာလိဖ်၊ အလက်ဆန်ဒါကွာဆနီဆကီ၊ မေရီမက်အလီဆီ၊ အိုလူဆီဂွန် အိုဘာဆန်ဂျို နှင့် ဂျူအန်မန်ညူရယ်ဆန်တို့စ်တို့ပါဝင်သည်။

ပြင်သစ်ဆေးကုမ္ပဏီကြီးဖြစ်သည့် ဆာနိုဖီက မည်သည့်ကာကွယ်ဆေးကိုမဆို အမေရိကန်နိုင်ငံသို့ ပထမဆုံးပေးပို့ရန်အတွက် သီးသန့်ဖယ်ထားမည်ဟု ပြောကြားခဲ့ပြီးနောက် ပြင်သစ်နိုင်ငံအတွင်း အစိုးရတာဝန်ရှိသူများနှင့် ကျန်းမာရေးပညာရှင်များ မေ ၁၄ ရက်က အဆိုပါစာ ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံအများအပြားတွင် အခြေစိုက်သည့် ပြင်သစ်ဆေးကုမ္ပဏီကြီး ဆာနိုဖီ၏ အမှုဆောင်အရာရှိချုပ် ပေါလ်ဟတ်ဒ်ဆ်က ပထမဆုံးထုတ်လုပ်သည့် ကာကွယ်ဆေးများကို အမေရိကန်နိုင်ငံက ရရှိမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမေရိကန်အစိုးရသည် ကာကွယ်ဆေး သုတေသနလုပ်ငန်းအတွက် ရန်ပုံငွေထောက်ပံ့ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊**
**ဘာသာပြန်-အောင်ဇော်လင်း**

# လာအိုတွင် ၃၂ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အသစ် ထပ်မံတွေ့ရှိခြင်းမရှိ

**ဗီယင်ကျန်း မေ ၁၄**

လက်ရှိအချိန်တွင် လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အတည်ပြုလူနာ ၁၉ ဦးရှိရာ ၃၂ ရက်အတွင်း ရောဂါကူးစက်ခံသူအသစ် ထပ်မံတွေ့ရှိခြင်းမရှိကြောင်း လာအိုအစိုးရက ယနေ့ပြောကြားသည်။

လာအိုနိုင်ငံတွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိကြောင်း၊ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အတည်ပြုလူနာ ၁၉ ဦးသာရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖောင်သွန်းမီအောင်ပေါ့ခ်က မြို့တော်ဗီယင်ကျန်းတွင် ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထည့်သွင်းပြောကြားခဲ့သည်။

လာအိုအစိုးရသည် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါသံသယရှိသူများအတွက် ကန့်သတ်စောင့်ကြည့်ရေးစခန်း ၆၀ ကို ဖန်တီးပေးထားပြီး ယင်းစခန်းများတွင် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူ ၂၀၉၇ ဦးကို သီးခြားစောင့်ကြည့်လျက်ရှိကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအင်အားစုကော်မတီက ပြောကြားသည်။

လာအိုအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပထမဆုံး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ ထိုအချိန်မှစ၍ ယနေ့အထိ လူ ၄၀၉၂ ဦး၏ နမူနာကို ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ၁၉ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ရောဂါကူးစက်ခံရသူ ၁၉ ဦးအနက် ၁၄ ဦးသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ကျန်လူနာငါးဦးသည် မြို့တော်ဗီယင်ကျန်းရှိ သတ်မှတ်ထားသည့် ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူနှစ်ဦးကို မတ် ၂၄ ရက်က စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

## မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံရှိ အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် နှစ်ရှည်ချ

**နေပြည်တော် မေ ၁၄**

မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံရှိ အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ ထောင်ဒဏ် နှစ် ၄၀ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နေ မစုစုနိုင်(ခ) အကျဲ(ခ) အားဟွေ့ (ဘ) ဦးကျော်လှနှင့် ဒေါ်ဂျူးရွှယ်(ခ) ဂျူးညွယ် (ဘ) ဦးလွမ်းဂျူးတို့သည် ဝိုင်းမော်မြို့နယ် နောင်မွန်ကျေးရွာနေ မ...... ၁၉ နှစ်အား တရုတ်နိုင်ငံရှိ ဖိနပ်စက်ရုံတွင်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် နှစ်သိန်းငါးသောင်း ရမည်ဟုလိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ တုံဖျင့်မြို့ရှိ အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သဖြင့် ဝိုင်းမော်မြို့မရဲစခန်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့်လည်းကောင်း၊ အဆိုပါ ပြစ်မှုကျူးလွန်သူများကပင် နောင်ချိန်းကျေးရွာနေ မ........ ၁၈ နှစ်အား အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သဖြင့် ဝိုင်းမော်မြို့မရဲစခန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့်လည်းကောင်း၊ မစုစုနိုင်(ခ)အကျဲ(ခ)အားဟွေ့သည် မြစ်ကြီးနားမြို့နယ်နှင့် မိုးညှင်းမြို့နယ်နေ မ..... ၂၁နှစ်ပါ ခြောက်ဦးအား အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သဖြင့် မြစ်ကြီးနားမြို့မရဲစခန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့်လည်းကောင်း၊ ဝိုင်းမော်မြို့နယ် နောင်မွန်းကျေးရွာနေ မ...... ၁၉ နှစ်အား အငှားကိုယ်ဝန်ဆောင်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားခဲ့သဖြင့် ဝိုင်းမော်မြို့မရဲစခန်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့်လည်းကောင်း အမှုဖွင့်ခဲ့ပြီး မြစ်ကြီးနားခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားခံ မစုစုနိုင်(ခ) အကျဲ(ခ) အားဟွေ့အား တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် လေးမှုအတွက် အလုပ်နှင့်ထောင်ဒဏ် နှစ် ၄၀၊ တရားခံ ဒေါ်ဂျူးရွှယ်(ခ) ဂျူးညွယ်အား တစ်မှုအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကုန်တင်ရေယာဉ်တစ်စင်း မီးလောင်

**ဟုမ္မလင်း မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက် ချင်းတွင်းမြစ်ဆိပ်ကမ်းတွင် ယမန်နေ့ ညနေ ၆ နာရီခွဲက ကုန်တင်ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာနေရာသို့ ဟုမ္မလင်းမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးဝင်းမင်းထွန်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးက မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ကျော်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟွန်ဒါဆီစုပ်စက်ဖြင့် မော်တော်ပေါ်ရှိ ဆီပီပါအတွင်းမှ ဆီများအား ကမ်းပေါ်ရှိ ဆီပီပါသို့ ဆီလှယ်စဉ် ဟွန်ဒါလေစက်ဆီပြတ်၍ စက်မရပ်ဘဲ ဓာတ်ဆီဖြည့်စဉ် မီးစတင်လောင်ကျွမ်းခဲ့ပြီး သံခွန်ရေယာဉ် (နှစ်ထပ်)ခရီးသည်ခန်း တစ်ခန်း၊ ဆီပီပါ ၁၃ လုံး၊ ကြက်ဥသေတ္တာများ၊ ကားကျွတ် (လေလုံးများ)၊ ဆီတင်ဟွန်ဒါစက်တစ်လုံး၊ အင်ဂျင်ဝိုင်ပုံးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်သည့် ရေယာဉ်မှ ရေယာဉ်မောင်း ဦးကျော်မျိုးဝင်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း တရုတ်နိုင်ငံသား တစ်ဦးကို ဓားဖြင့် ထိုးသတ်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်း တရုတ်နိုင်ငံသားတစ်ဦးကို ဓားဖြင့် ထိုးသတ်သူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလယ်ကျေးရွာ ဦးထွန်းညိုလမ်းမဘေးတွင် ရပ်ထားသောယာဉ်ပေါ်တွင် မေ ၁၁ ရက် ညနေ ၃ နာရီခွဲခန့်က တရုတ်နိုင်ငံသား Mr. Yan Bang Chao အား ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် သောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း။

အမှုအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစစ်ဆေးခဲ့ပြီး မှုခင်းဖြစ်ပွားရာ အနီးတစ်ဝိုက်ရှိ CCTV မှတ်တမ်းများ၊ ပတ်ဝန်းကျင်ရှိ သက်သေများကို စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူ မသင်္ကာတရားခံတို့၏ ပုံသဏ္ဌာန်များအား ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ရဲစခန်းများသို့ ပေးပို့ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း။

စုံစမ်းစစ်ဆေးချက်နှင့် သတင်းပေးချက်အရ မှုခင်းဖြစ်ပွားရာနေရာများတွင် ယာဉ်တိုက်ခံရသည်ဟု ဟန်ဆောင်ကာ ခြိမ်းခြောက်ငွေတောင်းတတ်သူများဖြစ်နိုင်ကြောင်း သုံးသပ်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ရဲကိုကိုအား ယမန်နေ့ ညနေ ၃ နာရီခွဲခန့်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ရဲကိုကိုက ဝန်ခံထွက်ဆိုပြီး ၎င်းထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သောဓားနှင့် အဝတ်အစားများ၊ သေဆုံးသူထံမှ လုယူခဲ့သော အမေရိကန်ဒေါ်လာ ၁၀၀ တန် ခြောက်ရွက်နှင့် ငွေကျပ် ၂၃၀၀၀၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

အစစ်ခံချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ ဟန်ဝင်းထွန်း(ခ) ငပွေးအား ယမန်နေ့ ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီး၊ အဝတ်အစားများ၊ သေဆုံးသူထံမှ လုယူသွားသော တရုတ်ယွမ်ငွေတချို့နှင့် မြန်မာငွေကျပ် ၈၇၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယခင်က ပြစ်မှုကျူးလွန်ခဲ့မှု ရှိ၊ မရှိ ဆက်လက်ဖော်ထုတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## ကော့သောင်းမြို့၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကော့သောင်းမြို့ အောင်သုခရပ်ကွက် ငုဝါလမ်း အိမ်အမှတ် (၅၃၇)နေ ဖြိုးလွင်ဦး၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဝင်းခက်(ခ)ရွှေအိုးစည် ကိုတွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၇၅၅၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ဆင်ဖြူရှင်လမ်း အိမ်အမှတ် (၂၇၀/A)နေ မယဉ်နွယ်သိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မယဉ်နွယ်သိန်း၊ ဖြိုးလွင်ဦးနှင့် ဇော်ဝင်းခက်(ခ)ရွှေအိုးစည်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မံစီမြို့နယ်၌ သစ်ပင်လဲကျ၍ တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၁၄**

ကချင်ပြည်နယ် မံစီမြို့နယ် မံအိုက်တိုက်ကျေးရွာ၌ ယမန်နေ့ နံနက် ၈ နာရီခွဲတွင် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် နေအိမ်ရှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း၊ စီအူကျေးရွာ၌ ညနေ ၃ နာရီခွဲက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်လဲကျရာ ဦးဘကြည်နှင့် ချိုဝင်းအောင်တို့ နှစ်ဦးသည် သစ်ပင်ပိမိ၍ ဦးဘကြည်မှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ချိုဝင်းအောင်တွင် ယာပေါင်ကျိုး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

သင့်ကြောင့်
မီးမလောင်ပါစေနှင့်

## အင်းစိန်မြို့နယ်၌ ညမထွက်ရအမိန့် ချိုးဖောက်သူ သုံးဦးအား ထောင်ဒဏ်တစ်လစီ ချမှတ်

**ရန်ကုန် မေ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် ညမထွက်ရ ဒေသန္တရအမိန့် စည်းကမ်းချိုးဖောက်သူသုံးဦးကို အင်းစိန်မြို့နယ် တွဲဖက်တရားသူကြီးရုံးက ထောင်ဒဏ်တစ်လစီ ကျခံစေရန် မေ ၁၂ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း အင်းစိန်မြို့မရဲစခန်းမှ သိရသည်။

အင်းစိန်မြို့မရဲစခန်းမှ ကမ်းနားအလယ်ရပ်ကွက် အပိုင် နယ်ထိန်းရဲတပ်ကြပ် အောင်တင်ဝင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ကူးစက်ရောဂါကာကွယ်ရေးရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် မေ ၁၁ ရက် ည ၁၁ နာရီတွင် လှိုင်မြစ်လမ်းအတိုင်း အင်းစိန်မှ လှိုင်သာယာသို့ ဝေယံဖြိုးမောင်းနှင်သည့် ယာဉ်ပေါ်တွင် ရဲထွန်းကျော်နှင့် ကျော်မောင်မောင်ခင်တို့လိုက်ပါလာပြီး ၎င်းတို့ သုံးဦးအား စစ်ဆေးမေးမြန်းရာ ခိုင်လုံသောအကြောင်းအရင်းမရှိဘဲ သွားလာနေသဖြင့် ၎င်းတို့အား မြို့နယ် တွဲဖက်တရားသူကြီးရုံးက ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၈၈ အား ဖောက်ဖျက်ကျူးလွန်သည့်အတွက် ထောင်ဒဏ်တစ်လစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## တာမွေ၌ ညမထွက်ရ အမိန့်ချိုးဖောက်သူ ၁၂ ဦးအား အရေးယူ

**ရန်ကုန် မေ ၁၄**

တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလွင် ဦးစီးအဖွဲ့နှင့် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုဦးစီးမှူး ဦးအောင်အောင်ဦးစီးသောပူးပေါင်းအဖွဲ့တို့သည် ယမန်နေ့ ည ၁၀ နာရီခွဲက တာမွေမြို့နယ်အတွင်း လုံခြုံရေးလှည့်လည်ဆောင်ရွက်နေစဉ် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဗညားဒလလမ်း၌ အေးမြင့်ပါ သုံးဦး၊ မေ ၁၄ ရက်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှု(၄)လမ်းထိပ်၌ ဇော်နိုင်ပါ သုံးဦး၊ တာမွေမြို့နယ် မလွှကုန်းငှေးကြွယ်(က)ရပ်ကွက် သမိန်ဗရမ်းလမ်းမပေါ်တွင် မင်းသန့်ကိုပါ သုံးဦး၊ တာမွေမြို့နယ် မအူကုန်းရပ်ကွက် စက်ရုံလမ်းမပေါ်၌ ကိုတင်မောင်ပါ သုံးဦး စုစုပေါင်း ၁၂ ဦးတို့သည် ညမထွက်ရအမိန့် ဒေသန္တရဥပဒေချိုးဖောက်၍ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၈၈ အရ အရေးယူဆောင်ရွက်ခဲ့ရာ တာမွေမြို့နယ် တရားရုံးက ထောင်ဒဏ်တစ်လစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ကိုငွေး

## အင်္ဂပူမြို့နယ်၌ ရိုင်းပျစွာဆက်ဆံသူအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေဖြင့် အရေးယူ

**နေပြည်တော် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကံဒေါင့်ကျေးရွာနေ ဒေါ်ချိုဝါလွင်အား မေ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၁၈ ဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်တိုင်တန်းခဲ့ရာ မြို့နယ်တရားသူကြီးက အလုပ်နှင့်ထောင်ဒဏ် သုံးလ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်ချိုဝါလွင်၏ နေအိမ်သို့ ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ်မှ ဧည့်သည်များ ရောက်ရှိနေသဖြင့် မြို့နယ်ကျန်းမာရေးမှူးဦးစီးသော ပူးပေါင်းအဖွဲ့က သွားရောက်မေးမြန်းစဉ် ဒေါ်ချိုဝါလွင်က ရိုင်းပျစွာပြန်လည်ပြောဆိုခဲ့၍ အရေးယူထားခြင်းဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

# ကိုဗစ်- ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၄-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၅၁) ခုတွင် -

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၁) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၄-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက်ပိုးမတွေ့ရှိသူ အသစ် (၅) ဦး (Case– 44, 55, 92, 95, 127) ရှိခဲ့သဖြင့် စုစုပေါင်း (၈၄) ဦးရှိပြီး ၎င်းတို့အနက် (၇၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

(COVID-19) **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၁၄ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၄-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၁) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၃-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၄-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၂) ဦး ရှိပါသည်။

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၁၄ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၈၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၈၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



## ခန္တီးမြို့နယ် နာဂတောင်တန်းပေါ်ရှိ ကျေးရွာများသို့ ဆန်၊ ဆီ၊ ဆားနှင့် အခြားပစ္စည်းများလှူဒါန်း

**ခန္တီး မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နာဂတောင်တန်းပေါ်ရှိ ပါတွန်ကျေးရွာနှင့် ပါရိုးကျေးရွာများသို့ ဆန်၊ ဆီ၊ ဆားနှင့် အခြားပစ္စည်းများကို ခန္တီးခရိုင် လူငယ်ရေးရာကော်မတီနှင့် ခန္တီးမြို့နယ်လုံးဆိုင်ရာ လူမှုကွန်ရက်တို့ ပူးပေါင်းပြီး လှူဒါန်းခဲ့သည်။

အဆိုပါကျေးရွာများသို့ အိမ်ထောင်စုတစ်စုလျှင် ဆန် (၂၄) ပြည်အိတ် (၁)အိတ်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၁)ပိသာခွဲ၊ နှာခေါင်းစည်း၊ ဓာတ်ဆား၊ ဆပ်ပြာ၊ အဝတ်အထည်နှင့် အခြားပစ္စည်းများကို ပါတွန်ကျေးရွာတွင် အိမ်ထောင်စု ၃၇ စုနှင့် ပါရိုးကျေးရွာတွင် အိမ်ထောင်စု ၃၁ စုတို့အတွက် အိမ်အရောက်လှူဒါန်းခဲ့ပါကြောင်း၊ ၎င်းကျေးရွာများသည် ရွှေ့ပြောင်းတောင်ယာစိုက်သည့်အလုပ်ကို စွန့်ပြီး ဝဋ္ဌများစိုက်ပျိုးရာ စိုက်ပျိုးမှုမအောင်မြင်သဖြင့် စားနပ်ရိက္ခာအခက်အခဲဖြစ်နေသည့်အတွက် သွားရောက်လှူဒါန်းရခြင်းဖြစ်ပါကြောင်း ခန္တီးခရိုင် လူငယ်ရေးရာကော်မတီမှ ဦးတေဇာထွန်းက ပြောကြားသည်။

**မွေးကြူဇင်**

## မန္တလေးမြို့၌ သုံးခုမြောက် အခမဲ့ဖျားနာကုသရေးဆေးခန်း ဖွင့်လှစ်

**မန္တလေး မေ ၁၄**

မန္တလေးမြို့တွင် သုံးခုမြောက် အခမဲ့ဖျားနာရောဂါကုသရေးဆေးခန်း(Fever Clinic )ကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်အဝိုင်းအနီးရှိ ကမ္ဘဝါတန်းရပ်တွင် ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါအခမဲ့ဆေးခန်းကို COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)မှ တာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုံစီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မန္တလေးမြို့တွင် အခမဲ့ဖျားနာရောဂါကုသရေးဆေးခန်း (Fever Clinic )များကို ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်တွင်လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ၁၂ လမ်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်တွင် သုံးခုမြောက် ဆေးခန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**




## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID–19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့ –

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## အစိုးရကိုယ်စားလှယ်များနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်တို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် မေ ၁၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌခွန်မြင့်ထွန်း ဦးဆောင်သည့်ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး NCA-S EAO (၁၀)ဖွဲ့နှင့် ဆွေးနွေးခဲ့သည့်သဘောတူညီချက်(၇)ချက်ကို အခြေခံ၍ PNLO နှင့် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

### ဒေသအလိုက်ပူးပေါင်းဆောင်ရွက်

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်းက “ဆွေးနွေးတဲ့အချက်ကတော့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကို ကျွန်တော်တို့ဒေသအလိုက် ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဓိကက နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့တွေကို အပြန်အလှန်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမယ်။ အချို့သောအချက်တွေက Quarantine စင်တာလို ထားရှိရေးကိစ္စတွေ၊ ကျွန်တော်တို့ဒေသထဲမှာရှိတဲ့ ကိုဗစ်-၁၉ သံသယရှိသူတွေကို ရှာဖွေဖော်ထုတ်ရာမှာ ပူးပေါင်းဆောင်ရွက်သွားကြဖို့ပါ”ဟု ပြောသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ မေ ၁၁ ရက်က ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် သွားရောက်တွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက “ဒီနေ့အစိုးရဘက်က ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးတို့ တက်ရောက်တယ်။ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးလှမော်ဦးလည်း နေပြည်တော်ကနေ တက်ရောက်ပါတယ်။ ဆွေးနွေးချက်ထဲမှာတွေ့ရတာတော့ PNLO ဒေသရဲ့ အနေအထားအရ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် စစ်ဆေးတဲ့စခန်း သီးခြားထားတာမရှိဘူး။ ဇုန်(၃)ဇုန် ခွဲပြီး အတတ်နိုင်ဆုံးဆောင်ရွက်နေတယ်။ နောက်တစ်ခု ယူနီဖောင်းဝတ် လက်နက်ကိုင်ပြီး ဆောင်ရွက်နေတာမရှိဘူးလို့ ကျွန်တော်တို့ သိရပါတယ်။ PNLO အနေနဲ့ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနနဲ့လည်း သွားရောက်တွေ့ဆုံပြီး အတူတူ ပူးပေါင်းဆောင်ရွက်နေတယ်လို့လည်း သူတို့ဆီကသိရပါတယ်။ သူတို့ရဲ့ ပူးပေါင်းပြင်ဆင်မှုက အားရစရာကောင်းပါတယ်”ဟု ပြောသည်။

### ဆွေးနွေးခဲ့ကြ

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)တို့သည် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးအခြေအနေနှင့် ကိုဗစ်-၁၉ အလွန်ကာလ ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဦးလှမောင်ရွှေက “ဒီနေ့ဆွေးနွေးပွဲမှာ နှစ်ဖက်ယုံကြည်မှုတွေ ပိုရှိလာတယ်။ သူတို့ဒေသတွေမှာ ပြင်ဆင်နေတဲ့လုပ်ငန်းတွေအနေနဲ့ အစိုးရရဲ့ညှိနှိုင်းရေးကော်မတီဘက်ကနေ ဆောင်ရွက်ပေးနိုင်တဲ့အရာတွေကို ဆွေးနွေးခဲ့တာရှိတဲ့အတွက် ကျွန်တော်တို့ကြားထဲမှာ ကိုဗစ်-၁၉ ပူးပေါင်းဆောင်ရွက်မှုတွေအပြင် ရှေ့လာမယ့် လုပ်ငန်းစဉ်တွေအတွက်လည်း ကောင်းမွန်တဲ့ အနေအထားတစ်ခုလို့ ပြောနိုင်ပါတယ်”ဟု ပြောသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများတွင် ကိုဗစ်-၁၉ လူနာတွေ့ရှိခဲ့ပါက လူနာထားရှိရေးကို ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ကြိုးစားရမှာဖြစ်

PNLO ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်းက “ပြည်ပကနေ ပြန်ရောက်လာမယ့် ဒေသခံပြည်သူတွေအတွက်တော့ ကိုဗစ်-၁၉ သံသယလူနာရှိခဲ့ရင် ဒေသနဲ့နီးတဲ့ နေရာတွေပေ့ါ။ ဥပမာ-ဆီဆိုင်မြို့နယ်နဲ့ နီးရင် ဆီဆိုင်၊ မောက်မယ်မြို့နယ်နဲ့နီးရင် မောက်မယ်မြို့နယ်မှာထားဖို့ ဆွေးနွေးထားပါတယ်။ နောက် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ ကိုဗစ်-၁၉ လူနာထားရှိရေးကိစ္စအသေးစိတ်ကို ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်မှုရှိပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ရင် အစိုးရအနေနဲ့ အခုလိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ဖို့ ကော်မတီဖွဲ့ပေးတာ ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကနေပြီးတော့မှ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိုပြီးအထောက်အကူတွေရလာအောင်၊ နှစ်ဖက်နားလည်မှုတွေ၊ ယုံကြည်မှုတွေရလာအောင် ကျွန်တော်တို့အားလုံးက ကြိုးစားရမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

မေ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး(CNF)တို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

## ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် လုပ်အားပေးနေသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ရန်ကုန် မေ ၁၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်ညိုညိုဝင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ်ရှိ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)သို့ သွားရောက်ခဲ့ပြီး ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်အားပေးဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။



ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အလှူရှင်များက ပံ့ပိုးသော ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ လက်ဆေးဆပ်ပြာ၊ အချိုရည်နှင့် ရေသန့်ဘူးများကို ထောက်ပံ့ပေးအပ်ပြီး လှည်းကူးမြို့နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ လက်ဆေးခြင်းတေးသရုပ်ဖော်ပြသမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)တွင် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အသီးသီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဆေးရုံဆောက်လုပ်ရန် ပြင်ဆင်ရေးအပိုင်းများ၊ ဆေးရုံသုံးပစ္စည်းနှင့် ဆေးဝါးထားသိုမှုအပိုင်း၊ ရေနှင့်အစားအစာဖြန့်ဝေခြင်းအပိုင်းများတွင် အလှည့်ကျစနစ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် အသင်းဒုတိယအထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် စက်မှုလက်မှုသိပ္ပံစောင့်ကြည့်စခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကြက်ခြေနီစေတနာလုပ်အားရှင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အလှူရှင်များက ပံ့ပိုးသောပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သော အသိပညာပေးလှုံ့ဆော်ခြင်း၊ နှာခေါင်းစည်းများပေးဝေခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ စနစ်တကျ လက်ဆေးနည်း အသိပညာပေးခြင်း၊ လက်သန့်ဆေးရည်များပေးဝေခြင်း၊ ဖျားနာကုဆေးခန်းများတွင် ကူညီဆောင်ရွက်ပေးခြင်းစသည်တို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသော မြန်မာနိုင်ငံသား ၃၈ ဦးအား မြဝတီတံတား အမှတ်(၂)မှတစ်ဆင့် လာရောက်လွှဲပြောင်းပို့ဆောင်



မြဝတီ မေ ၁၄

ထိုင်းနိုင်ငံ၌ ပြစ်ဒဏ်ကျခံရပြီးသော မြန်မာနိုင်ငံသား ၃၈ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဒုတိယအကြိမ်အဖြစ် ယနေ့ လာရောက်လွှဲပြောင်းပို့ဆောင်ပေးသည်။

**ကြီးကြပ်ဆောင်ရွက်**

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးသည်။

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မေ ၁ ရက်မှ စတင်လက်ခံခဲ့ရာ ယခုကဲ့သို့ ပြစ်ဒဏ်ကျခံရသူများအား လာရောက်လွှဲပြောင်းပေးခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။

ယနေ့ လာရောက်လွှဲပြောင်းသူများအနေဖြင့် ကချင်ပြည်နယ်မှ တစ်ဦး၊ ကရင်ပြည်နယ်မှ ၂၃ ဦး၊ မွန်ပြည်နယ်မှ ခုနစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး စုစုပေါင်း ၃၈ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ ဈေးဝယ်သူ၊ ရောင်းသူများအား ကျန်းမာရေးစစ်ဆေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



ကသာ မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် ကိုဗစ်-၁၉ ကာလအတွင်း ကသာမြို့နယ် ပုလွေရွှေဆိပ်ကမ်းတွင် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ မြို့ပေါ်ရှိ ဈေးများသို့ လာရောက် ဈေးဝယ်သူ၊ ဈေးရောင်းသူများအား ယနေ့နံနက်ပိုင်းက ကျန်းမာရေးစစ်ဆေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ မြို့ပေါ်ရှိ ဈေးများသို့ စားသောက်ကုန်ပစ္စည်းများ လာရောက်ဝယ်ယူ၊ ရောင်းချနေသူများအား ကျန်းမာရေးစစ်ဆေးပြီး အဝတ်နှာခေါင်းစည်း အခု ၃၀၀ တို့ကို အခမဲ့ဖြန့်ဝေခြင်းနှင့် ပုလွေရွှေဆိပ်ကမ်း၌ စက်လှေပြေးဆွဲသည့် တာဝန်ရှိသူများအား ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ခရီးသည်များ တင်ဆောင်ရန် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့ပေါ်ရှိ ဈေးများတွင် ဈေးစည်းကမ်းထိန်းသိမ်းရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် ဈေးအတွင်း ဝင်ရောက်လာသောသူများနှင့် ဈေးရောင်းချသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ ဈေးရောင်းဈေးဝယ်များအနေဖြင့် သတ်မှတ်ထားသောနေရာမှ ဝယ်ယူရောင်းချကြရန် အသိပေးနှိုးဆော်ခြင်း၊ ဈေးရောင်း ဈေးဝယ်များအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ဈေးများတွင် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယဦးစီးမှူး ဒေါ်ဇာဇာဝင်းထံမှ သိရသည်။

ရဲအောင်(ကသာ)

## မူဆယ်မြို့တွင် တရုတ်နိုင်ငံမှ ပြန်လာသူများအား လက်ခံထားရှိမည့်နေရာများကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

မူဆယ် မေ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် တရုတ်နိုင်ငံမှ ပြည်လည်ရောက်ရှိလာကြသည့် မြန်မာနိုင်ငံသားများကို ယာယီလက်ခံထားရှိမည့် မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းတွင် နေရာထိုင်ခင်းများနှင့် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

“တရုတ်နိုင်ငံဘက်ကနေ ပြန်လည်ရောက်ရှိလာသူတွေကို ယာယီလက်ခံထားရှိတဲ့အခါမှာ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာကော်မတီတွေအတွက် ရုံးခန်းတွေ၊ နေရာထိုင်ခင်းတွေ၊ ကျွေးမွေးရမယ့်နေရာတွေနဲ့ သန့်စင်ခန်းတွေ၊ သုံးစွဲမယ့်ရေတွေကို လူဦးရေ ၂၀၀ အတွက် ကြိုတင်ပြင်ဆင်ထားပြီးပါပြီ”ဟု မူဆယ်မြို့ စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းက ပြောသည်။

**ပြန်လည်စေလွှတ်**

တရုတ်နိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရကာ စောင့်ကြည့်ကာလပြီးဆုံးပြီး မူဆယ်မြို့သို့ ပြန်လည်လွှဲပြောင်းလာသည့် အကျဉ်းသားများကို မူဆယ်မြို့ တရုတ်စာသင်ကျောင်းတွင် အမျိုးသားသီးသန့်နှင့် အထက(၃)၌ အမျိုးသမီးသီးသန့်ထားရှိသည်။ အဆိုပါပြန်လည်လွှတ်မြောက်လာသည့် အကျဉ်းသားများ၏ တို့ဖတ်နမူနာကို မူဆယ်မြို့ ကျန်းမာရေးဌာနမှ စနစ်တကျရယူ၍ ထပ်မံဆေးစစ်ချက်များပြုလုပ်ပြီး Positive လူနာမတွေ့ရှိသည့်အတွက် မူဆယ်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးပူးပေါင်းအဖွဲ့က ၎င်းတို့နေရပ်သို့ အသီးသီးပြန်လည်စေလွှတ်ခဲ့သည်။

ဆက်လက်ပြီး တရုတ်နိုင်ငံဘက်မှ အလုပ်လုပ်ကိုင်ပြီး မူဆယ်မြို့သို့ မိမိသဘောအရ ပြန်လည်ရောက်ရှိလာသူများကို မူဆယ်မြို့ အထက(၁)၌ ကိုယ်ရေးအချက်အလက်များရယူပြီး ယာယီလက်ခံထားရာမှ မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းသို့ မေ ၁၆ ရက်မှ စတင်ပြောင်းရွှေ့လက်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

## မက်မန်းမြို့နယ် မြို့အဝင်၊ အထွက်ဂိတ် စစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မက်မန်း မေ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ယနေ့ နံနက် ၁၀ နာရီတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက မတ်လပထမပတ်ကစပြီး ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး မြို့အဝင်၊ အထွက်ဂိတ်နေရာတွင် ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ ဝင်၊ ထွက်သွားလာမှုကို ကျန်းမာရေးစစ်ဆေးပေးလျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်**

မက်မန်းမြို့နယ်အနေဖြင့် ယနေ့အချိန်အထိ စောင့်ကြည့်လူနာ ခြောက်ဦးရှိခဲ့ပြီး အဆိုပါ ခြောက်ဦးသည်လည်း သတ်မှတ်ကာလ ပြည့်သွားပြီဖြစ်၍ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပြီးဖြစ်ကြောင်း၊ သံသယလူနာနှင့် ရောဂါဖြစ်ပွားသည့် လူနာများမရှိကြောင်း၊ လက်ရှိအခြေအနေအထိ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ကုသရေး အသိပညာပေးလုပ်ငန်းများနှင့် ရောဂါကာကွယ်၊ ကုသရေးကိစ္စများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အားလုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။



ဆက်လက်ပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား ဖေဖော်ဝါရီနောက်ဆုံးပတ်မှစ၍ ယနေ့အချိန်အထိ အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည်။

**အသိပညာပေး**

ယနေ့တွင် မြို့အဝင်၊ အထွက်ဂိတ်၌ ကျန်းမာရေးစစ်ဆေးလျက်ရှိသည့်အပြင် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နေဇင်ယုနှင့် ဌာနဆိုင်ရာများ ပူးပေါင်းသည့်အဖွဲ့များကလည်း ရပ်ကွက်နှင့် ကျေးရွာတွင်းသို့ ကွင်းဆင်းပြီး လူတိုင်းနှာခေါင်းစည်း စနစ်တကျ တပ်ဆင်နိုင်ရန် ဖြန့်ဝေခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် ဆောင်ရန်ရှောင်ရန်များ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် လူအဝင်၊ အထွက်များသော နေရာများတွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပိုစတာကပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မက်မန်း(ပြန်/ဆက်)

## မိုင်းဆတ်မြို့ရှိ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများ အတွက် ဆန်၊ ဆီ များလှူဒါန်း



**မိုင်းဆတ် မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများရှိ ရဟန်း၊ သာမဏေများ အဆင်ပြေစွာ သီတင်းသုံးနိုင်ရန် ဆန်နှင့် ဆီပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီခွဲက မယ်ဆွမ်မြောက်ရပ်ကွက် မြို့မဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး ဦးဆောင်၍ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက မြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းမှ ရဟန်း ၄၉ ပါး၊ သာမဏေ ၁၉၁ ပါး အတွက် ဆန် ၂၈ အိတ်၊ ဆီ ၁၇ ပုံးကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် မြို့ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ရေစက်သွန်းချတရားနာယူကာ လှူဒါန်းမှုအတွက် အမျှပေးဝေခဲ့ကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

## ဘက်စုံသုံး အဝေးထိန်းထရော်လီတစ်စီး ခုတင် ၁၀၀ ဆံ့ ဆေးရုံသို့ လှူဒါန်း

**မိုးညှင်း မေ ၁၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မိုညှင်းမြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံတွင် အသုံးပြုနိုင်ရန် ဘက်စုံသုံး အဝေးထိန်းထရော်လီတစ်စီးကို အစိုးရနည်းပညာကောလိပ်(မိုးညှင်း)က မေ ၁၂ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**ကြိုးစားဆောင်ရွက်ခဲ့**

"အဓိကက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ဖြစ်တယ်။ ကျွန်မကျောင်းက ဆရာ ဆရာမတွေ ပူးပေါင်းကြိုးစား ဆောင်ရွက်ခဲ့လို့ အခုလို လှူဒါန်းနိုင်ခဲ့တာဖြစ်ပါတယ်" ဟု အစိုးရနည်းပညာကောလိပ်(မိုးညှင်း)၏ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာကျော့ကျော့ရီက ပြောသည်။

**ပေးအပ်လှူဒါန်း**

ပေးအပ်လှူဒါန်းပွဲတွင် ဘက်စုံသုံး အဝေးထိန်းထရော်လီတစ်စီး အပါအဝင် ခြေနင်းလက်ဆေးခုံလေးခု၊ ခြေနင်း လက်ဆေးကန်တစ်ခု၊ အလိုအလျောက် လက်ဆေးကန်တစ်ခု၊ ဆပ်ပြာရည်ဘူး ၂၀၊ လက်သန့်စင်ဆေးရည်ဘူး ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

အစိုးရ နည်းပညာကောလိပ်(မိုးညှင်း)မှ ဘက်စုံသုံးအဝေးထိန်းထရော်လီနှစ်စီးကို စက်မှုအင်ဂျင်နီယာဌာနမှ ဌာနမှူးနှင့် တွဲဖက်ပါမောက္ခများ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဌာနမှ လက်ထောက်ကထိကနှင့် ဆရာမများက ပူးပေါင်းကြိုးစား ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး မန္တလေးကန်တော်နဒီ ဆေးရုံကြီးသို့လည်း ဘက်စုံသုံးထရော်လီတစ်စီးကို ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်လှူဒါန်းခဲ့ကြောင်း ကျောင်းအုပ် ဆရာမကြီး ဒေါက်တာကျော့ကျော့ရီထံမှ သိရသည်။

**ကျော်ကျော်(မိုးညှင်း)**

## ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မော်ဖောင်းခါနန်နှစ်ခြင်း၊ မော်ဖောင်းလော်ဝေါနှစ်ခြင်း၊ နန်းကွေ့စိန့်ယောဟန်၊ ပလနကက်သလစ် လူငယ်ဗဟိုကျောင်း IDP စခန်းများနှင့် မိုးညှင်းမြို့နယ်ရှိ နန့်မွန်းနှစ်ခြင်း ဘုရား ကျောင်း IDP စခန်း စုစုပေါင်း IDP စခန်း(၅)ခုနှင့် မြစ်ကြီးနားမြို့နယ်ရှိ နောင်နန်းတြီနတီနှင့် နောင်နန်းဂျော်မဆပ် ယာယီတိုက်ပွဲရှောင်စုရပ်(၂)နေရာသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၀၅၄ ဘူး၊ ဆပ်ပြာ ၄၂၁၇ ခဲ၊ အပူချိန်တိုင်းကိရိယာ ခြောက်ခုတို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ အေးလင်းမြတ်ရှင်နှင့် မြတ်ပန်းဝတ်မှုံ IDP စခန်း(၂)သို့ သွားရောက်၍ ဆပ်ပြာ ၅၂၈၁ ခဲနှင့် အပူချိန်တိုင်းကိရိယာ နှစ်ခုတို့အား ထောက်ပံ့ခဲ့သည်။

**နေရာ ၂၀**

ဆက်လက်၍ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အုန်းတောရှည်၊ အုန်းတောကြီးတောင်၊ အုန်းတောကြီးမြောက်၊ ဆေးသမားကြီး၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊ ဒါးပိုင်၊ သက္ကေပြင်၊ မော်သီညာ၊ ခေါင်းဒုက္ကာ၊ ဘာဆာရာ၊ သဲချောင်း စုစုပေါင်း IDP စခန်း ၁၂ ခုနှင့် စစ်တွေမြို့နယ်ရှိ အမျိုးသားကျောင်း၊ ကရုချောင်း၊ လောသိတာရုံ၊ ဝိဘဇ္ဇဝါဒီ၊ ဗုဒ္ဓေါမော်၊ ဓမ္မရာမ၊ မဟာမုနိဗုဒ္ဓဝိဟာရ၊ နန်းရှေ့ဂူ၊ မဟာဓေယျသိဒ္ဓိ၊ မဏိရတနာ၊ ဆည်ကြီး၊ အလိုတော်ပြည့်၊ မဟာဝိဇယာရာမ၊ ဆုတောင်းပြည့်၊ ဒကျော်င်း၊ မဟာအောင်မြေဘုံ၊ တေဇရာမကမ္မဋ္ဌာန်း၊ သာသနာ့ဗိမာန်နှင့် မဟာသိမဝံသကျောင်းတိုက်များရှိ ယာယီတိုက်ပွဲရှောင်စုရပ်များနှင့် ဘူးသီးတောင်မြို့နယ်ရှိ ဖုံညိုလိပ်ယာယီတိုက်ပွဲရှောင်စုရပ် စုစုပေါင်းနေရာ ၂၀ သို့သွားရောက်၍ အဝတ် နှာခေါင်းစည်း ၂၂၉၃၂ ခု၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၁၁၈ ခု၊ လက်သန့်ဆေးရည် ၅၉ ဘူး၊ ဗီနိုင်း ကိုးချပ်၊ အပူချိန်တိုင်းကိရိယာ တစ်ခု၊ လက်ဆေးစင် နှစ်ခု၊ ထုံးအိတ် ၃၂၀ တို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါကြောင့် ပလင်းကမ်းသာယာဆင်စခန်း ယာယီပိတ်ထားစဉ်အတွင်း ဆင်များအတွက် အစားအစာများ ပေးပို့လှူဒါန်း

**ညောင်ဦး မေ ၁၄**

မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာနက ဖွင့်လှစ်ထားရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက် ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးရှိ ပလင်းကမ်းသာယာဆင်စခန်းမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီပိတ်ထားစဉ် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ဆင်ချစ်သူများက ဆင်စာများ ကျွေးမွေးနိုင်ရန် ပေးပို့လှူဒါန်းလျက်ရှိကြောင်း ပလင်းကမ်းသာယာ ဆင်စခန်းမှ ဒေါ်တင်လေးနွယ်(သစ်အုပ်ကြီး)ထံမှ သိရသည်။




**လိုအပ်လျက်ရှိ**

ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် ဆင်စခန်း ၂၂ ခုလုံးကို မတ် ၂၅ ရက် နံနက်ပိုင်းမှ စတင်ကာ ယာယီပိတ်ထားခဲ့ရာ ဆင်များအတွက် အစားအစာများ လိုအပ်လျက်ရှိကြောင်း၊ တောတွင်းအမှီပြုဖွင့်လှစ်ထားသည့် ဆင်စခန်းရှိ ဆင်များအတွက် အစားအစာပြဿနာ မရှိသော်လည်း ခရီးသွားမြို့များအနီး ဖွင့်လှစ်ထားသည့် ဆင်စခန်းရှိ ဆင်များအတွက် လွှတ်ကျောင်းစရာ စားကျက်မြေမရှိခြင်းကြောင့် ဆင်ချစ်သူများ လှူဒါန်းသည့် ဆင်စာများဖြင့် ကျွေးမွေးနေရကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၀) ရွေးကောက်ပွဲနှင့်လွှတ်တော်များ၊ အစိုးရအဖွဲ့များ၏ သက်တမ်းများ



မောင်စာဂ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ရောဂါကပ်ဆိုးကြီး ကူးစက်ခံနေရသော အချိန်အခါဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးကလည်း ရှိနေသည်။ ဤကိုဗစ် - ၁၉ ရောဂါ ကပ်ဆိုးကြီးကြောင့် ပုံမှန်အနေအထားအတိုင်း နိုဝင်ဘာလထဲတွင် ရွေးကောက်ပွဲကြီး ကျင်းပနိုင်ပါမည်လား။ လွှတ်တော်များ၏သက်တမ်း၊ အစိုးရအဖွဲ့များ၏ သက်တမ်း မည်သို့သတ်မှတ်ထားသနည်း။ သိလိုကြသည်။ မေးမြန်းလာကြသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုကိုးကား၍ အနှစ်ချုပ်မျှဝေပါရစေ။

### လွှတ်တော်များ၏ သက်တမ်း

လွှတ်တော်များဟုဆိုရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို ဆိုလိုပါသည်။ ပြည်သူ့လွှတ်တော် သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။ အမျိုးသားလွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် အမျိုးသားလွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။ ပြည်ထောင်စုလွှတ်တော်သည်လည်း ရှိမည်မဟုတ်တော့ပါ။ **[ပုဒ်မ ၁၁၉/၁၅၁]**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏သက်တမ်းသည်လည်း ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော် သက်တမ်း ကုန်ဆုံးသည့်နေ့တွင် ယင်းတို့၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။ **[ပုဒ်မ ၁၆၈]**

### ပြည်သူ့လွှတ်တော်အစည်းအဝေး စတင်ကျင်းပခြင်း

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ယင်းနေ့ရက်မှစ၍ ငါးနှစ်ပြည့်သည့်နေ့တွင် ပြည်သူ့လွှတ်တော်သက်တမ်းကုန်ဆုံးပြီး ကျန်ရှိသော လွှတ်တော်များ၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ပြည်သူ့လွှတ်တော်ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်ဖြစ်၍ ယင်းနေ့ရက်မှစ၍ ငါးနှစ်ပြည့်သည့် နေ့ရက်တွင် ပြည်သူ့လွှတ်တော်၏သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏သက်တမ်းကုန်ဆုံးလျှင် ကျန်ရှိသော လွှတ်တော်များ၏သက်တမ်းသည်လည်း ကုန်ဆုံးပါမည်။

### လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှု

လွှတ်တော်များ၏သက်တမ်း ကုန်ဆုံးသွားသော်လည်း လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှုမှာ ရပ်စဲသွားခြင်းမရှိပါ။ လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ်လွှတ်တော်သက်တမ်း ပထမအစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏တာဝန်ကို ဆက်လက်ထမ်းဆောင်ကြရသည်။ လွှတ်တော်တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိစေရန်ဖြစ်သည်။ **[ပုဒ်မ ၁၁၃ (က)၊ ၁၄၅၊ ၁၆၅]**

### အစိုးရအဖွဲ့များ၏ သက်တမ်း

အစိုးရအဖွဲ့များဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့များကိုဆိုလိုပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ပါဝင်၍ ဖွဲ့စည်းသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့ဖြင့် ဖွဲ့စည်းသည်။ **[ပုဒ်မ ၂၀၀၊ ၂၄၈ (ခ) ]**

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။ ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတအသစ်ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရသည်။ **[ ပုဒ်မ ၆၁(က)၊ (ခ)]**

ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့၏ ရာထူးသက်တမ်းများသည် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ ရာထူးသက်တမ်းသည်လည်းကောင်း သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းပင်ဖြစ်သည်။ **[ပုဒ်မ ၂၃၅ (က) ၊ ၂၄၀ (က)၊ ၂၆၂ (ဍ)]**

### ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရာထူးသက်တမ်း

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသည့် ပြည်ထောင်စုအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ -

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ရာထူးသက်တမ်းသတ်မှတ်ချက်များကို အသက်ဖြင့် သတ်မှတ်သည်။ အသက် ၇၀ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ **[ ပုဒ်မ ၃၀၃ ]**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အသစ်ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရသည်။ **[ ပုဒ်မ ၃၃၅ ]**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပေးထားခြင်းမရှိပါ။ သို့ရာတွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၆ အရ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသစ်တစ်ရပ်ဖွဲ့စည်းပြီးသည့်အချိန်အထိမိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နေပြည်တော်ကောင်စီတို့၏ သက်တမ်းသည်လည်း သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြန်လည်၍အသစ်ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရသည်။ **[ပုဒ်မ ၂၄၅ (က)၊ ၂၄၆ (င) ၊ ၂၈၆ (က) (၁) ]**

### နှိုင်းယှဉ်လေ့လာချက်

လွှတ်တော်များ၏သက်တမ်းကိုလည်း ငါးနှစ်သတ်မှတ်ထားသည်။ အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ သက်တမ်းကိုလည်း ငါးနှစ်သတ်မှတ်ထားသည်။ ငါးနှစ် သက်တမ်းသတ်မှတ်ထားခြင်း တူညီသော်လည်း သက်တမ်းကုန်ဆုံးမှုပုံစံများ တူညီခြင်းမရှိပါ။ လွှတ်တော်များသည် သက်တမ်းငါးနှစ်ပြည့်သည်နှင့် ကုန်ဆုံးသွားသည်။ သို့သော် လွှတ်တော်များ၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှု ရပ်စဲမသွားပါ။

အစိုးရအဖွဲ့အစည်းများကမူ သက်တမ်းငါးနှစ်ပြည့်သော်လည်း ကုန်ဆုံးခြင်းမရှိပါ။ ပြည်ထောင်စုအစိုးရအဖွဲ့အကြီးအကဲ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအသစ် နှင့် ဒုတိယသမ္မတအသစ်များ ရွေးချယ်ပြီးသည့်အချိန်ကာလအထိ ၎င်းတို့၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များသည်လည်း နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်းဖြစ်ပြီး နောက်ထပ် ပြည်ထောင်စုဝန်ကြီးအသစ်များ၊ ပြည်ထောင်စုရှေ့နေချုပ်အသစ်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်ခန့်အပ်ပြီးသည်အထိ ၎င်းတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်။

ထိုနည်းတူစွာ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည်လည်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပြီးသည့်အချိန်အထိ ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်နေကြရပါမည်။

### အကြားအလပ်မရှိရဟူသောမူ

နိုင်ငံတော်၏အစိုးရတစ်ရပ်နှင့်တစ်ရပ် တစ်ဆက်တစ်စပ်တည်း အကြားအလပ်မရှိ ဖြစ်တည်နေရမည်ဆိုသည်မှာ နိုင်ငံတကာအခြေခံကျင့်စဉ်မူတစ်ရပ်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း

**လွှတ်တော်များ၏ သက်တမ်းကို ငါးနှစ်သတ်မှတ်။ အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ သက်တမ်းကိုလည်း ငါးနှစ်သတ်မှတ်။ ငါးနှစ်သက်တမ်း သတ်မှတ်ထားခြင်းတူညီသော်လည်း သက်တမ်းကုန်ဆုံးမှုပုံစံများ တူညီခြင်းမရှိ။**

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ သက်တမ်းသတ်မှတ်ချက်နှင့် သက်တမ်းကုန်ဆုံးခြင်းတို့ကို နိုင်ငံတကာအခြေခံကျင့်စဉ်မူနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပေးထားခြင်းဖြစ်သည်။ ဤအခြေခံကျင့်စဉ်မူနှင့်အညီဖြစ်စေရေးအတွက် ရွေးကောက်ပွဲများကျင်းပခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။

### အဓိကပင်မတာဝန်

ရွေးကောက်ပွဲကျင်းပခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကပင်မတာဝန်ကြီးတစ်ရပ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့်၊ နယ်မြေလုံခြုံရေးအခြေအနေကြောင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်အားလုံး၏ ရွေးကောက်ပွဲကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရွှေ့ဆိုင်းခြင်းပြုနိုင်သည်။ **[ပုဒ်မ ၃၉၉ (င)]**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ပုံမှန်အနေအထားအရဆိုလျှင် ပုံမှန်ကျင်းပလေ့ရှိခဲ့သည့် နိုဝင်ဘာလအတွင်း ကျင်းပပေးရမည်ဖြစ်သည်။ သို့ရာတွင် ယခုလက်ရှိအနေအထားသည် ပုံမှန်အနေအထားမျိုးတွင်မရှိ။ ကိုဗစ်-၁၉ ဘေးအန္တရာယ်ရောဂါကပ်ဆိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ မည်သည့်အချိန် မည်သည့်ကာလတွင် ပြီးဆုံးသွားမည်ဟု တပ်အပ်သေချာ ခန့်မှန်းတွက်ချက်နိုင်ခြင်းပြုနိုင်မည်မဟုတ်ပါ။

အကယ်၍များ ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကြောင့် အထွေထွေရွေးကောက်ပွဲကြီးကို ပုံမှန်ကျင်းပနေကျအတိုင်း မကျင်းပနိုင်ခဲ့သော်၊ ကိုဗစ်-၁၉ ကာလရှည်ကြာခဲ့သော် မည်သို့ပင်ဖြစ်စေ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်ပေးနိုင်သည့် အချိန်ကာလသို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲကြီးကျင်းပနိုင်ရေးအတွက် အစဉ်သတိချပ်လျက် ပြည့်စုံခိုင်မာသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကြရမည်သာဖြစ်ကြောင်းပါဗျာ။

- **ကိုဗစ် -၁၉ ဘေးအန္တရာယ်ကပ်ဆိုးရောဂါ အလျင်အမြန်အဆုံးသတ်နိုင်ပါစေ၊**
- **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပုံမှန်ကျင်းပနိုင်ပါစေ၊**
- **လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ပါစေ။ ။**

# ဒေသခံပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး ချင်းပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်း

**ဟားခါး မေ ၁၄**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးနှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် CB ဘဏ် (ဟားခါး)နှင့် ရှန်းမိသားစုကုမ္ပဏီလီမိတက်မှ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ကန့်သတ်စောင့်ကြည့်ဝင်ရောက်နေကြသူများအပါအဝင် ဒေသတွင်းပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး အထောက်အကူပြုနိုင်ရန်အတွက် လှူဒါန်းပေးသော CB ဘဏ်(ဟားခါး)နှင့် ရှန်းမိသားစုကုမ္ပဏီလီမိတက်တို့အား ကျေးဇူးတင်ရှိကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စေတနာရှင်၊ အလှူရှင်များ၏အား၊ နိုင်ငံတော်အစိုးရ၏အားတို့ဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် CB ဘဏ် (ဟားခါး)မှ ဒုတိယမန်နေဂျာ ဦးကျော်စွာမင်းရှိန်က ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးနှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး CB ဘဏ် (ဟားခါး)မှ အလှူငွေကျပ်သိန်း ၅၀ နှင့် ရှန်းမိသားစုကုမ္ပဏီလီမိတက်မှ အလှူငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**




# လေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ယမန်နေ့ ညနေ ၄ နာရီက ကရင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံး၌ ဆန်ရိက္ခာဖိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဘားအံမြို့နယ်၌ မေ ၁၁ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှစ်လုံး လုံးဝပျက်စီးသွားခဲ့ပြီး တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၃၂ လုံးနှင့် လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အိမ်ထောင်စု ၃၄ စုမှ လူဦးရေ ၁၈၀ လေဘေးသင့်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စုများမှ လူဦးရေ ၁၈၀ အတွက် ဆန်ရိက္ခာဖိုးငွေ ကျပ် ၃၇၈၀၀၀၊ လုံးဝပျက်စီးနေအိမ်နှစ်လုံးနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၃၂ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ ကျပ် ၂၅၂၉၀၀၀၊ ထိခိုက်ဒဏ်ရာရသူတစ်ဦးအတွက် ထောက်ပံ့ငွေ ၅၀၀၀၀ စုစုပေါင်း ကျပ် ၂၉၅၇၀၀၀ နှင့် ၃၇၆၇၆ ကျပ်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးကို အိမ်ထောင်စုနှစ်စုစာတို့အား ကရင်ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



# တရုတ်နိုင်ငံသို့ တစ်ပတ်လျှင် ဆန်အိတ်ရေ ၈၀၀၀၀ ခန့် တင်ပို့လျက်ရှိ

**ရန်ကုန် မေ ၁၄**

ပိုးမွှားကင်းစင်ကြောင်းထောက်ခံချက်များဖြင့် တရုတ်နိုင်ငံသို့ တစ်ပတ်လျှင် ဆန်အိတ်ရေ ၈၀၀၀၀ ခန့် တင်ပို့လျက်ရှိကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ယနေ့ ပြောသည်။

လက်ရှိ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဆန်တင်ပို့ရာတွင် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရှိသည့် လိုင်စင်အသစ်များဖြင့် ဆန်တင်ပို့နေပြီး ကီလို ၅၀ ဆန်တစ်အိတ်လျှင် ၁၃၅ ယွမ်မှ ၁၄၀ ကြားရရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"လိုင်စင်အသစ်နဲ့ ဆန်တွေကတော့ ခုနစ်ရက်တစ်ပတ်ကို အိတ်ရေ ၇၀၀၀၀၊ ၈၀၀၀၀ လောက် တင်ပို့နေပါတယ်၊ လိုင်စင်အသစ်ဆိုတော့ ၁၀၅ မိုင်ကိုဝင်ကတည်းက ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ပါတဲ့ ဆန်တွေဖြစ်ပါတယ်"ဟု ဦးမင်းသိန်းက ပြောသည်။

ယခင်က တရုတ်နိုင်ငံသို့ မြန်မာ့ဆန်ကို တင်ပို့ရာတွင် မူဆယ် ၁၀၅ မိုင်ရှိ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ဖြင့် သွားရ၍ရသော်လည်း ယခုအခါ စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရရှိသည့် ဆန်များသာ တရုတ်ပြည်ထဲသို့ ဝင်ခွင့်ပြုကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်ထံမှ သိရသည်။

လက်ရှိ တရုတ်နိုင်ငံသို့ ရောင်းချသည့် ဆန်များသည် မေလအတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရန်ရည်မှန်းထားသော ဆန်တန်ချိန် ၅၀၀၀၀ အထဲမှ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပြည်ပတင်ပို့မည့် ဆန်နှင့် ဆန်ကွဲပို့ကုန်လိုင်စင်အတွက် လစဉ်ပင်လယ်ရေကြောင်းမှ တန်ချိန် ၁၀၀၀၀၀ နှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန် ၅၀၀၀၀ ကို မေလတွင် စတင်တင်ပို့ရန် ထုတ်ပြန်ထားသည်။

**ငြိမ်းငြိမ်း**

# မြေထောက်ပဲများ မန္တလေးဈေးကွက်တွင် အရောင်းအဝယ် ပြန်လည်သွက်လက်

**မန္တလေး မေ ၁၄**

ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် အရောင်းအဝယ်များ အေးစက်ငြိမ်သက်နေသည့် မန္တလေးပဲဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း၌ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မြေထောက်ပဲသီးနှံများ အရောင်းအဝယ်များ ပြန်လည်သွက်လက်မြန်ဆန်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

"ဒီနှစ်အစမှာ ထွက်ရှိတဲ့ မြေထောက်ပဲသီးနှံတွေကို တရုတ်နိုင်ငံက အဖွင့်ဈေး သုံးတင်းဝင်တစ်အိတ်ကို ၉၅၀၀၀ ကျပ်ပေါက်ဈေးနဲ့ စတင်ဝယ်ယူခဲ့ပေမယ့် ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် အဝယ်ရပ်နားသွားခဲ့တယ်။ ဒါပေမယ့် ဒီရက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ပြန်လည်ဝယ်ယူလာတဲ့အတွက် အရောင်းအဝယ်တွေ ပြန်ပြီးသွက်လက်လာတယ်။ လက်ရှိဈေးကွက်မှာ သုံးတင်းဝင်တစ်အိတ်ကို ၉၅၀၀၀ ကျပ်နှုန်းနဲ့ အရင်ပေါက်ဈေးအတိုင်းပဲ အရောင်းအဝယ်တွေ ပြန်ပြီးဖြစ်နေတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကုန်စည်ဒိုင်ပိတ်ထားတဲ့ကာလမှာ တောင်သူနဲ့ ကုန်သည်တွေ အဆင်ပြေအောင် အွန်လိုင်းစနစ်နဲ့ အရောင်းအဝယ်တွေ လုပ်နေကြတယ်ဆိုပေမယ့် နမူနာပဲမျိုးစုံခင်းကျင်းထားတဲ့ကုန်စည်ဒိုင်မှာ ရောင်းသူနဲ့ ဝယ်သူမျက်နှာချင်းဆိုင်တွေ့ဆုံပြီး အရောင်းအဝယ်လုပ်ရတာလောက်တော့ အားရကျေနပ်မှုမရှိဘူး။ ဒါကြောင့် မန္တလေးကုန်စည်ဒိုင် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ဖို့ မျှော်လင့်နေကြပါတယ် ''ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

မြေထောက်ပဲကို အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ နှစ်စဉ်ဝယ်ယူမှုများရှိနေပြီး အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများမှာလည်း ယခင်နှစ်များက ဝယ်ယူမှုရှိခဲ့ကြောင်း သိရသည်။

မြေထောက်ပဲကို ဧရာဝတီမြစ်ဝှမ်းဒေသများဖြစ်သည့် ဗန်းမော်၊ ကသာ၊ ထီးချိုင့်နှင့် ရွှေကူမြို့နယ်များတွင် မြစ်ရေကျချိန် မြေနုကျွန်းများပေါ်၌ အောက်တိုဘာလအတွင်း စတင်စိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် ဇန်နဝါရီလတွင် ထွက်ရှိကြောင်းနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသ ကလေး၊ ကလေးဝမြို့နယ်များမှ စိုက်ပျိုးထွက်ရှိသည့် မြေထောက်ပဲများမှာလည်း ဖေဖော်ဝါရီလအတွင်း၌ စတင်ထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# တောင်သူများအဆင်ပြေစေရန် စိုက်စရိတ်ချေးငွေအတိုးနှုန်းနှင့် ကာလလွန်ဒဏ်အတိုးနှုန်းများ လျှော့ချပေး

**မန္တလေး မေ ၁၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် စိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူများအဆင်ပြေစွာ ပြန်ဆပ်နိုင်ရန် နိုင်ငံတော်အစိုးရက အတိုးနှုန်းလျှော့ချပေးထားပြီး ကာလလွန်ဒဏ်ကြေးကိုလည်း ယမန်နှစ်ကထက် ထက်ဝက်လျှော့ဆောင်ခိုင်းထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲမှ သိရသည်။

"စိုက်စရိတ်ချေးငွေအတွက် အတိုးနှုန်းရှစ်ရာခိုင်နှုန်းကို အခုကိုဗစ်-၁၉ ရောဂါကာလမှာ ငါးရာခိုင်နှုန်းအထိ လျှော့ချလိုက်ပါတယ်။ သတ်မှတ်ကာလကျော်လွန်ပြီး ပြန်ဆပ်တဲ့ စိုက်စရိတ်ချေးငွေကိုလည်း ယခင်ကဒဏ်တိုးပေးရတဲ့ငွေတစ်ကျပ်အစား ထက်ဝက်လျှော့ချပစ်လိုက်ပြီး ပြားငါးဆယ်အတိုးနှုန်းပဲ ပေးရတော့မယ်၊ ဒါကတောင်သူတွေအဆင်ပြေဖို့အတွက်ပါ"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲမှ မန်နေဂျာ ဒေါ်ယဉ်နွဲ့က ပြောသည်။

မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်မှာ အစိုးရကကဏ္ဍအလိုက် လျှော့ချနိုင်တဲ့ငွေကြေးအတိုးနှုန်းတွေကို လျှော့ချပေးခဲ့သလို တောင်သူတွေအတွက်ကိုလည်း အလားတူလျှော့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

"နောက်တစ်ခုက အရင်တုန်းကသတ်မှတ်ထားတဲ့ ဒဏ်တိုးကာလက ဧပြီ ၁၅ ရက်ထိပဲသတ်မှတ်ထားတာပါ၊ အခုကာလမှာတော့ ဧပြီ ၁၅ ရက်ကနေ မေလကုန်တဲ့အထိ ဒဏ်တိုးမဆောင်ရတော့ဘူး၊ အဲဒီကာလအတွက်ကင်းလွတ်ခွင့်ပေးထားတယ်၊ မေလကုန်တဲ့အထိ နောက်ဆုံးရက်သတ်မှတ်ထားတယ်၊ ဇွန် ၁ ရက်ကနေစလို့ ဒဏ်တိုးစတင်ကောက်ခံသွားတော့မှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေ ၁၂၄၁၈၄၂ ဧကရှိပြီး စပါးစိုက်ဧက ၄၆၇၄၂၀ အတွက် တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံစိုက်ပျိုးမြေဧက ၇၇၄၄၂၂ အတွက် တစ်ဧကကို ကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးထားကြောင်း သိရသည်။

"လက်ရှိမှာ စိုက်ပျိုးစရိတ်ချေးငွေရယူထားသူ ၂၆၅၆၁ ဦးရှိပြီး ၁၃၄၉၉၈ ဦး ချေးငွေဆပ်ပြီးဖြစ်တာကြောင့် ကျန်တဲ့ စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရမယ့်တောင်သူ ၉၁၀၀၀ ကျော်အနေနဲ့လည်း အတိုးနှုန်းလျှော့ပေါ့ထားတဲ့ကာလအတွင်း အမြန်ဆုံးလာရောက် ပေးဆပ်သင့်တယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲမှ မန်နေဂျာဒေါ်ယဉ်နွဲ့က ပြောသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# မိသားစုအိမ်ခြံဝင်းစိုက်ခင်းအတွက် မျိုးစေ့နှင့် သစ်သီးပင်များထောက်ပံ့

**ထားဝယ် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ထားဝယ်ခရိုင် လေးမြို့နယ်ရှိ တောင်သူများ၏ မိသားစုအိမ်ခြံဝင်းစိုက်ခင်း (Home Gardening ) စိုက်ပျိုးရေးအတွက် မျိုးစေ့နှင့် သစ်သီးပင်များထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းစိုးက ထားဝယ်ခရိုင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို လိုအပ်သလို လတ်လတ်ဆတ်ဆတ်စားသုံးနိုင်စေရန်၊ စားဖိုဆောင်ကုန်ကျစရိတ်လျှော့ချနိုင်စေရန်၊ ပိုလျှံသည်များကို ရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်စေရန်နှင့် အိမ်ခြံဝင်းစိုက်ခင်းများ ပိုမိုဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန်းစန်းတင့်က Home Gardening စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ထားဝယ်ခရိုင် လေးမြို့အတွင်းရှိ တောင်သူ ၁၀၀ ကိုယ်စား တက်ရောက်လာသော တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ဒူးရင်းပျိုးပင် ၁၀၀၊ ပိန္နဲပျိုးပင် ၂၀၀၊ သရက်ပျိုးပင် ၅၀ ပင်၊ ကိုကိုးပျိုးပင် ၇၀၀ နှင့် ကော်ဖီပျိုးပင် ၅၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**





# ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေး၌ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**နေပြည်တော် မေ ၁၄**

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့ နံနက် ၇ နာရီခွဲက နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၂ ဦး၊ အဆင့်မြင့် မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ မီးသတ်အထောက်အကူပြုယာဉ် တစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ ရေမှုန်ရေမွှားလုပ်စက်ရုပ်(LUF 60)၊ Robotic Fire Fighting Vehicle နှစ်စီးတို့ဖြင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို Sodium Hypochloride ပိုးသတ်ဆေး ၁၀၀ ဂါလန်အသုံးပြု၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေး RC ဈေးဆိုင်ခန်းများ၊ ပွဲရုံတန်းဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ဇီဝကဆေးဆိုင်ခန်းများ၊ ကားဂိတ်နှင့် ညဈေးတန်း ရောင်းချသည့်ကွင်းပြင် အဆောက်အအုံတို့အား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇမ္ဗူသီရိ(မီးသတ်)**



# သမဝါယမအသင်းဆိုင်မှ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**နေပြည်တော် မေ ၁၄**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာတွင် အိမ်ထောင်စုပေါင်း ၃၄၃ စုရှိပြီး ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတွင် အသင်းသား ၇၃ ဦးရှိသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ကျေးရွာရှိအသင်းသားများသာမက ပြည်သူအားလုံး အလွယ်တကူဝယ်ယူစားသုံးနိုင်ရန်အတွက် အသင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာရည်၊ Hand Gel များကို အမှုဆောင်အဖွဲ့က သက်သာသော ဈေးနှုန်းဖြင့် စီစဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချနေမှုကို နေပြည်တော် သမဝါယမဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သွားရောက်ကြည့်ရှုခဲ့ကြပြီး ပစ္စည်းများပြတ်လပ်မှုမရှိစေရေး၊ ရောင်းသူနှင့် ဝယ်သူတို့အကြား ရောဂါကူးစက်မှု မရှိစေရေးတို့ကို မှာကြားခဲ့သည်။

ယနေ့အထိ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ် ငါးမြို့နယ်တွင် သမဝါယမအသင်းဆိုင် ၁၁ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

# ညောင်တုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ညောင်တုန်း မေ ၁၄**

ညောင်တုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအဖြစ် ပီတိလူငယ် ပရဟိတအသင်းမှ ကိုခိုင်လင်းဦးဆောင်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ယမန်နေ့ ညနေပိုင်းက ပိုးသတ်ဆေးဖျန်းခြင်းများ မြို့တွင်းတစ်လျှောက် ဆောင်ရွက်ခဲ့ကြသည်။

ယာယီဖွင့်လှစ်ထားသော ပျံကျဈေးများ၊ အာဇာနည်လမ်း၊ လမ်းမတော်လမ်းတစ်လျှောက်၊ တိုက်သစ်လမ်းဆင်း၊ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်လမ်းတစ်လျှောက်၊ သွန်းဘုရားကြီးလမ်း၊ ခိုင်ရွှေဝါလမ်းတစ်လျှောက်၊ အမှတ်(၉)ရပ်ကွက်နှင့် အမှတ်(၁၀)ရပ်ကွက်အတွင်းရှိ လမ်းမကြီးများအား ပိုးသတ်ဆေးဖျန်းခြင်းများကို စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနည်းလမ်းများ၊ ညွှန်ကြားချက်များ၊ ပြည်သူများလိုက်နာသင့်သည့်အချက်များကို ရပ်ကွက်အတွင်း အသံချဲ့စက်ဖြင့် အသိပညာပေးလျက်ရှိသည်။

ထို့ပြင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်နေရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဌာန၊ လူမှုရေးအသင်းအဖွဲ့များ သွားရောက်ကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**



## စားသောက်ကုန်မျိုးစုံကို တွန်းလှည်းဖြင့် လှည့်လည်ရောင်းချသည့်စနစ် ခေတ်စားလာ

**မော်လမြိုင်ကျွန်း မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဒေသခံပြည်သူများသည် ဈေးများသို့သွားရောက်ဝယ်ယူမှုနည်းပါးလာပြီး နံနက်စောစောအိမ်ရှေ့အရောက် ဈေးရောင်းတွန်းလှည်းများဖြင့် လှည့်လည်ရောင်းချသည့် သားငါးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ၊ အခြေခံစားသောက်ကုန်များကို ဝယ်ယူမှုများလာသည်။

အခြေခံစားသောက်ကုန်များမှာ ဈေးနှုန်းကြီးမြင့်ခြင်းမရှိဘဲ ဈေးများတွင်ရောင်းချသည့် ဈေးနှုန်းအတိုင်း ရောင်းချပေးနေသဖြင့် မြို့ပေါ်ပြည်သူများမှာ နံနက်ပိုင်းဈေးရောင်းတွန်းလှည်းအလာကို စောင့်ဆိုင်းပြီး ဝယ်ယူလျက်ရှိကြရာ အဆင်ပြေလျက်ရှိကြသည်။

ယခင်က မော်လမြိုင်ကျွန်းမြို့ပေါ်တွင် တွန်းလှည်းဖြင့် လှည့်လည်ရောင်းချသည့်စနစ်မရှိဘဲ ကိုဗစ်-၁၉ ရောဂါကာလတွင် နေအိမ်မှအပြင်မထွက်ဘဲ ဈေးတွန်းလှည်းကို စောင့်ဆိုင်းဝယ်ယူကြသဖြင့် ဈေးတွန်းလှည်းဖြင့်ဈေးဝယ်ယူသောအလေ့အကျင့် ခေတ်စားလျက်ရှိနေကြသည်။

**မော်ကျွန်းမြင့်အောင်**

# လမ်းတာချဲ့ခြင်းနှင့် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီး

**တီးတိန် မေ ၁၄**

ချင်းပြည်နယ် တီးတိန်မြို့နယ် ငင်းနှုန်းကျေးရွာတွင် ရွာတွင်းလမ်းတာချဲ့ခြင်းလုပ်ငန်းနှင့် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်က လုပ်ငန်းဆောင်ရွက်မှုများကို ယမန်နေ့က စစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်မှုမှာ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက ငင်းနှုန်းကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူ အိမ်ခြေ ၁၁၄ အိမ်အတွက် လမ်းသွားလမ်းလာ အဆင်ပြေချောမွေ့စေပြီး ကားနှင့် မော်တော်ဆိုင်ကယ်များလည်း အလွယ်တကူသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇိုဟေဆာ**

# လုပ်ငန်းရှင် ၃၀၀ ကျော်အား ချေးငွေများ ထုတ်ချေး

**ရန်ကုန် မေ ၁၄**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအပေါ် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရန်ပုံငွေကျပ် ဘီလီယံ ၁၀၀ ထုတ်ချေးပေးရေးအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ခဲ့ရာ ယနေ့အထိ စီးပွားရေးလုပ်ငန်းရှင် ၃၀၀ ကျော်အား ချေးငွေများထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက ပြောသည်။

"အသင်းချုပ်အနေနဲ့ မြန်မာနိုင်ငံကို စီးပွားရေးအရ ရိုက်ခတ်လာနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်တဲ့အနေနဲ့ သက်ဆိုင်ရာဌာနတွေ၊ ပညာရှင်တွေ၊ အလုပ်သမားသမဂ္ဂတွေညှိနှိုင်းပြီးတော့ တုံ့ပြန်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီအတွက် နိုင်ငံတော်အစိုးရက ကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးပေးနိုင်ရေး ခွင့်ပြုပေးခဲ့ပါတယ်။ ယနေ့အထိ လုပ်ငန်းပေါင်း ၃၀၀၊ တန်ဖိုးအားဖြင့် ကျပ် ၁၃ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု ဦးအေးဝင်းက ပြောသည်။

အဆိုပါချေးငွေအတွက် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ကုန်သည်စက်မှုအသင်းများသို့ အွန်လိုင်းတို့မှတစ်ဆင့် လျှောက်လွှာများကို မတ် ၃၀ ရက်မှစ၍ ခေါ်ယူခဲ့ရာ စုစုပေါင်းလျှောက်လွှာ ၄၂၅၈ စောင် လက်ခံရရှိခဲ့ကြောင်း၊ ယင်းလျှောက်လွှာများအနက် ပထမ အသုတ် ၈၅ ဦး၊ ဒုတိယအသုတ် ၁၁၃ ဦးနှင့် တတိယအသုတ် ၁၁၁ ဦးတို့အား ချေးငွေများထုတ်ချေးပေးခဲ့ကြောင်း၊ ကျန်ရှိလျှောက်လွှာများကိုလည်း လက်ခံစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ မေလကုန်ပိုင်းတွင် လျှောက်လွှာအားလုံးစစ်ဆေးပြီး ချေးငွေထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ချေးငွေထုတ်ပေးရေးမူလရည်ရွယ်ချက်ကိုက စီးပွားရေးလုပ်ငန်းတွေ ဆက်လက်လည်ပတ်နိုင်ဖို့ပဲ ထုတ်ချေးတာဖြစ်ပါတယ်။ ဥပမာ လုပ်ငန်းချဲ့ထွင်ဖို့တို့၊ ရင်းနှီးမြှုပ်နှံဖို့တို့၊ အဲဒီလိုလုပ်ဖို့ ထုတ်ချေးတာမဟုတ်ပါဘူး။ လုပ်ငန်းတွေ ဆက်လက်ရှင်သန်နိုင်ဖို့ ဝန်ထမ်းလစာတွေပေးနိုင်ဖို့ထုတ်ချေးပေးရခြင်းဖြစ်ပါတယ်။ အနည်းဆုံး ဝန်ထမ်းတစ်ဦးလစာ သုံးလစာလောက် ဆက်တိုက်ပေးနိုင်အောင် ထုတ်ချေးပေးထားပါတယ်" ဟု ဦးအေးဝင်းက ဆက်လက်ပြောပြသည်။

အဆိုပါချေးငွေများကို အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများမှ အများဆုံးလာရောက်လျှောက်ထားကြကြောင်း၊ ထပ်မံ၍လည်း ချေးငွေလျှောက်လွှာခေါ်ယူသွားရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ဖြစ်ပွားလာချိန်အစောပိုင်းကာလအတွင်း အလုပ်ရုံ၊ စက်ရုံအချို့ ကုန်ကြမ်းပြတ်လပ်မှုကိုအကြောင်းပြုကာ စက်ရုံများ ယာယီပိတ်သိမ်းရပ်နားထားရေး စိန်ခေါ်မှုများရှိခဲ့သည်။ သို့သော်လည်း နိုင်ငံတော်အစိုးရနှင့် စီးပွားရေးကျွမ်းကျင်သူများပူးပေါင်း၍ လုပ်ငန်းများဆက်လက်လည်ပတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

**မြင့်မောင်စိုး**

# ကိုဗစ်-၁၉ ရောဂါ ပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေ

**ဒဂုံ**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်သူများတိကျစွာလိုက်နာနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ အသိပညာပေးသတင်းစကား လက်ကမ်းစာစောင်များကို မေ ၁၄ ရက် နံနက် ၁၀ နာရီက ဒဂုံရိပ်သာဈေးနှင့် လမ်းသွားလမ်းလာပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်သည် ဒုတိယအကြိမ် ဖြန့်ဝေပေးခြင်း ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် မိမိကစ၍ ကာကွယ်ပါ အဓိကသတင်းစကား ၁၀ ချက်၊ အနုပညာရှင်များ၏ အသိပညာပေးစကားသံများ၊ စနစ်တကျ လက်ဆေးနည်းများကို လိုက်နာခြင်းဖြင့် ပြည်သူများပူးပေါင်းပါဝင် ကူညီကြစေရန် စာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

**တောင်ကြီး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အသိပညာပေးလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသည့် ပိုစတာများနှင့် အနုပညာရှင်များ၏ တိုက်တွန်းနှိုးဆော်ချက်များကို နံရံကပ်စာစောင်များ ပြသပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို တောင်ကြီးမြို့၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မေ ၁၄ ရက် နံနက်ပိုင်းတွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှထုတ်ဝေသည့် ကိုဗစ်-၁၉ ရောဂါ



မပြန့်ပွားဖို့မိမိကစ၍ကာကွယ်စို့သတင်းစကားလက်ကမ်းစာစောင်အတွဲ(၄) အမှတ်(၅) ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ကျဝန်ထမ်းများက တောင်ကြီးမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ယာယီဈေးများ၊ ဌာနဆိုင်ရာရုံးများ၊ မော်တော်ယာဉ်ဂိတ်များသို့သွားရောက်ကာ ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။ **အေးအေးစိုး(ပြန်/ဆက်)**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ အမျိုးသမီးကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ မေ ၁၄ ရက် နံနက် ၈ နာရီခွဲက စည်ပင်သာယာအဖွဲ့ပိုင်ဈေးများတွင် ကိုယ်တိုင်ချုပ် အဝတ်နှာခေါင်းစည်းများနှင့် တစ်ခါသုံးနှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာအဖွဲ့ပိုင်ဈေးများဖြစ်သည့် တမ္ပဝတီဈေးသစ်နှင့် မြို့မစည်ပင်သာယာဈေး၊ ပုံကျဈေးတို့တွင် လာရောက်ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နေကြသည့် ပြည်သူများအား အသင်းဝင်များကိုယ်တိုင်ချုပ်လုပ်သည့် အဝတ်နှာခေါင်းစည်း ၅၀၀ နှင့် တစ်ခါသုံးနှာခေါင်းစည်း ၃၀၀ တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြပြီး နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန် ပညာပေးဆွေးနွေးခြင်းများနှင့် လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

**စစ်ကိုင်း**

စစ်ကိုင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်တုံ့ပြန်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၁၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ ရွာထောင်မီးရထားဈေး၌ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်းသိရသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်အောင်ထွေးနှင့် ဝန်ထမ်းများက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ယာဉ်မှ ဝန်ထမ်းများနှင့်ပူးပေါင်းကာ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တုံ့ပြန်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ကြေညာထားသည့် လက်ကမ်းစာစောင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှထုတ်ဝေထားသည့် သတင်းစကားလက်ကမ်းစာစောင်များကို ဈေးဝယ်လာပြည်သူများနှင့် ရွာထောင် မီးရထားဈေးမှ ဈေးသူ၊ ဈေးသားများကိုဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မျိုးဝင်း(ပြန်/ဆက်)**

# နှာခေါင်းစည်းတပ်ဆင်ခြင်းရှိ-မရှိစစ်ဆေး၍ အသိပညာပေး

**ဂန့်ဂေါ မေ ၁၄**

ဂန့်ဂေါမြို့ သမိုင်းဝင် ရွှေပြည်ဆိပ်ဦးဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံနေရာတွင် ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များဖြင့် သွားလာကြသည့် ခရီးသည်များ နှာခေါင်းစည်းတပ်ခြင်းရှိ-မရှိစစ်ဆေးခြင်းများ၊ တပ်ဆင်မှုမရှိသူများအား တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်အသုံးပြု၍ လက်ဆေးစေခြင်းများနှင့် အသိပညာပေးဆွေးနွေးခြင်းများကို ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး မြို့နယ်အဆင့်ကော်မတီနှင့် ပူးပေါင်းအဖွဲ့တို့က ယနေ့ နံနက်တွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းကိုပြေီလလယ်မှစ၍ နှာခေါင်းစည်းများကို အခမဲ့ပေးကာ အသိပညာပေးခဲ့သည့်အပြင် ယခုအချိန်၌ နှာခေါင်းစည်းတစ်ခု ၅၀၀ ကျပ်နှုန်း ကောက်ခံခြင်းဖြစ်ပြီး ပညာပေးကာလကျော်လွန်လျှင် နှာခေါင်းစည်းတစ်ခု ၁၀၀၀ ကျပ်နှုန်းကောက်ခံ၍ အသိပညာပေး ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**



# ဖုန်းဖြင့် သတင်းရယူပေးပို့ခြင်းသင်တန်း အွန်လိုင်းမှတစ်ဆင့် သင်ကြားပေး

**မြိတ် မေ ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအားလုံး မိုဘိုင်းဖုန်းဖြင့် သတင်းရယူပေးပို့ခြင်း၊ သတင်းတင်ဆက်ခြင်းကို လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် Public Speaking For News Reporters အွန်လိုင်းသင်တန်းကို မေ ၅ ရက်မှ ၂၈ ရက်အထိ ရက်သတ္တလေးပတ်အတွင်း အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးည ၇ နာရီမှ ၉ နာရီအထိ သင်တန်းဆရာမ ဒေါ်စိမ့်ရည်ထက်က စနစ်တကျ သင်ကြားပို့ချပေးလျက်ရှိသည်။

သင်တန်းတွင် သတင်းတင်ဆက်ရခြင်းရဲ့ရည်ရွယ်ချက်၊ သတင်းတင်ဆက်သူမှ သိထားရမည့် အချက် ၁၀ ချက်၊ သတင်းကြည့်နေသူများအား သတင်းတင်ဆက်သူ၏စကားလုံးနှင့် အသံအဓိကအရေးပါမှု၊ သတင်းဗီဒီယိုမရိုက်ခင် ကြိုတင်စစ်ဆေးမှုများ၊ အင်္ဂလိပ်စကားလုံးများ အသံထွက်မှန်စေရေး၊ ကာလဒေသန္တရအနေအထားအရ တွေ့ဆုံမေးမြန်းခြင်းကဏ္ဍများအား Zoom Meeting ဖြင့် နားလည်သဘောပေါက်လွယ်စေသော အပြန်အလှန်ဆွေးနွေးမှုများနှင့်အတူ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယင်းသင်တန်းတွင် သင်တန်းသား ၁၀၀ တို့က Zoom Metting စနစ်ဖြင့် အွန်လိုင်းမှတစ်ဆင့် သင်ယူလေ့ကျင့်နေကြခြင်းဖြစ်သည်။

**ထိန်ဝင်း(ပြန်/ဆက်)**



# ဒေါ်လာ ၈ ဒသမ ၂၈၈ သန်းတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခု ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ခွင့်ပြု

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၇/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၈၈ သန်းတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခု အတည်ပြုပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် CMP စနစ်ဖြင့် ဆောင်ရွက်မည့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ Separating Sorting၊ packaging၊ export and local sales of recycle products ( such as metal, aluminum) လုပ်ငန်းတို့ ပါဝင်သည်။

အတည်ပြု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၈၈၁ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်လာစေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များက Video Conferencing စနစ်ကို အသုံးပြု၍ ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီခုနစ်ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**အေးမင်းသူ**

# ကော့သောင်းမြို့၌ ကမ်းနီးကမ်းဝေး ငါးဖမ်းငါးသယ်ရေယာဉ်များ ဆိုက်ကပ်စစ်ဆေးမည့် တံတားတစ်စင်းဆောက်လုပ်

**ကော့သောင်း မေ ၁၄**

ကော့သောင်းခရိုင်အတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးတင်ငါးချရန်နှင့် ရေထွက်ကုန်ပစ္စည်းများ စစ်ဆေးနိုင်ရန်အတွက် FREE ON BOAT (FOB) စစ်ဆေးရေးတံတားတစ်စင်းကို ကော့သောင်းမြို့ ရွှေဟသာ်ရပ်ကွက်အတွင်းရှိ ကမ်းနီးကမ်းဝေး ငါးလုပ်ငန်းကုမ္ပဏီများတည်ရှိရာ ရေလုပ်ငန်းဇုန်တွင် မေလပထမပတ်မှ စတင်ဆောက်လုပ်လျက်ရှိသည်။

အဆိုပါတံတားတွင် အဖွဲ့စုံဖြင့် ကော့သောင်းခရိုင်အတွင်းမှ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ငါးသယ်ရေယာဉ်များ FREE ON BOAT (FOB) ဆိပ်ကမ်းရောက်တန်ဖိုး စစ်ဆေးမှုလုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံ ငါးဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ အရည်အသွေးစံချိန်စံညွှန်းအမီ တင်ပို့ရောင်းချရန်ဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့အနေဖြင့် ရေထွက်ကုန် တင်ပို့ရောင်းချမှုဖြင့် နိုင်ငံတော်အတွက် နှစ်စဉ် နိုင်ငံခြားငွေရှာဖွေပေးရာမြို့ဖြစ်သော်လည်း ယခင်က နိုင်ငံတော်ပိုင်ရေထွက်ကုန်ပစ္စည်း တင်ချစစ်ဆေးရန် ဆိပ်ခံဇောတံတားမရှိခဲ့သည့်အတွက် ပုဂ္ဂလိကပိုင်ဆိပ်ခံတံတားများတွင် လုပ်ငန်းအဆင်ပြေစေရေး ဆိုက်ကပ်စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ယခုနှစ်အတွင်း တံတားချဉ်းကပ်လမ်းနှင့် ဆိပ်ခံဇောတံတားအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ယူကာ တည်ဆောက်လျက်ရှိရာ လာမည့်စက်တင်ဘာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရန် လျာထားကြောင်း၊ ကော့သောင်းခရိုင်အနေဖြင့် တစ်နေ့လျှင် ပျမ်းမျှ ငါးလှေ ၃၁ စင်းခန့်ဖြင့် ငါးတန်ချိန် ၁၀၀၀ ကျော်ကို တင်ပို့လျက်ရှိပြီး တစ်နေ့နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၅ သန်းခန့် ရှာဖွေပေးလျက်ရှိကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပြောသည်။

အဆိုပါတံတားဆောက်လုပ်ပြီးစီးပါက ခရိုင်အတွင်း ငါးဖမ်းငါးသယ်ရေယာဉ်များ ဆိုက်ကပ်စစ်ဆေးမှု လွယ်ကူမြန်ဆန်စွာဖြင့် နိုင်ငံခြားသို့ အရည်အသွေးစံချိန်မီ ရေထွက်ပစ္စည်းတင်ပို့နိုင်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်ပြီး ဒေသတွင်း အသေးစား လက်လုပ်လက်စား ရေလုပ်ငန်း လုပ်ကိုင်သူများလည်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**





# မိုးညှင်းမြို့နယ်၌ လယ်မြေဧက ၄၅၀ ကို အကျိုးပြုမည့် ပင်လုံဆည်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**မိုးညှင်း မေ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအနီး လေးတန်ချောင်းတွင် ဒေသအတွင်းတောင်သူများအတွက် လယ်မြေဧက ၄၅၀ ကျော်ကို အကျိုးပြုဖြစ်ထွန်းပြီး ရာသီမရွေးစိုက်ပျိုးရေပေးဝေနိုင်မည့် ပင်လုံဆည်ကို တည်ဆောက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆည်၏အလျားမှာ ပေ ၃၅၀၊ အကျယ် ၄၉ ပေနှင့် ကျောက်ခြင်း ပေ ၂၀ စုစုပေါင်း ၆၉ ပေကျော်ခန့်ရှိကြောင်း တာဝန်ယူဆောက်လုပ်နေသည့် ထက်မြတ်စံကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်က ပြောသည်။

အဆိုပါပင်လုံဆည်တည်ဆောက်မှုပြီးစီးပါက ပင်လုံကျေးရွာနှင့် သာယာကုန်းကျေးရွာများမှ တောင်သူများ၏ လယ်စိုက်ဧက ၄၅၀ ကျော်တို့တွင် ရာသီမရွေးစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# ဖော်မလင်ဆေးသုံးထားသောပဲပြားများ မြေမြှုပ်ဖျက်ဆီး

**မုံရွာ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ ကန်သာယာပျံကျဈေးတွင် ယမန်နေ့ နံနက် ၇ နာရီက အစားအသောက်များ ဘေးကင်းလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဖော်မလင်ဆေးသုံးရောင်းချလျက်ရှိသော ပဲပြားများတွေ့ရှိရသဖြင့် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

"လောလောဆယ် စည်ပင်သာယာရေးအဖွဲ့နဲ့ ညှိနှိုင်းပြီး ပဲပြားကိုပေးမရောင်းတော့ဘူး၊ တကယ်လို့ရောင်းချင်တယ်ဆိုရင် ကျွန်တော်တို့ဆီကို ညနေပိုင်းလာရောက်အစစ်ဆေးခံပါ။ အစစ်ဆေးခံပြီးမှပဲ ရောင်းချခွင့်ပေးမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာထွန်းလင်းအောင်က ပြောသည်။

ဖော်မလင်ဆေးသုံးထားသည့် ပဲပြားများကို စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ရွေ့လျားဓာတ်ခွဲခန်းပါ မော်တော်ယာဉ်ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်းနှင့် သိမ်းဆည်းရရှိခဲ့သည့် ဖော်မလင်ဆေးပါ ပဲပြားများကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများက မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကဝမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်



**ကဝ မေ ၁၄**

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ကျေးရွာ ဦးငွေအောင်၏ ဆန်စက်ဝင်းအတွင်း ယမန်နေ့ ညနေ ၃ နာရီက ကျင်းပသည်။

ကဝမြို့နယ်အတွင်း၌ မေ ၁၁ ရက်ကဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် အုန်းနဲ့ကျေးရွာအုပ်စု၊ ဝါးတောကျေးရွာအုပ်စု၊ နိဗ္ဗာန်ကျေးရွာအုပ်စု၊ သံတံခါးကျေးရွာအုပ်စု၊ ပိုင်ကျုံကျေးရွာအုပ်စု၊ ထဲနန်ကျေးရွာအုပ်စု၊ ဘန်ဒါကျေးရွာအုပ်စုနှင့် ဇွဲဘာကျေးရွာအုပ်စုတို့တွင် နေအိမ် ၁၄၂ လုံး ပြိုလဲသွားခဲ့ပြီး နေအိမ် ၅၂၈ လုံး အမိုးလန်ကာ ဘုန်းကြီးကျောင်းနှစ်ကျောင်း အမိုးလန်ပြီး တစ်ကျောင်းပြိုလဲခဲ့သည်။

အဆိုပါ ပြိုလဲနေအိမ် ၁၄၂ လုံးနှင့် အမိုးလန် ဘုန်းကြီးကျောင်းအပါအဝင် ၅၃၁ လုံးတို့အတွက် အိမ်/ကျောင်းဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၂၈၀၇၀၀၀၀၊ ပြိုလဲနေအိမ် ၁၄၂ လုံးရှိ လူဦးရေ ၅၉၆ ဦးအတွက် ဆန်ရိက္ခာခုနစ်ရက်စာဖိုး ထောက်ပံ့ငွေကျပ် ၁၂၅၁၆၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၉၃၂၁၆၀၀နှင့် ပြိုလဲနေအိမ် ၁၄၂ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၁၄၂ ပုံးတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဆိပ်ဖြူမြို့နယ်၌ စီးပွားဖြစ်ကျွန်း ဧက ၁၀၀ စိုက်ပျိုး

**ဆိပ်ဖြူ မေ ၁၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် သစ်တောဦးစီးဌာနက တောင်ယာစနစ်နှင့်တွဲဖက်၍ စီးပွားဖြစ်ကျွန်းစိုက်ခင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် စစ်နှင့် တိုးချဲ့သစ်တောကြိုးဝိုင်းအကွက် အမှတ် (၇၈) နှင့် (၇၉) တို့တွင် နိုင်ငံပိုင်စီးပွားဖြစ်ကျွန်းစိုက်ခင်းဧက ၁၀၀ ကို စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

**ဧက ၁၀၀ ဆက်လက်စိုက်ပျိုး**

ဆိပ်ဖြူမြို့နယ်အတွင်းရှိ နိုင်ငံပိုင် သစ်တောများကို တောင်ယာစနစ်နှင့်တွဲဖက်၍ စီးပွားဖြစ် ကျွန်းစိုက်ခင်းများကို ၂၀၀၈ ခုနှစ်မှစတင်၍ အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ နိုင်ငံပိုင်စီးပွားဖြစ် ကျွန်းစိုက်ခင်းဧက ၁၅၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဧက ၁၀၀ ဆက်လက်အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိသည်။



တောင်ယာစိုက်ပျိုးသူများအနေဖြင့် သဘာဝတောများရှင်းလင်းခြင်း၊ စိုက်ပျိုးခြင်း၊ ပြုပြင်ထိန်းသိမ်းရေးစရိတ်များရရှိသည့်အပြင် စီးပွားဖြစ် ကျွန်းစိုက်ခင်းအတွင်း တောင်ယာစပါးနှင့် အခြားသီးနှံများကို အခမဲ့သုံးနှစ် စိုက်ပျိုးနိုင်သည့်အပြင် ထွက်ရှိသောစိုက်ပျိုးသီးနှံများကို မိမိတို့မိသားစု ဝင်ငွေရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်သစ်တောများမှ သစ်နှင့် သစ်တောထွက်ပစ္စည်းများဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံဘဏ္ဍာငွေများ ပြန်လည်မြင့်တက်လာမည် ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးထက်လင်းက ပြောသည်။

**ကိုဖွဲ့ (အညာမြေ)**

# ညောင်ရွှေမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၄၀၀၀၀၀ ကျော် ပျိုးထောင်

**ညောင်ရွှေ မေ ၁၄**

မိုးရာသီကာလအတွင်း အင်းလေးကန် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်



ဒေသခံပြည်သူများအနေဖြင့် ပျိုးပင်များကို အခမဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနမှ ပျိုးပင်ပေါင်း ၄၀၀၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်း သိရသည်။

ပျိုးပင်များကို ယခုလမှစတင်၍ ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ညောင်ရွှေပျိုးဥယျာဉ်၌ ပျိုးပင် ၁၈၀၀၀၀ ကျော်၊ ခေါင်တိုင်ပျိုးဥယျာဉ်၌ ပျိုးပင် ၂၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် အပင်များကို ပျိုးထောင်ထားရှိကြောင်း၊ ဒေသခံပြည်သူများအပြင် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့များကလည်း လာရောက်ထုတ်ယူစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇမ်ဆွမ်းခိုင်က ပြောသည်။

ညောင်ရွှေမြို့နယ်တွင် ကျွန်း၊ ရေသင်းဝင်၊ ချင်းတည်း၊ တမာ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မန်ကျည်းရှား၊ ထောပတ်၊ ပနားမားငှ၊ မဲဇလီ၊ သဘော်ာကုက္ကို၊ မြန်မာရှား၊ အညာကုက္ကို၊ ခါတော်မီ စသည့်အပင်များ ပျိုးထောင်ထားရှိကြောင်း၊ လူထုဖြန့်ပျိုးပင် ၈၀၀၀၀ ကျော်နှင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းအတွက် ၃၀၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးရာသီတွင်စိုက်ပျိုးရန် အရိပ်ရသစ်မျိုးစုံပေါင်း ၁၂၆၆၃ ပင် ပျိုးထောင်ထား

**ပွင့်ဖြူ မေ ၁၄**


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်ကာ ယခုနှစ်မိုးရာသီတွင်စိုက်ပျိုးရန် အရိပ်ရသစ်မျိုးစုံပေါင်း ၁၂၆၆၃ ပင် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရသည်။

ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနရုံး မြို့မပျိုးဥယျာဉ်တွင် လူထုဖြန့်အနေဖြင့် စိုက်ပျိုးရန် ယူကလစ်၊ ဝါး၊ ခရေ၊ ကံ့ကော်၊ တမာ၊ မဲဇလီ၊ ကုက္ကို၊ ကျွန်း စသည့် အရိပ်ရပင် ၄၀၀၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၅၆၀ ဒသမ ၉၄ ဧကအတွက် ရွှေစက်တောဘေးမဲ့တောနှင့် ကျွဲတံခါးကြိုးဝိုင်း သစ်တောစိုက်ခင်းတွင် စိုက်ပျိုးရန် ယူကလစ်၊ ကျွန်း၊ လျှော်ဖြူ၊ ဝါးစသည့် အရိပ်ရပင် ၈၄၁၄၁ ပင်၊ စိမ်းလန်းစိုပြည်ရေးအစီအစဉ်ဖြင့် ပျိုးပင်ကြီးစိုက်ပျိုးရန်အတွက် ငုစပ်၊ ကုက္ကို၊ သရက်၊ နဘဲ၊ ထောက်ကြံ့၊ ဗန်ဒါ၊ ရေတမာ၊ ကံ့ကော်၊ ခရေ၊ ကဗွီး၊ မအူ၊ ကျွန်း၊ တမာ၊ မန်ကျည်း၊ ဖန်ခါး၊ မြင်ဝါး၊ ဝါးပိုးဝါး စသည့် အရိပ်ရပင် ၅၀၀ တို့ကို ပျိုးထောင်စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်း မုန်းချောင်းကမ်းပါးပြိုကျမှုအန္တရာယ် လျော့နည်းသက်သာစေရေးအတွက် ဗာတီဗာမြက်မျိုးအပင် ၂၀၀၀ ကိုလည်း ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းသိရကာ မုန်းချောင်းအနီးကျေးရွာများဖြစ်သည့် ရွှေလေ့ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ညောင်ပင်ရွာကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ ငွေ့ကျေးရွာတို့တွင် ကျေးရွာတစ်ရွာလျှင် ဗာတီဗာမြက်မျိုး အပင် ၄၀၀ စီ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးအောင်မော်ထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အပူဒဏ်ကာကွယ်ရေးနှင့် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရသည့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်အား မျှတကောင်းမွန်ရေးအတွက် နှစ်စဉ် သစ်မျိုးစုံအရိပ်ရပင်များကို မိုးမကျမီ ကြိုတင်ပျိုးထောင်ထားရှိပြီး အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်အတွက် သစ်မျိုးစုံအရိပ်ရပင်ပေါင်း ၁၂၆၆၃ ပင်အား အချိန်မီစိုက်ပျိုးရန် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# မောက်မယ်မြို့နယ်အတွင်းရှိ ယာမြေများတွင် pH စမ်းသပ်တိုင်းထွာခြင်း ဆောင်ရွက်

**မောက်မယ် မေ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ ယာမြေများတွင် ထုံးထည့်သွင်းမြေပြုပြင်မှုလုပ်ငန်းများအတွက် မြေ pH စမ်းသပ်တိုင်းထွာခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မောက်မယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ၏ ယာမြေများတွင် သီးနှံတစ်မျိုးတည်းဆက်တိုက်စိုက်၍ မြေဆီလွှာအာဟာရဓာတ်များ ဆုံးရှုံးပျက်စီးမှုများကို ထိန်းသိမ်းပြုပြင်ရန်နှင့် ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်က ပြောသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# သရက်စိုက်တောင်သူများ GAP လက်မှတ်စတင်ရရှိ

**ဘုတလင် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ညောင်ကန်၊ ရွာသာနှင့် အုတ်အိုင်ကျေးရွာတို့မှ သရက်စိုက်တောင်သူခြောက်ဦးက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices–GAP) လက်မှတ် စတင်ရရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ GAP လက်မှတ်ကို တောင်သူခြောက်ဦးစိုက်ပျိုးထားသည့် စိန်တလုံးသရက် ၃၇ ဧကအား တောင်သူများကိုယ်တိုင် လျှောက်ထားရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း နွေပဲတီစိမ်းငါးဧက၊ နွေစပါး ၃၅ ဧက၊ သရက်ဧက ၇၀ နှင့် မိုးစပါး၊ မိုးမြေပဲကိုလည်း GAP လက်မှတ်များရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ဘုတလင်မြို့နယ်တွင် ၂၀၁၉ ခုနှစ်ကလည်း တောင်သူ ၂၄ ဦး၏ ဆောင်းနှမ်း ၂၆၈ ဧကကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAP လက်မှတ်ရရှိထားပြီး တောင်သူများစိုက်ပျိုးထားသည့် သီးနှံများကို စိုက်ပျိုးရေးဦးစီးဌာနအဆင့်ဆင့်က ကွင်းဆင်းစစ်ဆေးကာ စံသတ်မှတ်ချက် ၁၆ ချက်နှင့်ကိုက်ညီမှသာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP လက်မှတ်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# စိုက်ပျိုးရေးနည်းပညာများ သွားရောက်လေ့လာ

**ကန့်ဘလူ မေ ၁၄**

မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများသည် ကန့်ဘလူမြို့သို့ စိုက်ပျိုးရေးနည်းပညာများနှင့်ပတ်သက်၍ ယမန်နေ့က သွားရောက်လေ့လာခဲ့ကြသည်။

"ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံးနဲ့ ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးတွေရဲ့ Home Garden လုပ်ဆောင်ထားတာတွေကို လေ့လာကြပါတယ်။ ကန့်ဘလူမြို့နယ်ထဲက စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာတွေမှာ နေထိုင်တာဝန်ထမ်းဆောင်နေတာတွေ၊ ကန့်ဘလူသရက်ခြံတွေမှာ Home Garden လုပ်ဆောင်ထားတာတွေကို လေ့လာကြပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစံအောင်က ပြောသည်။

ကန့်ဘလူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း တောင်သူများမျိုးကြောင့်မခက်စေရေး၊ ပိုးကြောင့်မပျက်စေရေး ဆောင်ပုဒ်နှင့်အညီ တောင်သူပညာပေးလုပ်ငန်းများ အနီးကပ်ဆက်သွယ်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာကိုးခု တည်ထောင်ဖွင့်လှစ်ထားကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ်က သရက်လုပ်ငန်းရှင်အစုအဖွဲ့မှသရက်စိုက်ပျိုးသူ ၂၄ ဦး၏ ၁၀၂၂ ဒသမ ၈၂ ဧကနှင့် နဂါးမောက်စိုက်ပျိုးသူခြောက်ဦး၏ ဧက ၁၀ ဒသမ ၀၀ တို့အား GAP Guide Line နှင့်ညီညွတ်သည့်အတွက် GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားကြောင်း သိရသည်။

"GAP သရက်သီးတွေ ခူးဆွတ်ချိန်ရောက်လာတဲ့အတွက် ခူးဆွတ်ပြီးရိတ်သိမ်းချိန်လွန်နည်းပညာတွေနဲ့အညီ ဆောင်ရွက်ပြီး ဈေးကွက်ကိုတင်ပို့ရောင်းချနေပါပြီ" ဟု GAP လက်မှတ်ရ သရက်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကန့်ဘလူမြို့နယ်တွင် နွေသီးနှံ ပဲတီစိမ်းဧက ၂၅၀၀ ကျော်နှင့် နွေနှမ်းဧက ၁၄၀၀ ကျော်၊ နွေစပါးဧက ၂၇၀ ကျော်တို့ကို မြေအောက်ရေသုံး၍ စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးကို ကွင်းထဲအရောက် စိုက်ပျိုးရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစံအောင်ထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အီတလီအစိုးရ၏ အတည်ပြုချက်ရပါက စီးရီးအေပြိုင်ပွဲကို ဇွန် ၁၃ ရက်တွင် ပြန်လည်စတင်ရန် စီစဉ်နေ

အီတလီနိုင်ငံအစိုးရရဲ့ အတည်ပြုချက်ရရှိပါက စီးရီးအေပြိုင်ပွဲကို ဇွန် ၁၃ ရက်တွင် ပြန်လည်စတင်နိုင်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အီတလီစီးရီးအေ အထွေထွေအစည်းအဝေးကို မေ ၁၃ ရက်က ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်ခဲ့တာဖြစ်ပြီး အစိုးရရဲ့ ဆုံးဖြတ်ချက်တွေနဲ့အညီ ပြန်လည်စတင်မယ့်ရက်ကို အတည်ပြုသွားဖို့ရှိနေတာဖြစ်ပါတယ်။ အီတလီစီးရီးအေကလပ်အသင်းတွေဟာ မေလအစပိုင်းကတည်းက လေ့ကျင့်ရေးအစီအစဉ်တွေ ပြန်လည်စတင်ခဲ့တာဖြစ်ပေမယ့် ကစားသမားတွေအနေနဲ့ တစ်ဦးချင်းလေ့ကျင့်ရေးအစီအစဉ်တွေ လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။



၂၀၁၉ ခုနှစ် အောက်တိုဘာလက ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။

အီတလီစီးရီးအေပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် မတ် ၉ ရက်ကတည်းက ရပ်နားထားခဲ့ရတာဖြစ်ပြီး လက်ရှိအချိန်မှာ ဂျူဗင်တပ်အသင်းက ဒုတိယနေရာက လာဇီယိုအသင်းကိုတစ်မှတ်ဖြတ်ကာ အီတလီစီးရီးအေအမှတ်ပေးဇယားကို ထိပ်ဆုံးက ဦးဆောင်နေတာဖြစ်ပါတယ်။

အီတလီစီးရီးအေကလပ်အသင်းတွေဟာ လာမယ့်တစ်ပတ်ထဲမှာ အသင်းလိုက်လေ့ကျင့်ရေးအစီအစဉ်တွေ စတင်လုပ်ဆောင်ဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။ အီတလီနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ထိခိုက်ခဲ့ရတဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပြီး ကစားသမားအများစုလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့တစ်ပတ်ကလည်း ဖီအိုရင်တီးနား ကစားသမားသုံးဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသလို တိုရီနိုအသင်းရဲ့ ကစားသမားတစ်ဦးလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရတာဖြစ်ပါတယ်။

## မန်စီးတီး တောင်ပံကစားသမား လီရွိုင်းဆာနေးကို ပေါင်သန်း ၅၀ နဲ့ ခေါ်ယူရန် ဘိုင်ယန်မြူးနစ် စီစဉ်နေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ နွေရာသီအပြောင်းအရွှေ့ဈေးကွက် ပြန်လည်စတင်ချိန်မှာ မန်စီးတီးအသင်း တောင်ပံကစားသမား လီရွိုင်းဆာနေးကို ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ နဲ့ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဂျာမနီကြယ်ပွင့် လီရွိုင်းဆာနေးကို ခေါ်ယူဖို့ ကာလရှည်ကြာ စောင့်စားနေခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ ဆာနေးရဲ့ လက်ရှိစာချုပ်သက်တမ်းဟာလည်း ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

တောင်ပံကစားသမား ဆာနေးဟာ ပြီးခဲ့တဲ့နွေရာသီကာလအတွင်းက ဒဏ်ရာပြဿနာကြုံခဲ့ရတာကြောင့် မန်စီးတီးအသင်းရဲ့ အသက် ၂၃ နှစ်အောက်အသင်းမှာ ပြောင်းလဲကစားခဲ့ရသူလည်းဖြစ်ပါတယ်။ ဆာနေးကို ခေါ်ယူဖို့အတွက် ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်း သတ်မှတ်ခဲ့ပေမယ့် မန်စီးတီးအသင်းက အဲဒီဈေးနှုန်းနဲ့ ရောင်းချသွားမှာမဟုတ်ဘူးလို့ ဆိုခဲ့တာကြောင့် လက်ရှိမှာ ပေါင်သန်း ၅၀ နဲ့ ခေါ်ယူဖို့ ဘိုင်ယန်မြူးနစ်အသင်းက စီစဉ်ခဲ့တာဖြစ်ပါတယ်။

တောင်ပံကစားသမား ဆာနေးဟာ ၂၀၁၆ ခုနှစ်အတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းကနေ မန်စီးတီးအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ မန်စီးတီးအသင်းအတွက် ပွဲပေါင်း ၁၃၄ ပွဲမှာ သွင်းဂိုး ၃၉ ဂိုး သွင်းယူပေးထားတာလည်းဖြစ်ပါတယ်။

## လီဗာပူးကို ယှဉ်နိုင်ရန် ကစားသမားနှစ်ဦး သို့မဟုတ် သုံးဦးအထိ ခေါ်ယူဖို့ မန်ယူအသင်း လိုအပ်နေဟု ဗန်ဒါဆားပြောကြား

မန်ယူအသင်းအနေနဲ့ လာမယ့်ဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ကို ယှဉ်နိုင်ရန် ကစားသမားနှစ်ဦး သို့မဟုတ် သုံးဦးအထိ ခေါ်ယူဖို့ လိုအပ်နေတယ်လို့ မန်ယူအသင်းရဲ့ ဂိုးသမားဟောင်း ဗန်ဒါဆားက ပြောကြားလိုက်ပါတယ်။

ဂိုးသမား ဗန်ဒါဆားဟာ မန်ယူအသင်းကနေ ထွက်ခွာသွားခဲ့ပေမယ့် အသင်းဟောင်းရဲ့ ကံကြမ္မာကို အမြဲတစေ စောင့်ကြည့်နေခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာလည်း နယ်သာလန်ကလပ် အေဂျက်အသင်းကို ဥရောပရဲ့ အကောင်းဆုံးအသင်းတစ်သင်းအဖြစ်ပါဝင်လာဖို့ ကြိုးပမ်းနေတာလည်းဖြစ်ပါတယ်။

အသက် ၄၉ နှစ်အရွယ်ရှိ ဗန်ဒါဆားဟာ တစ်ချိန်က မန်ယူအသင်းရဲ့ အမှုဆောင်အရာရှိချုပ် ရာထူးနေရာနဲ့ အသင်းဟောင်းဆီကို ပြန်လာဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပြီး လက်ရှိမှာ အေဂျက်အသင်းရဲ့ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေတာဖြစ်ပါတယ်။


မန်ယူအသင်းဟာ လက်ရှိအချိန်မှာ နည်းပြ ဆိုးရှားရဲ့လက်အောက်မှာ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိနေပြီဟု ဗန်ဒါဆားက ယုံကြည်ထားတာဖြစ်ပြီး မန်ယူအသင်းကို တောင့်တင်းတဲ့ အသင်းတစ်သင်းဖြစ်လာဖို့နဲ့ ပရီမီယာလိဂ်ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ကို ယှဉ်နိုင်ရန် ကစားသမားနှစ်ဦး ဒါမှမဟုတ် သုံးဦးအထိ ခေါ်ယူဖို့ မန်ယူအသင်းလိုအပ်နေတယ်လို့ အကြံပြုထားတာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ လက်ရှိမှာ ဥရောပရဲ့ထိပ်တန်းအဆင့်ရှိ ကစားသမားတွေထဲမှာ အပါအဝင်ဖြစ်တဲ့ စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်း၊ ဒေါ့မွန်တိုက်စစ်မှူး ဂျာဒန်ဆန်ချို့နဲ့ အက်စ်တွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်တို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အနုပညာ

## လက်ထပ်တော့မယ့် ဂျန်ဂျင်



တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ Shinhwa ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်ဂျင်ဟာ သူနဲ့ အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ ချစ်သူနဲ့ လာမယ့် အောက်တိုဘာလအတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်ဂျင်ဟာ သူနဲ့ စေ့စပ်ပြီးဖြစ်တဲ့ လုပတဲ့ လေယာဉ်မယ်လေး တစ်ဦးနဲ့ လာမယ့် အောက်တိုဘာလအတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း မေ ၁၄ ရက်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ သူတို့နှစ်ဦးဟာ မင်္ဂလာပွဲအတွက် ပြင်ဆင်နေကြောင်း သိရပါတယ်။

Shinhwa အဖွဲ့ဝင်တွေအနက် ဂျန်ဂျင်ဟာ ဒုတိယမြောက် လက်ထပ်သူဖြစ်လာမှာပါ။ အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်သူ အဲရစ်ဟာ မင်းသမီး နာဟေမီနဲ့ ၂၀၁၇ ခုနှစ်အတွင်းက လက်ထပ်ခဲ့ပါတယ်။

## စစ်မှုထမ်းဆောင်နေသော ကြယ်ပွင့်များ တေးဂီတရုပ်ရှင်သစ်တွင် ပါဝင်မည်



လတ်တလောမှာ စစ်မှုထမ်းဆောင်လျက်ရှိတဲ့ တောင်ကိုရီးယားကြယ်ပွင့်တွေ စုစည်းကာ တေးဂီတရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ရုပ်ရှင်သစ်ဟာ စစ်ကားဖြစ်ပြီး Return: The Promise of the Day လို့ ယာယီ အမည်ပေးထားကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်ဟာ ကိုရီးယားစစ်ပွဲအတွင်း တိုင်းပြည်ကို ကာကွယ်ဖို့ရာ စွန့်လွှတ်အနစ်နာခံခဲ့ကြတဲ့ စစ်သားတွေကို ပြန်လည်အမှတ်ရစေဖို့နဲ့ လူစွမ်းကောင်းတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းရုပ်ရှင်မှာ ရှုမင်၊ ဒီအို၊ ယွန်းဂျီဆန်း၊ ဆန်းယို၊ ကင်မင်ဆပ်စတဲ့ နာမည်ကျော်ကြယ်ပွင့်တွေ ပါဝင်ထားကြောင်းလည်း သိရပါတယ်။

အဆိုပါရုပ်ရှင်ကို ဇွန် ၄ ရက်မှ ဇူလိုင် ၁၂ အထိ ဆိုးလ်မှာရှိတဲ့ အိုလံပစ်ပန်းခြံ ဝူဒီအာ့ထ်ခန်းမမှာ ပြသသွားမှာပါ။ ပြသရာမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ မဖြစ်ပွားစေဖို့ရာ သတ်မှတ်ထားတဲ့ စည်းကမ်းများနဲ့အညီ ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

## စစ်မှုစတင်ထမ်းဆောင်တော့မယ့် ဆူဟို ကို EXO အဖွဲ့ဝင်များ နှုတ်ဆက်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ခေါင်းဆောင် ဆူဟိုဟာ လတ်တလောမှာ စစ်မှုစတင်ထမ်းဆောင်ခဲ့ပြီဖြစ်ပါတယ်။ သူ စစ်မှုစတင်ထမ်းဆောင်ဖို့ သွားရောက်ရာမှာ အခြားသောအဖွဲ့ဝင်တွေက လိုက်ပါပို့ဆောင်ကာ နှုတ်ဆက်ခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၄ ရက်မှာ ဆူဟိုဟာ စစ်မှုစတင်ထမ်းဆောင်ဖို့ရာ နွှမ်နန်လေ့ကျင့်ရေးစခန်းကို သွားရောက်ခဲ့ပါတယ်။ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအခြေအနေတွေကြောင့် ဆူဟို စစ်မှုထမ်းဆောင်ရာကို ပရိသတ်တွေ တွေ့ဆုံနှုတ်ဆက်ခွင့်မရဖြစ်ခဲ့ရပြီး အဲဒီအပေါ် ပရိသတ်တွေက အားမလိုအားမရဖြစ်ကြတာကြောင့် အေဂျင်စီက အခြားသော အဖွဲ့ဝင်တွေ ဆူဟိုကို နှုတ်ဆက်ခဲ့ပုံတွေကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြပေးခဲ့တာဖြစ်ပါတယ်။

အဆိုပါဓာတ်ပုံတွေမှာ EXO အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ချန်ယိုး၊ ချန်း၊ ခါအီ၊ ဘတ်ခ်ယွန်းနဲ့ ဆယ်ဟွန်းတို့ဟာ ဆူဟိုကို လိုက်ပါပို့ဆောင်ရင်း အဖွဲ့အနေနဲ့ စစ်မှုထမ်းဆောင်မယ့်အဖွဲ့ဝင်တွေကို နှုတ်ဆက်တဲ့ သီးခြားပုံစံနဲ့ နှုတ်ဆက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဝင်တွေဟာ စစ်မှုထမ်းဆောင်မယ့်သူရဲ့ ဦးခေါင်းပေါ်ကို သူတို့ရဲ့ လက်တွေကိုတင်ကာ နှုတ်ဆက်လေ့ရှိတာ ဖြစ်ပါတယ်။ လက်ရှိမှာ EXO ရဲ့ အခြားသော အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ဒီအိုနဲ့ ရှုမင်တို့လည်း စစ်မှုထမ်းဆောင်နေဆဲဖြစ်ကာ သူတို့နှစ်ဦးကတော့ ပြီးခဲ့တဲ့နှစ်အတွင်း စစ်မှုစတင်ထမ်းဆောင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ပဉ္စရူပဆေးလိပ်ခုံပိုင်ရှင်

## ဒေါ်ခင်ခင်

### အသက်(၉၂)နှစ်

ပခုက္ကူမြို့၊ အမှတ်(၁၀)၊ စာတိုက်တန်းရပ်၊ ရန်အောင်လမ်းနေ ပဉ္စရူပဆေးလိပ်ခုံပိုင်ရှင် (ဦးအောင်ဆင့်)၏ ဇနီး၊ ဒေါက်တာမိုးအောင်မော်-(ဒေါ်ခင်မြဆွေ)၊ ဒေါက်တာဝင်းမြင့်အောင်-ဒေါ်စန္ဒာဦး၊ ဒေါက်တာရဲထွန်း-ဒေါက်တာမွန်မွန်လှ၊ ဒေါ်ယဉ်ယဉ်မွန်၊ (ဦးအောင်ခင်ဆင့်)-ဒေါ်လဲ့လဲ့ဝင်းတို့၏ မိခင်ကြီး၊ ကိုနိုင်အောင်မော်၊ ကိုရန်အောင်မော်၊ ကိုဘုန်းဇေယျာမင်း၊ ကိုပြည့်ဖြိုးအောင်၊ ကိုနေကျော်ထက်အောင်၊ မောင်ရဲဘုန်းမြတ်၊ မောင်ကောင်းမင်းခန့်အောင်၊ မဇွန်လဲ့ဖြူ၊ မအိရဲမွန်၊ မကြည်ရဲမွန်၊ မခိုင်မွန်မွန်ကျော်၊ မခင်မြတ်နိုး၊ မမေရဲမွန်၊ မနေခြည်ချမ်းမြေ့အောင်တို့၏ အဘွား၊ မောင်ခိုင်ခင်၊ မအမာရာတို့၏ ဘွားဘွားကြီးသည် ၁၄-၅-၂၀၂၀ ရက် နံနက် ၉:၅၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ညှိုးငယ်စိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

ပုလောမြို့နယ်အသင်း(ရန်ကုန်)

### ဒေါ်ညို (ကော့သောင်းမြို့)

#### အသက်(၆၀)

အသင်းဝင်အမှတ်-၇၃၁၁

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်နေ ဦးစိုးလင်း(အမှုဆောင်-ပုလောမြို့နယ်အသင်း-ကော့သောင်း အဝေးရောက်အမှုဆောင်အဖွဲ့)၏ ဇနီးသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ကော့သောင်းမြို့ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကောဏ္ဍည (တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ)

### သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ဆုံရပ်၊ မဟာရတနာရာမ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တကောဏ္ဍည (တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ) သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၀) မဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်)၊ ၁၃-၅-၂၀၂၀ ရက် ည ၁၁:၃၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၊ ရန်ကုန်မြို့၌ ပျံလွန်တော်မူသွားပါသဖြင့် ၁၅-၅-၂၀၂၀ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ ဈာပနသဘင်ဆင်ယင်ကျင်းပ၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးတပည့်သံဃာ၊ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ/ဒါယိကာမများ

သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းတင်

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၃၆၄)နေ (ဦးမြင့်-ဒေါ်မှိန်)တို့၏ သမီးချွေးမ၊ (ဦးအုန်းကြည်)၏ ဇနီး၊ မော်လမြိုင်မြို့၊ ဘီလူးကျွန်းမြို့နယ်၊ ဖံဖကျေးရွာနေ (ဦးပန်းဦး-ဒေါ်ကွန်မေ)တို့၏ သမီး၊ (ဦးဗိုက်ပူ-ဒေါ်တရုတ်မ)၊ (ဦးထွန်းနိုင်)-ဒေါ်အေးပို၊ ဦးမောင်သိန်း-ဒေါ်ခင်မှီတို့၏ အစ်မကြီး၊ ဦးစိုးဝင်း-ဒေါ်အေးအေးမာ၊ ဒေါ်ခင်စန်းနု (USA)၊ ဒေါ်ခင်စန်းနွဲ့ (အလက-၄၊ ဒေါပုံ)၊ ဦးသန်းနိုင်-ဒေါ်တင်တင်ဝင်း၊ ဦးအေးနိုင်-ဒေါ်မေမျိုးသွင်၊ ဦးမောင်အောင်-ဒေါ်သန်းသန်းနု၊ ဦးစိုးလွင်-ဒေါ်သန္တာဦး၊ (ဦးအောင်လွင်)-ဒေါ်စုစုလှိုင်တို့၏ မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်သိန်းတင်သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၃၆၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြားမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်မြင့်(ခ)မယွန်း

(ဆည်မြောင်းဦးစီးအရာရှိ-ငြိမ်း)

### အသက်(၈၂)နှစ်

လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ဘူတာရုံလမ်း မှတ်တိုင်၊ ရွှေဝါမြိုင်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၅၀၈)နေ (ဦးသော်-ဒေါ်လှသိန်း)တို့၏ သမီး၊ (ဦးနွဲ့-ဒေါ်ကျင်အိ)တို့၏ သမီးချွေးမ၊ [ဦးသိန်းလွင်-ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ Dr.ကျော်ဇင်ပြုံး (လ/ထ ညွှန်မှူး၊ ကရင်ပြည်နယ်ကုသရေးဦးစီးဌာန)-Dr.မိုးမိုးအေး (လ/ထ ညွှန်မှူး၊ ကရင်ပြည်နယ်ကုသရေးဦးစီးဌာန)၊ ဦးကြည်ဇင်ဦး(ခေတ္တ-မလေးရှား)-ဒေါ်ခင်နှင်းလွင်၊ ဦးကျော်မင်း-ဒေါ်ဥမ္မာလွင်၊ ဦးဇေယျကျော်-ဒေါ်သန္တာလွင် (လ/ထ ကထိက ဆေး-၁) တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၄:၂၆ နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဇေယျဝတီကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းငွေ(ခ)ဦးအောင်မိုးဇော် (ဆကာကြီး)

Ex-စာပေဗိမာန်၊ စက်မှု-၂(ငြိမ်း)

အထက်တန်းနက္ခတ္တဗေဒ လက္ခဏာပညာရှင်

မြန်မာနိုင်ငံဗေဒင်ပညာရှင်များအသင်းဗဟို ဒု-ဥက္ကဋ္ဌ(၂)

### အသက်(၇၅)နှစ်

လှိုင်မြို့နယ်၊ (၁)ရပ်ကွက်နေ (ဦးဘမောင်-ဒေါ်မြလွင်)တို့၏ ဒုတိယမြောက်သား၊ တွံတေးမြို့နယ်၊ အလယ်ကျေးရွာနေ (ဦးသောင်း-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်နေ ဒေါ်သန်းဆွေ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုထွန်းဝင်း-မယဉ်မူယာဆွေ(ခ)လေးမူထွန်း၊ ကိုဟိန်းလတ်ဆွေ-မနီနီလွင်၊ ကိုအာကာဖြိုး-မသင်းမာလာအေးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဟိန်းသုတ၊ မောင်အောင်ကောင်းခန့်ဟိန်း၊ မရှင်းသန့်သစ္စာ၊ မောင်နိုင်ထက်ဖြိုးတို့၏ ချစ်လှစွာသောအဘိုး ဦးအုန်းငွေ(ခ)ဦးအောင်မိုးဇော်သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစံလွင် (၇၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ (ဦးမောင်ပန်-ဒေါ်အေးကြည်)တို့သား၊ (ဦးတင်အောင်-ဒေါ်ကြီးရွှေ)တို့၏ မောင်၊ ဦးကျော်မြင့်-ဒေါ်စန်းမြင့်တို့၏ အစ်ကို၊ ဦးအောင်ကြည်လွင်(North Star Co.,Ltd)-ဒေါ်မြင့်မြင့်အေး၊ ဦးမြသောင်း-ဒေါ်ယဉ်ယဉ်ကြည်၊ ဦးအတွတ် (North Star Co.,Ltd)-ဒေါ်ခင်ဝါဝါသန့်၊ ဦးစိုးမျိုးသူ-ဒေါ်လွယ်လွယ်၊ ဒေါ်လင်းလင်း (ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးနိုင်ငွေ(လ/ထကြီးကြပ်ရေးမှူး-၁)(အကျဉ်းဦးစီးဌာန)-ဒေါ်ဇွန်ပွင့်လွင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ ယောက် တို့၏ အဘိုး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ လားရှိုးလမ်း၊ အမှတ်(၃၃၄)နေ ဒေါ်သိန်းညွှန့်(ခ)အကြည် ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ခြင်း၊ ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းများအား မိသားစုဝင်များဖြင့်သာ အကျဉ်းချုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးမောင်ကို (၉၁)နှစ်

ဌာနမှူး(ငြိမ်း)၊ ရောဂါဗေဒဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ဆရာကြီး ဒေါက်တာဦးမောင်ကိုသည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာကြီး၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄-ဆေးတက္ကသိုလ်(၁)ဝင်**

**တပည့်ကျောင်းသား ကျောင်းသူများ**

ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး

## ဦးသောင်းတင်

### အသက်(၉၄)နှစ်

၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၄၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှသိန်း

### အသက်(၈၃)နှစ်

သထုံ-တောင်စွန်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ငှက်ပျောတောလမ်း၊ အမှတ်(၄၂)၊ ခြောက်လွှာ/ဘီနေ (ဦးချစ်ဖေ-ဒေါ်အုန်းသင်)တို့၏ သား၊ (ဦးကြိုင်-ဒေါ်ကျင်မြိုင်)တို့၏ သားသမက်၊ (ဦးဝမ်းနား)-ဒေါ်ကျင်သိန်းတို့၏ အစ်ကို၊ ဦးဝင်းဇော်ဦး-ဒေါ်ညိုညိုဝင်း၊ ဦးအောင်မင်းဦး-ဒေါ်ခင်ကြွယ်ကြွယ်ဟန်၊ (ဦးငွေလှိုင်ဦး)၊ ဦးဝင်းနိုင်ဦး-ဒေါ်နှင်းအိအိမွန်၊ ဒုရဲမှူး ဦးသက်နိုင်ဦး-ဒေါ်စန်းစန်းမြင့်၊ ဦးသန့်ဇော်ဦး-ဒေါ်အိအိ (ခေတ္တ-ဂျပန်)တို့၏ မွေးသဖခင်၊ ဦးသိန်းဝင်းမြင့်-ဒေါ်အိအိခိုင်တို့၏ ဘကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ ဒေါ်အမာ၏ ခင်ပွန်း ဦးလှသိန်းသည် ၁၃-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## Hajima Khalida Khanam

### အသက်(၈၃)နှစ်

(Haji MD. Eisa Khan-Hajima Badarun Nisa)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၉)လမ်း၊ အမှတ်(၅၉)၊ ပထမထပ်၊ နှစ်လွှာနေ [Haji Iqbal Ahmed(a)ဟာဂျီဦးဖေညွှန့် လက်ပံတန်း]၏ ဇနီး၊ ဟာဂျီမ ဒေါ်ရိုစီ-ဟာဂျီဦးလှမြင့်(ခေတ္တ-USA)၊ ဦးမျိုးညွှန့်-ဒေါ်ဖြူဖြူ (ခေတ္တ-USA)၊ Munny၊ Shaheen (ခေတ္တ-India)၊ ဦးရဲညွှန့်၊ ဦးခင်ညွှန့်-ဒေါ်သီတာထိုက်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်အပြီး ရေဝေးစွန္နီ ကဗရ်စတာန်ဥယျာဉ်၌ ဂျနာဇာဟ် နမာဇ် ဝတ်ပြု၍ ဒဖနာ(မြုပ်နှံ) ပြီးစီးပါကြောင်း။ မဂ်ဖေရသ်အတွက် ဒိုအာပြုပေးပါရန်။

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း (ရေနံ့ချောင်း)

ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ရူပဗေဒဌာန

### အသက်(၇၅)နှစ်

ရေနံ့ချောင်းမြို့၊ ညောင်လှရပ်နေ (ဦးနွဲ့-ဒေါ်သန်း)တို့၏ သား၊ (ဝဏ္ဏကျော်ထင်ဦးလှမောင်-ဒေါ်ခင်ဖူး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ်(၄၁၁/က)နေ ဒေါ်လှဥမ္မာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှထူးအောင်-ဒေါ်နှင်းနုစိုး(ဆင်မင်းပွဲရုံ၊ ဘုရင့်နောင်)၊ ဦးသန်းထွဋ်ဇော်-ဒေါ်ခက်ခက်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိမ့်မှူးခင်၏အဘိုးသည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ်(၄၁၁/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ကျင်

### အသက်(၁၀၄)နှစ်

ကျား ဆီစက် (ညောင်တုန်း)

ရန်ကုန်မြို့၊ အမှတ်(၁၇၈)၊ ငုဝါလမ်း၊ အလုံမြို့နယ်နေ (ဦးစန်းတင်-ဒေါ်ပု)တို့၏ သမီး၊ (ဦးအော်ကင်စစ်)၏ ဇနီး၊ (ဦးမြဝင်း)၊ (ဒေါ်ခင်ဝင်း)၊ ဦးအောင်ဝင်း-ဒေါ်လှလှဝင်း၊ ဦးသန်းဇော်ဦး-ဒေါ်သိင်္ဂီအောင်၊ ဒေါ်သီတာအောင်တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်၊ တီတစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ကျင် (ကျားဆီစက်-ညောင်တုန်း)သည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆:၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်သန်းနု

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ တိုက်(၇)၊ အခန်း(၃)၊ ဇီဇဝါအိမ်ရာ၊ သံသုမာလမ်းနေ (ဦးတင့်-ဒေါ်သိန်းကြွယ်)တို့၏ သမီး၊ (ဦးကျော်ကျော်ရှင်)၊ ဦးဆန်းမြင့်ထွန်း-ဒေါက်တာမြသိန်းရှင်တို့၏ မွေးသမိခင်၊ မဝင့်ထက်သူ(နောက်ဆုံးနှစ်အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၃-၅-၂၀၂၀ ရက် ညနေ ၄:၂၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၄-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဖေသိန်း (ဦးကျင်ပီ)

ကော့မှူး

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆၀)၊ (၅၅)လမ်း၊ (ပထမထပ်)နေ (ဒေါ်စန်းရင်)၏ ခင်ပွန်း၊ ဦးသန်းအောင်-ဒေါ်ချိုချိုလွင် (အထက-၄၊ ပုဇွန်တောင်)၊ ဦးသိန်းဝင်း-ဒေါ်ခင်ကြူမာတို့၏ ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ် ဦးခင်ဝင်း (ငြိမ်း) က-ပ-စ(၄)

### အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရိုးကြီးကျေးရွာနေ (ဦးမောင်သွင်-ဒေါ်သက်ရှည်)တို့၏ သား၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်အေး)တို့၏ သားသမက်၊ (ဦးစံအေး-ဒေါ်သန်းကြည်)၊ (ဦးပွ)-ဒေါ်ဖြူ၊ ဦးသာမြ-ဒေါ်ထားကြည်၊ ဒေါ်ငွေရွှေတို့၏မောင်၊ အမှတ်(၉၂၅)၊ သခင်ခင်ဇော်(၃)လမ်း၊ (၁)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်နေ ဒေါ်ထွေးကြည်၏ ခင်ပွန်း၊ ဦးသစ္စာ-ဒေါ်မိုးမိုးဝင်း၊ ဒေါ်စောဥမ္မာဝင်း၊ ဦးမြင့်ဇော်ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး ဦးခင်ဝင်းသည် ၁၄-၅-၂၀၂၀ ရက် နံနက် ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မအေးနန္ဒာမိုး

### အသက်(၃၆) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဂေါင်းနီကွင်းကျေးရွာနေ ဦးမြင့်အောင်-ဒေါ်တင်တင်ဝင်းတို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ဘလွဲကျေးရွာနေ ဦးမြင့်ထွန်း-ဒေါ်သန်းလှတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ဦးကြင်ဥ (၂)လမ်း၊ အမှတ်(၉၂၁/ခ)နေ ဦးချမ်းမင်းဇော်၏ဇနီး၊မယွန်းယမုံချမ်း၏မွေးသမိခင်သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက(၂၉-၃-၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၁၅-၅-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၅-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် လေးမြို့နယ်နှင့် ကလေးမြို့နယ်တို့အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ကြောင်း အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၀ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(Coronavirus Disease 2019- COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ် စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အောက်ပါအခြေအနေများကို တွေ့ရှိရပါသည် -

(က) လွန်ခဲ့သော အနည်းဆုံး ၂၁ ရက်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု မရှိခြင်း၊

(ခ) ဓာတ်ခွဲအတည်ပြုလူနာများမှလည်း လူတစ်ဦးမှတစ်ဦးသို့ အစုလိုက် ကူးစက်ဖြစ်ပွားမှု မရှိခြင်း၊

(ဂ) Stay at Home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊

(ဃ) ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်ဆံခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူပြီး ဓာတ်ခွဲစစ်ဆေးရာတွင်လည်း လွန်ခဲ့သော အနည်းဆုံး၂၁ ရက်အတွင်း ထပ်မံတွေ့ရှိရမှုမရှိခြင်း၊

(င) မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ နီးနွှယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့်

**စာမျက်နှာ ၃ ကော်လံ ၄ သို့ »»»**



# ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ အနေ့းယာဉ်လုပ်သားများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ရန်ကုန် မေ ၁၄**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ၏စီမံမှုဖြင့် မြို့နယ်အတွင်းရှိ တရားဝင်မှတ်ပုံတင်ထားသော အနေ့းယာဉ်လုပ်သား ၁၈၀၀ ကျော်အား တစ်ဦးလျှင် အခြေခံစားသောက်ကုန် ဆန်သုံးပြည်နှုန်းနှင့် နှာခေါင်းစည်းများကို ယနေ့နံနက်ပိုင်းက အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်ဒဂုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်တွေက ကာယလုပ်သားတွေဖြစ်တဲ့ အနေ့းယာဉ်လုပ်သားတွေကို ကိုယ်နိုင်တဲ့ဘက်က နေပြီး လှူဒါန်းတာဖြစ်ပါတယ်။ ကျန်းမာရေးအသိရှိစေရန်နဲ့ လူစုလူဝေးမဖြစ်ရစေအောင် မြို့နယ်စည်ပင်သာယာရေးရုံးမှာပဲ တစ်ရက်ကို အနေ့းယာဉ်လုပ်သား ၂၀၀ နဲ့ ၃၀၀ ကြားကို ပေးဝေနေတာဖြစ်ပါတယ်"ဟု ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးဆောင်ရွက်နေသည့်ကာလအတွင်း ပြည်သူများ အသွားအလာနည်းမှုကြောင့် အနေ့းယာဉ်လုပ်သားကြီးများမှာလည်း ပုံမှန်ဝင်ငွေများ ကျဆင်းခဲ့သည်။

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် အနေ့းယာဉ်လုပ်သားကြီးများ အခက်အခဲမရှိစေရေးအတွက် အနေ့းယာဉ်လုပ်သားကြီးများကို အခြေခံစားကုန်များ ပေးဝေလျက်ရှိကြောင်း သိရသည်။

မြင့်မောင်




## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

လေဖိအားနည်းရပ်ဝန်းနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက် စာမျက်နှာ » ၈

ကိုရိုနာဗိုင်းရပ်စ် အချိန်ကြာမြင့်စွာ ဆက်ရှိနေဦးမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေးပြောကြား စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကို အထူးဂရုစိုက်ရန် ကုလသမဂ္ဂအကြီးအကဲ တောင်းဆို စာမျက်နှာ » ၁၃



# မြန်မာနိုင်ငံအလံပါ ပြိုင်ပွဲဝင်အင်္ကျီအား ဘုန်းမြင့်ကျော်(ခ)မောင်မောင်ကို ပေးအပ်

**ရန်ကုန် မေ ၁၄**

Chinese 8 Ball ပြိုင်ပွဲကျင်းပနေသည့် ပြိုင်ပွဲကျင်းပရေးကော်မတီသည် ပြိုင်ပွဲတွင် ရလဒ်ကောင်းနေသည့်အပြင် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုရရှိထားသည့် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော်(ခ)မောင်မောင်အား မြန်မာနိုင်ငံအလံပါ ပြိုင်ပွဲဝင်အင်္ကျီကို ဝတ်ဆင်ကစားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါအင်္ကျီအား ယနေ့ပေးအပ်ခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒**

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၅၊ ၂၀၂၀ (သောကြာနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ချက်များ

**ရှင်မင်း၊ ဓာတ်ပုံ - ကေကေ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ကာ မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်၍ အိမ်ထောင်စုပေါင်း ၂၁၀၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် မကွေးတိုင်းဒေသကြီးအတွင်း ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့မှုတစ်ခုဖြစ်သည်။**



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို

**မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်**

ထိုသို့ ဆောင်ရွက်နိုင်ခဲ့မှုအပေါ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက “ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်တဲ့ နေရောင်ခြည်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ကာ မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်မှုကို မကွေးတိုင်းဒေသကြီးက ပထမဆုံးဆောင်ရွက်နိုင်ခဲ့ပြီး မဟာဓာတ်အားလိုင်းအတွက် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပေးနေပါတယ်” ဟု ပြောသည်။

**စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၇၀ ရှိ**

မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၇၀ ရှိပြီး အဆင့်လေးဆင့်ဖြင့် စီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပထမအဆင့်မှ တတိယအဆင့်အထိ မဂ္ဂါဝပ် ၄၀ စီ၊ စတုတ္ထအဆင့်ကို မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်ရန် တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းတစ်ခုလုံး မဂ္ဂါဝပ် ၁၇၀ တည်ဆောက်ပြီးစီးပါက တစ်နှစ်ကို လျှပ်စစ်စွမ်းအင်ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀ ထုတ်လုပ်ပေးနိုင်မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းတစ်ခုဖြစ်သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခု ဖြစ်သည့် လေမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မင်းလှ၊ မင်းတုန်းနှင့် ချောက်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

“ပြည်ထောင်စုအဆင့် ညှိနှိုင်းဆောင်ရွက်မှုတွေပြီးရင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပြီး မကွေးတိုင်းဒေသကြီး အတွင်းက မင်းလှ၊ မင်းတုန်းနဲ့ ချောက်မြို့နယ်တွေမှာ နေရောင်ခြည်သာမက လေကနေပါ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်ကောင်းတွေ တွေ့မြင်ရမှာဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

**လျှပ်စစ်မီးရရှိရေး**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် (၄)နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၁၁၇၂ ရွာ မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ အိမ်ခြေ ၁၇ ရာခိုင်နှုန်းသာ မီးရရှိခဲ့ရာမှ ယခုနှစ်ကုန်တွင် ၅၀ ရာခိုင်နှုန်းကျော် မီးရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စုစုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိခဲ့ပေမယ့် ယခုနှစ်မှာ ခရိုင် ၅ ခရိုင်နဲ့ မြို့နယ် ၂၅ မြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၉၁၉၇၇၇ နဲ့ အိမ်ထောင်စု ၃၁၉၁၆၁ စုခန့်ဟာ ဓာတ်အားစနစ်နဲ့ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေပြီဖြစ်တဲ့အတွက် ၃၄ ဒသမ ၇ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်ပါတယ်”ဟု ဒေါက်တာအောင်မိုးညိုက ရှင်းပြသည်။

**ကျေးရွာများသို့ ဓာတ်အားလွှမ်းခြုံမှု**

တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၇၈၈ ရွာရှိသည့်အနက် ဓာတ်အားစနစ်ဖြင့် မီးလင်းသည့် ရာခိုင်နှုန်း ၂၄ ဒသမ ၃ ရာခိုင်နှုန်းခန့်၊ အခြားစနစ်ဖြင့် မီးလင်းသည့်ရာခိုင်နှုန်း ၃၈ ဒသမ ၉၇ ရာခိုင်နှုန်းခန့် ရှိနေပြီဖြစ်သည့်အတွက် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား လွှမ်းခြုံမှုသည် ၆၃ ဒသမ ၃၄ ရာခိုင်နှုန်းခန့် ရရှိနေပြီဖြစ်သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၁၈ ဒသမ ၄ ဘီလီယံခန့်ဖြင့် ၁၁ ကေဗွီလိုင်း ၃၃၉ ဒသမ ၆၈ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၃၀၄ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၅၈ ဒသမ ၈၄ မိုင် တိုးချဲ့တည်ဆောက်၍ ကျေးရွာပေါင်း ၂၁၈ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် သရက်ခရိုင် အောင်လံမြို့တွင် ၆၆/၆ ဒသမ ၆ ကေဗွီ (၅)အမ်ဗွီအေမှ ၆၆/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ပြောင်းလဲတည်ဆောက်ပေးခြင်း၊ မင်းလှမြို့တွင် ၃၃/၆ ဒသမ ၆ ကေဗွီ (၁ ဒသမ ၂၅) အမ်ဗွီအေမှ ၃၃/၁၁ ကေဗွီ(၃ ဒသမ ၂၅)အမ်ဗွီအေသို့ ပြောင်းလဲ ဓာတ်အားပေးခြင်းဖြင့် ဓာတ်အားဖြန့်ဖြူးမှု စနစ်ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် အကောင်အထည်ဖော်၍ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လျှပ်စစ်မီးမရရှိသေးသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် အလှမ်းကွာဝေးသော မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာအနီး ပတ်ဝန်းကျင်ကျေးရွာများအတွက် ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီလိုင်း ၁၂ မိုင် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ကျေးရွာပေါင်း ၂၁ ရွာမှ အိမ်ထောင်စုပေါင်း ၂၄၈၉ ကို လျှပ်စစ်မီးရရှိအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မင်းဘူးခရိုင် စေတုတ္တရာမြို့တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၅ ဒသမ ၂ မိုင် တည်ဆောက်ပေးခဲ့ပြီး သရက်ခရိုင် ကံမမြို့တွင် ၆၆/၁၁ ကေဗွီ စီဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို နှစ်ထပ်လိုင်းအဖြစ် နှစ်ဖီဒါ

အထူးကဏ္ဍ [ ခ ] သို့ »»»

**မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၇၀ ရှိပြီး အဆင့်လေးဆင့်ဖြင့် စီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပထမအဆင့်မှ တတိယအဆင့်အထိ မဂ္ဂါဝပ် ၄၀ စီ၊ စတုတ္ထအဆင့်ကို မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်ရန် တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းတစ်ခုလုံး မဂ္ဂါဝပ် ၁၇၀ တည်ဆောက်ပြီးစီးပါက တစ်နှစ်ကို လျှပ်စစ်စွမ်းအင်ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀ ထုတ်လုပ်ပေးနိုင်မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းတစ်ခုဖြစ်**


နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ(မင်းဘူး)ကို တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီးရှိ မင်းဘူး-အမ်း လမ်းအဆင့်မြှင့်တင်ပြုပြင်မှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ခွဲ၍ ဓာတ်အားဖြန့်ဖြူးပေးခြင်းလုပ်ငန်းများ အဆင့်မြှင့်တင် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေး**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး သာမက လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးကို တိုင်းဒေသကြီးအဖွဲ့အနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

"၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်ရင် မကွေးတိုင်းဒေသကြီးရှိကျေးလက်လမ်းတွေရဲ့ ၆၃ ရာခိုင်နှုန်းကို အဆင့်မြှင့်တင်ပေးနိုင်မှာဖြစ်ပြီး တိုင်းဒေသကြီးအတွင်း ၁၀ ပေအကျယ် ကတ္တရာလမ်း ၆၅၇ မိုင်၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၇ ဒသမ ၅ မိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်း ၉ မိုင်၊ ကတ္တရာလမ်း ၂၂၄ မိုင်၊ ကျောက်ချောလမ်း ၆၅၇ မိုင်၊ ဂဝံမြေနီလမ်း ၂၂၃၉ မိုင်နဲ့ မြေသားလမ်း ၂၇၆၈ မိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီးအတွင်း ဖော်ဆောင်ခဲ့သည့် လမ်းပိုင်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာနမှ လမ်းမိုင်ပေါင်း ၂၁၈၇/၅ မိုင်၊ ၅၄၄ ပေကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၎င်းလမ်းပိုင်းများအနက် လမ်းမိုင် ၄၅၄/၃ မိုင်၊ ပေ ၄၆၀ ကို ပုဂ္ဂလိကကုမ္ပဏီ ၆ ခုမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ခရိုင် ၅ ခုရှိ လမ်း၊ တံတားအထူးအဖွဲ့ ၃ ဖွဲ့ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း/ပြင်ထိန်းရန်ပုံငွေကျပ် ၃၉၇၅၉ ဒသမ ၈၇၄၂၅ သန်းနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း/ပြင်ထိန်းရန်ပုံငွေကျပ် ၂၄၆၉၂၆ ဒသမ ၉၄၆၄၀ သန်း စုစုပေါင်း ၂၈၆၆၈၆ ဒသမ ၈၂၀၆၅ သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း၊ တိုးချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ ရေပိတ်လွှာလောင်းခြင်း၊ ကျောက်ခင်းခြင်း၊ တံတားများတည်ဆောက်ခြင်း၊ တံတား/ရေပွွန်များချဲ့ခြင်း၊ ကွန်ကရစ်ရေပွွန်များ တည်ဆောက်ခြင်း၊ မြေကာနံရံတည်ဆောက်ခြင်းနှင့် ကျောက်စီရေမြောင်းပြုလုပ်ခြင်း စုစုပေါင်းလုပ်ငန်းအရေအတွက် ၃၂၂၃ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၉ မိုင်၊ ကတ္တရာလမ်း ၂၂၄ မိုင်၊ ကျောက်ချောလမ်း ၆၅၇ မိုင်၊ ဂဝံမြေနီလမ်း ၂၂၃၉ မိုင်နှင့် မြေသားလမ်း ၂၇၆၈ မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ကျေးလက်ကုန်ထုတ်လမ်း ၆၇ မိုင်၊ ကွန်ကရစ်တံတား ၃ စင်း၊ Box Culvert ၆၆ စင်း၊ ရေကျော်ပေ ၆၉၀ နှင့် ရေပွွန်အစင်း ၁၀၀ ကို စုစုပေါင်းငွေကျပ် ၂၀၈၅ ဒသမ ၇၂၅ သန်း၊ ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၇၈ ခုကို ခွင့်ပြုငွေကျပ်သန်း ၂၉၅၄ ဒသမ ၆၃၂ သန်းဖြင့် ကျေးရွာပေါင်း ၁၇၈ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၃၂၆ ရွာကို တစ်ရွာလျှင်ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန် မြို့နယ်အဆင့် ကွင်းဆင်းအတည်ပြုသည့် လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တိုင်းဒေသကြီးအတွင်း မြို့ပြနှင့် ကျေးလက်နေပြည်သူများအတွက် လမ်းတံတားများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်ပါ အကျိုးကျေးဇူးခံစားရရှိစေခဲ့သည်။

**ဆည်တာတမံများ**

မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိသည့် ဧရာဝတီမြစ်၊ မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်း၊ ပင်းချောင်းနှင့် မြစ်သာမြစ်တို့မှ ရေကိုအသုံးပြုနိုင်ရန် ဘက်စုံရေလှောင်တမံကြီးများ တည်ဆောက်ကာ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းငွေကျပ်သန်း ၅၀၀ ဖြင့် မုန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲ အကြီးစားပြုပြင်ခြင်းနှင့် အကူရေပိုလွှဲတည်ဆောက်ခြင်း မြေကြီးလုပ်ငန်းရေကျအမှတ်(၂) U/S Apron Portion နှင့် Crest Portion ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ၇၅ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ကြီးအုံကြီး၀ ရေလှောင်တမံ ပြုပြင်ခြင်းလုပ်ငန်းသည် ၂၅ ရာခိုင်နှုန်း၊ မန်းချောင်း ရေလှောင်တမံအကူရေပိုလွှဲအမှတ် (၂) တည်ဆောက်ခြင်းလုပ်ငန်းသည် ၂၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် ရရှိသည့် ရန်ပုံငွေကျပ် ၄၂၁၇ ဒသမ ၄၈၉ သန်းဖြင့် ဌာနဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်း ၁၂၁ ခုနှင့် ဒေသဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၆၃ ခု စုစုပေါင်းလုပ်ငန်း ၁၈၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မူလရန်ပုံငွေကျပ် ၅၄၅၉ ဒသမ ၃၂ သန်းဖြင့် ဌာနဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်း ၁၂၈ ခုနှင့် ဒေသဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၆၄ ခု၊ အခွန်ဝေစုရငွေကျပ် ၇၃၁ ဒသမ ၉၅ သန်းဖြင့် လုပ်ငန်း ၄၃ ခု၊ ဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေကျပ်သန်း ၃၆ ဒသမ ၉၀ ဖြင့် လုပ်ငန်း ၂ ခု၊ ဖြည့်စွက်ရန်ပုံငွေကျပ် ၇၈၇ ဒသမ ၉၈ သန်းဖြင့် လုပ်ငန်း ၄၀ နှင့် အထွေထွေပိုလျှံရန်ပုံငွေကျပ် ၄၃၃ ဒသမ ၃၄၅ သန်းဖြင့် လုပ်ငန်း ၂၄ ခုကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မူလရန်ပုံငွေကျပ် ၈၁၉၉ ဒသမ ၄၇၁ သန်းဖြင့် ဌာနဆည်၊ ကန်၊ တမံနှင့် ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်း ၉၈ ခုနှင့် ဒေသဆည်၊ ကန်၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၁၂၇ ခု စုစုပေါင်းလုပ်ငန်း ၂၂၅ ခုကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၁၂၃ ခု ဆောင်ရွက်ပြီးဖြစ်သည်။

တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေး သာမန်ရန်ပုံငွေကျပ် ၄၂၁ ဒသမ ၃၈၅ သန်းဖြင့် ဆောင်ရွက်သောလုပ်ငန်း ၁၇ ခုအနက် လုပ်ငန်း ၂ ခု ဆောင်ရွက်ပြီးဖြစ်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၁၈ သန်းဖြင့် ဆောင်ရွက်သော လုပ်ငန်း ၅ ခုမှာ ဆောင်ရွက်နေဆဲဖြစ်သည်။

တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ(AFD)အဖွဲ့အစည်းနှင့်ပူးပေါင်း၍ နတ်မောက်ဆည်ရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်း၊ Western States Agribusiness Project, WSAP နှင့်ပူးပေါင်း၍ Kyauk Sauk Dam Rehabilitation of Concrete Lining and Direct Outlet နှင့် နဂါးပွက်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် လျာထားကြောင်း သိရသည်။

ထို့ပြင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)သည် ပြင်သစ်ဖွံ့ဖြိုးရေး အေဂျင်စီ(AFD)နှင့် ပူးပေါင်း၍ မကွေးမြို့နယ် မြင်ကွင်းရေတင်နှင့် မင်းဘူးမြို့နယ် ကမ်းနီရေတင်ရှိ ရေပေးမြောင်းများနှင့် ရေတင်ပန့်၊ မော်တာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်၍ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**စိုက်ပျိုးရေးကဏ္ဍ**

တောင်သူများ၏ စိုက်ပျိုးသီးနှံများ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များကိုလည်း တိုင်းဒေသကြီး အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာဓာတ်ခွဲစမ်းသပ်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးဦးစီးမှူးရုံး၌ မြေဆီလွှာဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ရုံး၌ ယခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် မြေဆီလွှာဓာတ်ခွဲခန်းအသစ် ၁ ခု ထပ်မံတိုးချဲ့ဖွင့်လှစ်၍ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သီးနှံများနှစ်အလိုက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မှုမှာ မိုးနှမ်း၊ မိုးမြေပဲ၊

အထူးကဏ္ဍ [ ဂ ] သို့ »»»





ရေစကြိုမြို့နယ် ဝါယာသာစည်ရေတင်လုပ်ငန်းကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

မိုးပဲတီစိမ်း၊ မိုးစပါး၊ ကော်ဖီ၊ သရက်နှင့် သခွားမွေး စုစုပေါင်းစိုက်ဧက ၁၆၁၄၅ ဒသမ ၁၂ ဧကရှိခဲ့ပြီး တင်ပို့ရောင်းချနိုင်မှု တန်ချိန်အနေဖြင့် မိုးနှမ်း ၈၈ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ထို့အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်းစိုက်ဧက ၇၀၅၂၀ ဒသမ ၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး မိုးနှမ်းသီးနှံ တင်ပို့ရောင်းချနိုင်မှု တန်ချိန် ၆၆၉ တန် တင်ပို့ရောင်းချနိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးနစ်မြုပ်မှုကြောင့် နှစ်အလိုက်၊ သီးနှံအလိုက် ပျက်စီးဧကများပေါ်တွင်နိုင်ငံတော်က ထောက်ပံ့မှုများပြုလုပ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပံ့ပိုးမှုတန်ဖိုးငွေကျပ် ၂၇၈၆၇၁၅၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာနည်းလမ်း (Immediate Response Mechanism-IRM) ချေးငွေအစီအစဉ်ဖြင့် ထောက်ပံ့ပေးမှုအနေဖြင့် တိုင်းဒေသကြီးရုံးနှင့် မြို့နယ် ၂၅ မြို့နယ်အတွက် မော်တော်ဆိုင်ကယ်အစီး ၃၀၀၊ အစိုဓာတ်တိုင်းကိရိယာအခု ၃၀၊ မြို့နယ် ၂၄ မြို့နယ်အတွက် ကွန်ပေါင်းဓာတ်မြေဩဇာ ၄၀၁၃၉ အိတ် ထောက်ပံ့ပေးနိုင်ခဲ့သည်။

တောင်သူများ သီးနှံမျိုးစေ့ထောက်ပံ့ပေးနိုင်မှုအနေဖြင့် မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာရှိ မီးဘေးသင့်တောင်သူများကို သိပ္ပံနှမ်းနက်မျိုးစေ့ ၂၂ တင်း၊ ၈ ပြည်နှင့် မကွေးမြို့နယ်နှင့် မင်းဘူးမြို့နယ်များရှိ အကျိုးဆောင်တောင်သူများကို သိပ္ပံနှမ်းနက်မျိုးစေ့ ၂၈ တင်းနှင့် ၈ ပြည် ထောက်ပံ့ပေးနိုင်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနသည် ဖြေလျှော့ပေးမှုလုပ်ငန်းစဉ်အနေဖြင့် သီးနှံများအလိုက် GAP လုပ်ငန်းဆောင်ရွက်ရာတွင် ဖြေလျှော့မှုအဖြစ် မြေစစ်ဆေးခြင်းတွင် Lead(PB) နှင့် Cadmium (Cd) ၂ မျိုးကိုသာ စစ်ဆေးခြင်း၊ သီးနှံများအပေါ် ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးခြင်းနှင့် ရေကိုလိုအပ်မှ စစ်ဆေးခြင်း၊ ပိုးသတ်ဆေးအရောင်းဆိုင်နှင့် ဓာတ်မြေဩဇာအရောင်းဆိုင် စစ်ဆေးခြင်းတို့ကို ပညာပေးကာလအဖြစ် သတ်မှတ်ဖြေလျှော့ ဆောင်ရွက်ထားပြီး ပညာပေးကာလကျော်လွန်မှသာ အရေးယူဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပညာရေးကဏ္ဍ**

တိုင်းဒေသကြီးအစိုးရအနေဖြင့် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တိုင်းဒေသကြီးအတွင်း ပညာရေးအဆင့်အတန်း တိုးတက်ကောင်းမွန်စေရန်အတွက် အားထုတ်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ကျောင်းအဆင့်တိုးမြှင့်ခြင်းအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအဆင့်သို့ ၃၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ ၃၃၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ ၁၀၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဆင့်သို့ ၁၃၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ မူလတန်းကျောင်းအဆင့်သို့ ၄၅ ကျောင်း၊ ကိုယ့်အားကိုယ်ကိုးကျောင်းမှ မူလတန်းကျောင်း(ခွဲ)အဆင့်သို့ ၁၃၆ ကျောင်း စုစုပေါင်း ၉၃၉ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ ကျောင်းနေအရွယ်ကလေးများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်း/ရုံး ၂၆၈ ဆောင် အသစ်ဆောက်လုပ်ခြင်း၊ ငွေလုံးငွေရင်း(ပရိဘောဂ) ခေါင်းစဉ်ဖြင့် စာသင်ခုံ (နိမ့်/မြင့်) ၄၀၂၉ စုံ ဖြည့်ဆည်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေးစရိတ် ခေါင်းစဉ်ဖြင့် အခြေခံပညာ ကျောင်း/ရုံး ၇၈၆ ဆောင် ဆောက်လုပ်ခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့အတူ အခြေခံပညာကျောင်း ၁၂၁ ကျောင်းအတွက် မြေနီလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အခြေခံပညာကျောင်း ၃၀၀၉ ကျောင်းအတွက် သန့်စင်ခန်း၊ သောက်သုံးရေ၊ ကျောင်းခြံစည်းရိုးကာရံခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းရင်းသားစာပေယဉ်ကျေးမှုဖွံ့ဖြိုးရေး**

မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ချင်းတိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချင်းစာပေသင်ကြားပေးသည့် ဆရာ ဆရာမများ ၅၅၀ ဖြင့် နွေရာသီစာပေယဉ်ကျေးမှုသင်တန်း ၈ ကြိမ်ဖွင့်လှစ်ကာ သင်တန်းသား ၂၆၁၇ ဦးကို သင်ကြားပေးနိုင်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းစာပေသင်ကြားပေးသည့် ဆရာ ဆရာမများ ၈၇၄ ဦးဖြင့် နွေရာသီစာပေယဉ်ကျေးမှုသင်တန်း ၁၀ ကြိမ်ဖွင့်လှစ်ကာ သင်တန်းသား ၁၄၅၃ ဦးကို သင်ကြားပေးနိုင်ခဲ့သည်။

တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များကောက်ယူခြင်း အစီအစဉ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မကွေးမြို့၊ ငဖဲမြို့၊ တောင်တွင်းကြီးမြို့နှင့် ဆောမြို့တို့တွင် ပြုလုပ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းတိုင်းရင်းသားစာပေသင်ကြားသည့် မြို့နယ်များရှိ ကျောင်းများကို မူလတန်းကြို KG တန်းများအတွက် အထောက်အကူပြု တိုင်းရင်းသားပုံပြပုံပြင်စာအုပ် ၂၃၉၅၈ အုပ်ကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသို့ ပေးအပ်နိုင်ခဲ့သည်။

**ပြည်သူ့ဆက်ဆံရေးနှင့်**
**အသိပညာဖွံ့ဖြိုးရေးကဏ္ဍ**

လူထုအခြေပြုဗဟိုဌာန (Community Centre)များကို စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ဒေသခံလူမှုအသိုင်းအဝိုင်းများ အသုံးပြုနိုင်သော အများသုံးနေရာများအဖြစ်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း(Public Talk)များကိုလည်း ကျင်းပပေးလျက်ရှိသည့်အပြင် ကလေးစာပေပွဲတော်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် သရက်ခရိုင်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဂန့်ဂေါခရိုင်တို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အလားတူ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ၃ ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ချီးမြှင့်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီး စာကြည့်တိုက်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီအနေဖြင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၉ ခုနှစ်အတွင်း ကျေးရွာစာကြည့်တိုက် ၁၄ တိုက်ကို စာအုပ်စာစောင်နှင့် ပရိဘောဂများ ထောက်ပံ့ပေးနိုင်ခဲ့သည်။

**e-Government လုပ်ငန်းများ**
**အကောင်အထည်ဖော်မှု**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်မှစတင်၍ သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် e-Government အခြေခံသင်တန်း၊ Web-content သင်တန်း

အထူးကဏ္ဍ [ ဃ ] သို့ »»»





သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။



ရေစကြိုမြို့နယ်တွင် ကျေးလက်ရေရရှိရေးဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

**အခြေခံ ပညာကျောင်း ၁၂၁ ကျောင်းအတွက် မြေနီ လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အခြေခံ ပညာကျောင်း ၃၀၀၉ ကျောင်း အတွက် သန့်စင်ခန်း၊ သောက်သုံးရေ ကျောင်း ခြံစည်းရိုး ကာရံခြင်းတို့ ကို ဆောင်ရွက်သွားမည်**

»»» အထူးကဏ္ဍ [ ၈ ] မှ

တို့ကိုလည်းကောင်း၊ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် Government Personal Management System (GPMS) စနစ်ဖြင့် Electornic Document Management System (EDMS) သင်တန်းကိုလည်းကောင်း၊ ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ Online မှ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Data Center များ ဖွင့်လှစ်ခြင်း၊ Software များ ရေးသားထည့်သွင်းခြင်း၊ e-Government ဆက်စပ်ပစ္စည်းအသုံးပြုနည်း၊ Website ပေါ်တွင် သတင်းရေးသားနည်း၊ Internet Of Things(IOD) နည်းပညာသင်တန်းများကိုလည်းကောင်း စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၅ ခရိုင်သို့ ခရိုင်တစ်ခုလျှင် e-Government အထောက်အကူပြုပစ္စည်းများဖြစ်သော ကွန်ပျူတာ ၁ စုံ၊ Network Switch ၁ ခုစီ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ယနေ့အထိ Tablet အလုံး ၁၀၀၊ Printer အလုံး ၁၀၀ နှင့် Router ၃၅ လုံးဖြစ်သည်။

**မန်းရွှေစက်တော်ရာ ပြုပြင်မွမ်းမံ**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ယခုနှစ်တွင် မင်းဘူးမြို့နယ် မန်းရွှေစက်တော်ရာဘုရားကြီးရှိ ကိုးခန်းကြီးတန်ဆောင်းတော်ကြီးကို နိုင်ငံတစ်ဝန်းရှိရဟန်းရှင်လူပြည်သူများ အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ခဲ့သည်။

"မန်းရွှေစက်တော်ရာဘုရားကြီးရှိ ကိုးခန်းကြီး တန်ဆောင်းတော်ကြီးကို ငွေကျပ်သိန်း ၅၀၀၀ ကျော် အကုန်အကျခံ ပြင်ဆင်ခဲ့ပါတယ်။ ကြမ်းခင်းနဲ့ မျက်နှာကြက်တွေကို မြန်မာမှုဗိသုကာပုံစံအတိုင်း ပြင်ဆင်ထားပါတယ်။ မြတ်စွာဘုရားရဲ့ ခြေတော်ရာအစစ်ကိုပုံပြီး တည်ထားတဲ့စေတီတော်ကို ထီးတော်အသစ်တင်လှူနိုင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

**ကျန်းမာရေးကဏ္ဍ**

မကွေးတိုင်းဒေသကြီးသည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၇၃၀၅ ဒသမ ၆၂ မိုင် ကျယ်ဝန်းကာ အိမ်ထောင်စု ၉၂၅၄၂၄ စုနှင့် လူဦးရေ ၄၁၇၆၄၄၁ ဦး နေထိုင်ပြီး ခရိုင် ၅ ခရိုင်၊ မြို့ပေါင်း ၃၀ ၊ ကျေးရွာအုပ်စု ၁၅၃၅ အုပ်စုနှင့် ကျေးရွာပေါင်း ၄၈၀၃ ရွာဖြင့် ဖွဲ့စည်းထားသည်။ တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၄၁၇၆၄၄၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းလျက်ရှိသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အဆောက်အဦရန်ပုံငွေမှ ဆောက်လုပ်သည့် လုပ်ငန်းဖြစ်သော မျက်စိဆောင်တွင် မီးစက်အိမ်ဆောက်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ရန်ပုံငွေကျပ် ၄၉၈၃၉၀၀ ဖြင့် ရေရယူသုံးစွဲမှုအဆင်ပြေစေရန် ရေတိုင်ကီအဟောင်း ၁၀ လုံးအား Fiber Tank အသစ်လဲလှယ်၍ ရေပိုက်များ အသစ်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မကွေးမြို့ သင်ကြားရေးဆေးရုံကြီး၌ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် အလျား ၁၈၄ ပေ၊ အနံ ၄၃ ပေရှိ သံကူကွန်ကရစ် အမျိုးအစား ၈ ခန်းတွဲ ၄ ထပ်တည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၆ သန်းဖြင့် အလျားပေ ၁၅၀၊ အနံ ၂၆ ပေရှိ သံကူကွန်ကရစ် အမျိုးအစား ၂ ထပ်ဆောင် ကျန်းမာရေးဝန်ထမ်းအိမ်ရာကို ဆောက်လုပ်လျက်ရှိသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)**

မကွေးတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ရပ်အနေဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖော်ဆောင်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း မြိုင်မြို့နယ် အင်းယောင်းကျေးရွာနှင့် မကွေးခရိုင်အတွင်း ချောက်မြို့နယ် မကျီးကန်ကျေးရွာတို့တွင် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) များ စတင်ဖော်ဆောင်မှုမှတစ်ဆင့် ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးပွားရရှိစေခဲ့သည်။

လူထုအခြေပြု ခရီးသွားလုပ်ငန်းများ အောင်မြင်လာသည့်အတွက် (၄) နှစ်တာကာလအတွင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာနှင့် ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျွန်းကလေးကျေးရွာတို့တွင် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)များကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**မူးယစ်ဆေးဝါးဖမ်းဆီး**

တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် စတုတ္ထ (၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်း၌ မူးယစ်ဆေးဝါးဖမ်းဆီးနိုင်မှု ၄၃ မှု ဖမ်းဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါး အလေးချိန် ၄၅၅ ဒသမ ၅၉ ဂရမ်၊ စိတ်ကြွဆေးပြား အရေအတွက် ၁၆၀၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအနေဖြင့် အဓမ္မလက်ထပ်ခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် လုပ်အားခခေါင်းပုံဖြတ်ခြင်း စသည့်အမှု ၁၂ မှုကိုကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့ဝင်များ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ အိမ်ရာစုစုပေါင်း ၁၉၅ လုံးကို ငွေကျပ် ၉၅၅ သန်းသုံးစွဲ၍ ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မီးဘေးနှင့် သဘာဝဘေးများ တုံ့ပြန်**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ပြည်သူများ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်စွာတုံ့ပြန်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၃၈ ဒသမ ၈၈၄ သန်းဖြင့် မကွေးခရိုင် မီးသတ်စခန်းအဆောက်အဦ အလျား ၁၁၃ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၆ ပေရှိ အာရ်စီ နှစ်ထပ်အဆောက်အဦ ဆောက်လုပ်ခြင်း၊ ရေစကြိုမြို့နယ် မီးသတ်စခန်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၆ ဒသမ ၈၀၀ ဖြင့် အလျားပေ ၄၀၊ အနံပေ ၄၀၊ အမြင့် ပေ ၄၀ ရှိ နှစ်ခန်းတွဲ အာရ်စီ ၄ ထပ် အဆောက်အဦတည်ဆောက်ခြင်း၊ သရက်ခရိုင် မီးသတ်စခန်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၃၈ ဒသမ ၈၈၄ သန်းဖြင့် အလျား ၁၁၃ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၆ ပေရှိ အာရ်စီ ၂ ထပ်ဆောက်လုပ်ခြင်း၊ ထီးလင်းမြို့နယ် ရေမြက်နီနယ်မြေမီးသတ်စခန်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၇ ဒသမ ၆၀၀ ဖြင့် အလျားပေ ၄၀၊ အနံပေ ၄၀၊ အမြင့် ပေ ၃၀ ရှိ ဝန်ထမ်းနေအိမ်ပါ ၂ ခန်းတွဲ အာရ်စီ ၃ ထပ် ဆောက်လုပ်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၄)နှစ်တာကာလအတွင်း မီးငြှိမ်းသတ်ယာဉ် ၆ စီး၊ အုပ်ချုပ်မှုယာဉ် ၁၈ စီး၊ ရေသယ်ယာဉ် ၆ စီး၊ အထောက်အကူပြုယာဉ် ၂ စီး၊ မီးသတ်စက်ယာဉ် ၄ စီး၊ လူနာတင်ယာဉ် ၃ စီးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၂ စီးတို့ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

**ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်မှု**

တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မင်းလှမြို့နယ်၊ မြိုင်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် ၈ ခန်းတွဲ ၅ ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်လျက်ရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခရိုင် ၅ ခရိုင်ဖြစ်သည့် သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ မင်းဘူးခရိုင်၊ မကွေးခရိုင်နှင့် ဂန့်ဂေါခရိုင်သာမက အောင်လံမြို့၊ ပွင့်ဖြူမြို့နှင့် စလင်းမြို့တို့တွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

(၄)နှစ်တာကာလအတွင်း USAID အဖွဲ့နှင့် Key Issues in Economic Reporting Training သင်တန်းတွင် SME လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ Actionaid Myanmar နှင့်ပူးပေါင်းပြီး သက်မွေးပညာနှင့် စီးပွားရေးအထောက်အကူပြု သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ HELVETAS MYANMAR နှင့်ပူးပေါင်း၍ S4RLD နှင့် S4E Project များ ဆောင်ရွက်ခြင်း၊ Canadian Executive Service Organization (CESO)နှင့် ပူးပေါင်း၍ နတ်မောက်မြို့နယ်တွင် လျှော်ဖြူခြံနှင့် စလင်းမြို့နယ်တွင် ကြာချည်ထုတ်လုပ်မှု လေ့လာခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**လွှတ်တော်ကဏ္ဍ**

ဒီမိုကရေစီနိုင်ငံ ထူထောင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် ဥပဒေပြုရေးမဏ္ဍိုင် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်အဆောက်အဦကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် တည်ဆောက်ပြီးစီးခဲ့သည်။ ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော်တွင် ယနေ့အထိ ဥပဒေ ၂၁ ခုနှင့် နည်းဥပဒေ ၁၀ ခုတို့ကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

**တိုးတက်ပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများ**

မကွေးတိုင်းဒေသကြီးအတွင်း စတုတ္ထ (၁)နှစ်တာကာလအပါအဝင် (၄)နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးလင်းရေးစသည့် ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်စုံအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အကောင်အထည်ဖော်ခဲ့ပြီး မြို့ပြမှသည် ကျေးရွာများအထိ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်မှုမှတစ်ဆင့် သိရှိနိုင်သည်။

တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများအရ ရရှိနိုင်သည့် အခွင့်အရေးများ၊ ကာကွယ်ပေးမှုများကို တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အပြည့်အဝခံစားခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



ရွှေ့လျားစာကြည့်တိုက်ဝန်ဆောင်မှု ဆောင်ရွက်ပေးနေစဉ်။



မန်းရွှေစက်တော်ဆင်စခန်းမှ ဆင်လိမ္မာလေးများ ကပြဖျော်ဖြေစဉ်။